# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့ | ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၀၂)


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
သတင်းထုတ်ပြန်ချက်
၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၁ ရက်)


၁။ စားနပ်ရိက္ခာပြတ်လပ်၍ အတိဒုက္ခရောက်လျက်ရှိသော ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ ပြည်သူများအတွက် ရိက္ခာဆန်များကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၉ ရက်နေ့၊ နေ့လယ်ပိုင်းတွင် ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ကြားသိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

၂။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းပြီး လုံခြုံရေးအခြေအနေများ ပြန်လည်ကောင်းမွန်လာချိန်တွင် ဒေသခံပြည်သူများအတွက် စားဝတ်နေရေးနှင့် ရေရှည်ဖွံ့ဖြိုးရေးအတွက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတစ်ဝှမ်းလုံးရှိ အစိုးရ၊ ပြည်သူ၊ စေတနာ့ဝန်ထမ်းများက အလေးထားကြိုးပမ်းဆောင်ရွက်နေချိန်တွင် ULA/AA အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း အဖျက်၊ အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အသက်စွန့်၍ ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သား အရာရှိ၊ စစ်သည်များအားလုံးကို အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ပြည်သူများ တစ်ဦးချင်း တစ်ဦးချင်း တာဝန်ကျေစေချင်ကြောင်း သတင်းစကားပါး




နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ တစ်ဦးချင်း တစ်ဦးချင်း တာဝန်ကျေစေချင်ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

ကျွန်မတို့ နိုင်ငံ အနယ်နယ်အရပ်ရပ်က ပြည်သူများနဲ့ video တွေ့ဆုံ ဆွေးနွေးပွဲတွေ လုပ်ခြင်းရဲ့ အကြီးမားဆုံး ရလဒ်ကတော့ COVID-19 စိန်ခေါ်မှုတွေကို ကျော်လွှားဖို့ ကြိုးပမ်းနေကြသူတွေရဲ့ အရေးကြီး လိုအပ်ချက်တွေကို သိနိုင်ခြင်းပဲ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနနဲ့ အခြားသက်ဆိုင်ရာဌာနတွေက ဆွေးနွေးပွဲပြီးတာနဲ့ ဘယ်နေရာမှာ ဘာတွေ ဖြည့်ဆည်းပေးဖို့ လိုတယ်ဆိုတာကို သုံးသပ်ပြီး လုပ်နိုင်တာတွေကို ချက်ချင်း လုပ်ပါတယ်။

ဥပမာပေးရမယ်ဆိုရင် ရောဝတီတိုင်းနဲ့ ဆွေးနွေးပြီးတာနဲ့ masks, thermometer, PPE, လက်အိတ်တွေ ဘယ်လောက်များများ၊ ဘယ်လောက်မြန်မြန် ပို့နိုင်မယ် ဆိုတာကို ကြည့်ပြီး စီစဉ်ပါတယ်။ ဝန်ထမ်းအိမ်ရာ အဆင်မပြေတာမျိုးကိစ္စကတော့ ချက်ချင်း မဖြေရှင်းနိုင်ပေမဲ့ လုပ်နိုင်မဲ့နည်းတွေ စပြီး လေ့လာနေပါပြီ။

စာမျက်နှာ ၃ ကော်လံ ၅ ✻

**❏ နိုင်ငံ အနယ်နယ်အရပ်ရပ်က ပြည်သူများနဲ့ video တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ခြင်းရဲ့ အကြီးမားဆုံး ရလဒ်ကတော့ COVID - 19 စိန်ခေါ်မှုတွေကို ကျော်လွှားဖို့ ကြိုးပမ်းနေကြသူတွေရဲ့ အရေးကြီး လိုအပ်ချက်တွေကို သိနိုင်ခြင်းပဲ ဖြစ်ပါတယ်။**


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ဝမ်းစာလည်း ရှာဖွေ ရောဂါလည်း ကာကွယ်

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်ပေါ်ထွက်လာခဲ့သည့် ကိုဗစ်-၁၉ ရောဂါသည် တစ်ကမ္ဘာလုံးသို့ ကူးစက်ပျံ့နှံ့သွားခဲ့ပြီးနောက် လေးလခန့်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မူလစတင်ခဲ့ရာ တရုတ်နိုင်ငံ၌ပင် ပြည်ပမှ ဝင်ရောက်လာသူများနှင့်အတူ ရောဂါပိုးမွှား ပြန်လည်ဝင်ရောက်လာသည့်အခြေအနေတို့နှင့် ရင်ဆိုင်နေကြရသည်။ ကမ္ဘာ့နိုင်ငံ များစွာတို့တွင်လည်း ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ ဝင်ထွက်သွားလာမှုများကို ပိတ်ပင်ကန့်သတ်မှုများ ပြုလုပ်ကြရသည့်အတွက် စီးပွားရေး၊ လူမှုရေးစသည်တို့၌ ထိခိုက်ခံစားလာကြရသည့်အခါ ရေရှည်တွင် ပြည်သူများအတွင်း မကျေနပ်မှုများ ပေါ်ပေါက်လာပြီး တားဆီးပိတ်ဆို့မှုများကို ပြန်လည်ဖွင့်လှစ်ပေးရန် တောင်းဆိုမှုများ ပေါ်ပေါက်လာသည်ကို တွေ့ရသည်။

မိမိတို့နိုင်ငံအနေဖြင့်မူ အခြားကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အတော်ပင်နောက်ကျပြီးမှ ရောဂါပိုးဝင်ရောက်ကူးစက်လာမှုကို တွေ့ရှိရပြီး ယခုတစ်လခန့်ကြာမြင့်လာချိန်တွင် ရောဂါအတည်ပြုလူနာ ၁၂၀ ကျော်၊ အဖိတ်အစဉ် ငါးဦးခန့်နှင့် ရောဂါကူးစက်ပျံ့နှံ့မှုကာကွယ်ရေးကို တစ်နိုင်ငံလုံးတွင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေရသည့် အခြေအနေဖြစ်သည်။ လက်ရှိအချိန်တွင် ရောဂါအတည်ပြုလူနာများအား ဆေးရုံတွင် ကုသမှုနှင့် ၎င်းတို့နှင့် ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်မှုတို့ကို ဦးစားပေးလုပ်ကိုင်နေပြီး တစ်ချိန်တည်းမှာပင် အိမ်နီးချင်းနိုင်ငံများမှ မိမိနိုင်ငံသားများ ပြန်လည်ဝင်ရောက်မှုများကို အသွားအလာ ကန့်သတ်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရပ်တန့်နိုင်ပြီး မြန်မာ့မြေပေါ်တွင် ရောဂါကင်းစင် ပပျောက်သွားနိုင်ရေးအတွက် အချိန်ကာလတစ်ရပ်ကို ဖြတ်သန်းကြရဦးမည်ဖြစ်ရာ ယင်းကာလအတွင်း ဖြစ်ပေါ်လာနိုင်ဖွယ် အခြေအနေအားလုံးအတွက် ကြိုတင်တွက်ဆ ပြင်ဆင်ကြရမည်ဖြစ်သည်။

ပြည်သူများအကြား ရေရှည်တွင် ဖြစ်ပေါ်လာမည့် စိုးရိမ်ပူပန်မှုမှာ နိစ္စဓူဝ ဖြေရှင်းနေကြရသည့် ဝမ်းရေးပင်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမည်ကို စိုးရိမ်ကြောင့်ကြမှုရှိကြသည့်တိုင် နေ့စဉ်ဘဝများတွင် ဝမ်းစာရေးကသာ ပထမဦးစားပေးဖြစ်သည့်အလျောက် စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး စသည်တို့ကို ရောဂါကူးစက်မှုကာကွယ်ရေး အစီအမံများနှင့်အတူ ကာလတစ်ရပ်တွင် ပြန်လည်စတင်ကြရမည်ဖြစ်သည်။ ပြီးခဲ့သည့် မေ ၂၀ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးရာတွင် “ဝမ်းစာရေး၊ စားဝတ်နေရေးအတွက် ဖြစ်ပေါ်နေသည့် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို နိုင်ငံတော်က အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း” ပြောကြားခဲ့ရာ ပြည်သူအများအားတက်ဖွယ်ရာ၊ နွေအပူတွင်းက အေးမြသည့် လေညင်းသဖွယ်ဖြစ်ခဲ့သည်။

မြန်မာ့နှစ်သစ်ကူး သင်္ကြန်ကာလနှင့် ဆက်စပ်လျက် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ကာကွယ်နိုင်ရေးအတွက် ပိတ်ထားရသည့် စက်ရုံအလုပ်ရုံများတွင် ရောဂါကာကွယ်ရေး တိကျသေချာသော အစီအမံများ ဆောင်ရွက်ထားမှုနှင့်အတူ လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း ပြန်လည်ဖွင့်လှစ်သွားနိုင်ကြမည်ဟု မျှော်လင့်မိသည်။ သက်ဆိုင်ရာဌာန တာဝန်ရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမားများ ဝိုင်းဝန်းကြိုးပမ်းကြခြင်းအားဖြင့် ရောဂါကိုလည်းကာကွယ် လုပ်ငန်းကိုလည်း လည်ပတ်နိုင်ကာ ကုန်ထုတ်လုပ်မှု ယန္တရားများ ပြန်လည်နိုးထလာမှုနှင့်အတူ စားဝတ်နေရေးအတွက် ပူပန်ရမှုများလည်း လွင့်ပျောက်ကင်းစင်နိုင်ကြမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ အမြို့မြို့အနယ်နယ်ရှိ ဈေးများတွင် ယာယီဈေးများခွဲထုတ်ဖွင့်လှစ်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအစီအမံများနှင့်အညီ ဈေးရောင်းဈေးဝယ်မပျက်ဆောင်ရွက်ကြခြင်းဖြင့် ရောင်းသူ ဝယ်သူအားလုံး အဆင်ပြေကြရသည်မှာ နမူနာတစ်ရပ်ပင်ဖြစ်သည်။

ပြည်သူတစ်ဦးချင်းစီက ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် မိမိကိုယ်ကိုယ်ကောင်းစွာ ကာကွယ်ရန် မမေ့မလျော့မပေါ့ဆခြင်းကသာ ကူးစက်မြန်ကပ်ရောဂါကို အကောင်းဆုံးတုံ့ပြန်နိုင်သည့် အသေချာဆုံး ကာကွယ်ဆေးဝါးဖြစ်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| (ဂ) | ဧရာဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားခသက်သာခွင့်နှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်






**ထားဝယ် မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားခ သက်သာခွင့်နှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ကမ္ဘာ့ကပ်ရောဂါဖြစ်သော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်းမှ ဧပြီလကုန်အထိ တစ်နိုင်ငံလုံးအတိုင်းအတာအရ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ယူနစ် ၁၅၀ ငွေကြေးကင်းလွတ်ခွင့် (အခမဲ့)ပေးရန် နိုင်ငံတော်အစိုးရက ကြေညာထားသော်လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့် မဟာဓာတ်အားလိုင်း မရှိသေးပါသဖြင့် အခက်အခဲများရှိနေပါကြောင်းနှင့် ၎င်းအခက်အခဲများကို ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ထားရှိပါကြောင်း၊ ပြည်သူများ၏ အခက်အခဲများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယူနစ် ၁၅၀ လျှော့ပေးရန် မဖြစ်နိုင်သော်လည်း တက်ရောက်လာသော ကုမ္ပဏီလုပ်ငန်းရှင်များက တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီးသုံးစွဲသူများအား လျှပ်စစ်ဓာတ်အား တတ်နိုင်သလောက် ပံ့ပိုးကူညီညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးအောင်သူရက လျှပ်စစ်ဓာတ်အား ယူနစ် ၁၅၀ လျှော့ချပေးရန်ကိစ္စနှင့် ပတ်သက်၍ ကုမ္ပဏီများက တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ကုမ္ပဏီများက လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထားဝယ်(ပြန်/ဆက်)**

## မုံရွာလူငယ်စင်တာတွင် သာမန်ဖျားနာသည့် လူနာများအတွက် အခမဲ့ဆေးခန်းဖွင့်လှစ်မည်

**မုံရွာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ လူငယ်ရေးရာကော်မတီက စီမံခန့်ခွဲသည့် “လူငယ်စင်တာ” အဆောက်အဦတွင် သာမန်ဖျားနာသည့် လူနာများကို ကုသရန်အတွက် ဆေးခန်းဖွင့်လှစ်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက လာရောက်ကြည့်ရှုသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးခန်းငယ်များမှာ ဖွင့်လှစ်ခြင်းမရှိသဖြင့် သာမန်ဖျားနာသည့်လူနာများက ဆေးရုံများသို့သွားရောက်ပြသရန် မဝံ့ရဲကြသောကြောင့် ယခုကဲ့သို့ သာမန်ဖျားနာလူနာဆေးခန်းကို ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဆေးခန်းကို တစ်ပတ်လျှင် ခြောက်ရက် အချိန်ပိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို ထပ်မံကြေညာပေးမည်ဖြစ်ပါကြောင်း လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ဦးဝေမိုးနိုင်ထံမှ သိရှိရသည်။

**မွေးကြူဇင်**

# ပြည်သူသာလျှင် အဓိက

❖ *ရှေ့ဖုံးမှ*

၄။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အရပ်သားများ သေဆုံး/ဒဏ်ရာရရှိမှုဖြစ်စဉ်များ ကြားသိရသည့်အတွက် များစွာဝမ်းနည်း စိတ်မကောင်းဖြစ်ရပါသည်။ ယင်းသို့ သေဆုံး/ဒဏ်ရာရရှိခဲ့သော အရပ်သားများ၊ ယင်းတို့၏ မိသားစုဝင်များအတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် ပံ့ပိုးကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၅။ လက်နက်ကိုင်ပဋိပက္ခကြောင့် ဆင်းရဲဒုက္ခတွေ့ကြုံနေရသည့် ဖြစ်ရပ်များမှ မိမိတို့ပြည်သူများ ကင်းဝေးနိုင်စေရန်အတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို အောင်မြင်သည်အထိ မမိုတ်မသုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

❑ **ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အသက်စွန့်၍ ရှပ်ရှပ်ချုံချုံ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သား အရာရှိ၊ စစ်သည်များ အားလုံးကို အသိအမှတ်ပြု ချီးကျူးဂုဏ်ပြု**

❑ **ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော အရပ်သားများ သေဆုံး/ဒဏ်ရာရရှိမှု ဖြစ်စဉ်များ ကြားသိရသည့်အတွက် များစွာဝမ်းနည်း စိတ်မကောင်းဖြစ်ရပါသည်။ ယင်းသို့ သေဆုံး/ဒဏ်ရာရရှိခဲ့သော အရပ်သားများ၊ ယင်းတို့၏ မိသားစုဝင်များအတွက်လည်း နိုင်ငံတော် အစိုးရအနေဖြင့် လိုအပ်သည့် ပံ့ပိုးကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားမည်**




✻ *ရှေ့ဖုံးမှ*

သူနာပြုဆရာမလေး ပြောခဲ့တာတွေထဲမှာ အထူးသတိရနေတာ တစ်ခု ရှိပါတယ်။ အချို့ ပြည်သူတွေက ကျန်းမာရေးဝန်ထမ်းတွေကို ကျေးဇူး မတင်ကြဘူး၊ လခရလို့ လုပ်တာ၊ ဘာလို့ ကျေးဇူးတင်ရမှာလဲတဲ့။ ရပိုင်ခွင့်ကို ရှေ့တန်းတင်တဲ့ ခေတ်ကြီးမှာ ဒီလိုမြင်တာ မထူးဆန်းပါဘူး။ ဒါပေမဲ့ တာဝန်ရဲ့ တန်ဖိုး၊ ကျေးဇူးရဲ့ မင်္ဂလာကို အလေးမထားတာက ဝမ်းနည်းစရာပါ။

နှစ်သစ်ကူးချိန် တစ်ချိန်က မြန်မာနိုင်ငံအတွက် ဘာဆုတောင်းချင်လဲလို့ ကျွန်မကို မေးတာ ရှိခဲ့ပါတယ်။ စိတ်ထဲမှာရှိတဲ့အတိုင်း ပြည်သူတွေ တစ်ဦးချင်း တစ်ဦးချင်း တာဝန်ကျေစေချင်တယ်လို့ ဖြေလိုက်ပါတယ်။

ဒီဆုသာ ပြည့်ရင် နိုင်ငံအတွက် အားလုံး ပြည့်စုံပါပြီ။

# သတင်းထုတ်ပြန်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ ဒေသခန့်ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးပြည့်စုံဝင်းမောင် သည် ၂၀-၄-၂၀၂၀ ရက်နေ့က ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ရာမောင်းတံတားအနီးတွင် ၎င်းမောင်းနှင်လာသည့် မော်တော်ယာဉ်အား တိုက်ခိုက်ခြင်းခံရမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး၊ အင်္ဂါနေ့ နံနက်စောစောက ကွယ်လွန်သွားကြောင်း အထူးဝမ်းနည်းစွာဖြင့် ကြားသိရပါသည်။ ယင်းဖြစ်ရပ်မှာ WHO တံဆိပ်အမှတ်အသား ထင်ရှားစွာတပ်ဆင်ထားသော မော်တော်ယာဉ်တစ်စီးကို တိုက်ခိုက်ခြင်းဖြစ်သည့်အပြင် ယင်းမော်တော်ယာဉ်သည် COVID-19 ရောဂါ သံသယရှိလူနာများ၏ နှာခေါင်းတို့ဖတ် နမူနာများအား ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနသို့ ပို့ဆောင်ရန် ထွက်ခွာလာစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း သိရှိရသည့်အတွက် ပိုမို၍ပင် တုန်လှုပ်မိပါသည်။

မြန်မာအစိုးရအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဝန်ထမ်းတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည့်အတွက် ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်ရစ်သူမိသားစုတို့အား အထူးစာနာထောက်ထား ဝမ်းနည်းကြေကွဲမိပါကြောင်း ဖော်ပြလိုပါသည်။ COVID-19 ကပ်ရောဂါအား တိုက်ဖျက်ရေးအတွက် မြန်မာအစိုးရ၏ မဆုတ်မနစ် ကြိုးပမ်းမှုများကို ကူညီပံ့ပိုးရန် လူသားချင်းစာနာထောက်ထားမှုတာဝန် ထမ်းဆောင်နေသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မော်တော်ယာဉ်တစ်စီးအပေါ် ယင်းသို့သော ပြစ်တင်ရှုံ့ချဖွယ်ရာလုပ်ရပ် ကျူးလွန်ခဲ့ခြင်းအတွက် မြန်မာအစိုးရအနေဖြင့် များစွာစိတ်မကောင်း ဖြစ်မိပါသည်။

မြန်မာအစိုးရအနေဖြင့် လက်နက်ကိုင်အဖွဲ့များကြောင့် ကြုံတွေ့နေရသည့် အခက်အခဲ စိန်ခေါ်မှုများ ရှိလင့်ကစား ကမ္ဘာ့ကပ်ရောဂါဘေး ကျော်လွှားနိုင်ရေးအတွက် ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့် အတူတကွ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အစိုးရအနေဖြင့် ယခုဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားရေးအတွက် လည်းကောင်း၊ ယခုကဲ့သို့ ရှုံ့ချဖွယ်လုပ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရန် ကာကွယ်တားဆီးရေး အတွက်လည်းကောင်း၊ ဆောင်ရွက်သွားရန် ခိုင်မာစွာ ဆုံးဖြတ်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၁ ရက်**

## စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၀) ကို ယနေ့ နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က ယခုအခါတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုမှာ ကလေးမြို့တွင် ခြောက်ဦးရှိလာပြီဖြစ်သဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ရန်ကုန်တိုင်းဒေသကြီးပြီးလျှင် မိမိတို့ စစ်ကိုင်းတိုင်းဒေသကြီးသည် ဒုတိယ ရောဂါပိုး တွေ့ရှိသည့် တိုင်းတစ်တိုင်း ဖြစ်လာကြောင်း၊ သို့ဖြစ်ပါ၍ ရောဂါ ပြန့်ပွားမှုအား ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အစီအမံကောင်းများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းပါဝင် ညှိနှိုင်းဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုအပ်ပါက မိမိတို့ အထက်ဌာနသို့ တင်ပြရမည့် လမ်းညွှန်မှုခံယူရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း လမ်းညွှန်မှု ခံယူသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး ကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်က ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

**ထွန်းကိုကို (ယင်းမာပင်)**



# ပို့ကုန်လုပ်ငန်းရှင်များထံမှ ပြည်ပတင်ပို့သည့်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန်အဖြစ် တန်ချိန် ၅၀၀၀၀ ဝယ်ယူရန် ဆောင်ရွက်သွားမည်



**နေပြည်တော် မေ ၂၁**

နိုင်ငံတော်အရန်ရိက္ခာများ ဝယ်ယူစုဆောင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဆန်ဖူလုံမှုရှိနေသည့်အတွက် စိုးရိမ်စရာမရှိပါကြောင်း၊ ပိုလျှံသည့်ဆန်များကို ပြည်ပသို့တင်ပို့လျက်ရှိရာ ပို့ကုန်လုပ်ငန်းရှင်များထံမှ ပြည်ပတင်ပို့သည့်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန်အဖြစ် တန်ချိန် ၅၀၀၀၀ ဝယ်ယူရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီအနေဖြင့်လည်း တန်ချိန် ၁၂၀၀၀ ဝယ်ယူရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အရန်ရိက္ခာအဖြစ် ဝယ်ယူရန်အတွက် ခွင့်ပြုရန်ပုံငွေလည်း ရရှိပြီးဖြစ်ကြောင်း၊ ယခု အစည်းအဝေး မတိုင်မီကတည်းကပင် အရန်ရိက္ခာထားရှိရေးနှင့် ပတ်သက်၍ အသင်းအဖွဲ့များနှင့် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးထားပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်အရန်ရိက္ခာအဖြစ် ဝယ်ယူရာတွင် သင့်လျော်သည့်ဈေးနှုန်း၊ သင့်လျော်သည့် အရည်အသွေးရှိစေရန်နှင့် သိုလှောင်ရာတွင် လေလွင့်ပျက်စီးမှုမရှိစေရန် ဆောင်ရွက်မည့် အသေးစိတ်အခြေအနေများကို အသင်းအဖွဲ့များမှ ညှိနှိုင်းဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အသင်းအဖွဲ့များနှင့် ယခင်ကတည်းကပင် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးတိုင်ပင်ခဲ့ပါကြောင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ တားမြစ်ကုန်စည်များကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်းမြင့်မားလာပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အရန်ရိက္ခာအဖြစ် ဆန်တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီ တန်ချိန် ၁၂၀၀၀ ဝယ်ယူနိုင်ရေး စီမံချက်တင်ပြ ဆောင်ရွက်ခဲ့ပါကြောင်း၊ အရန်ရိက္ခာအဖြစ် ဝယ်ယူရန် ပထမဆုံးအကြိမ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များမှ အရန်ရိက္ခာများကို ဝယ်ယူရန် ဈေးနှုန်း၊ သိုလှောင်မည့်နေရာ၊ ဖြန့်ဖြူးမည့်အစီအစဉ်များအတွက် အကြံဉာဏ်များ တင်ပြဆွေးနွေးပေးရန် ဖြစ်ပါကြောင်း၊ ပြည်တွင်းတွင် ဆန်ဖူလုံမှုရှိနေသည့်အတွက် ဆန်အတွက် စိုးရိမ်စရာမရှိပါကြောင်း၊ ပြည်ပတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန်အဖြစ် ဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်တို့မှ တာဝန်ရှိသူများက အရန်ရိက္ခာဝယ်ယူမည့် ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းရန်ကိစ္စများ၊ ဝယ်ယူမည့်ဈေးနှုန်းနှင့် အရည်အသွေးသတ်မှတ်ချက်များ၊ ထားရှိသိုလှောင်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးဆိုင်ရာ ဘဏ္ဍာရေး၊ ပြန်ကြားရေးနှင့် လှုံ့ဆော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၁**

နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ဘဏ္ဍာရေး၊ ပြန်ကြားရေးနှင့် လှုံ့ဆော်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)



ရှေးဦးစွာ နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ဘဏ္ဍာရေး၊ ပြန်ကြားရေးနှင့် လှုံ့ဆော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အသိပညာပေး ညွှန်ကြားချက်များနှင့်အညီ အသိပညာပေးလုပ်ငန်းများကို လက်ရှိဆောင်ရွက်နေသည်ထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုကြောင်း၊ သက်ဆိုင်ရာဌာနများအလိုက် အသိပညာပေးလုပ်ငန်းဆောင်ရွက်ချက်များကို ပူးပေါင်းချိတ်ဆက်၍ ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုကြောင်းနှင့် သတင်းအမှန်များကို လက်ဦးမှုရယူပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်၍ ပြည်သူလူထုကို အသိပေးခြင်းဖြင့် ကောလာဟလသတင်းအမှားများ လျော့ကျပျောက်ကွယ်သွားမည် ဖြစ်သည့်အတွက် သတင်းထုတ်ပြန်ရေးလုပ်ငန်းများကို ပိုမိုသွက်လက်စွာ ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီ အတွင်းရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းက လက်ရှိအချိန်တွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်များက သတင်းထုတ်ပြန်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**ဇော်မင်းလွင် (ပြန်/ဆက်)**

# တစ်ရက်လျှင် လူတစ်ထောင်ကျော်ခန့်ကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးနိုင်မည့်စက် မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ရန်ကုန်သို့သယ်ဆောင်

**မြဝတီ မေ ၂၁**

တစ်ရက်လျှင် လူတစ်ထောင်ကျော်ခန့်ကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးနိုင်မည့် Cobas 6800 M PCR စက်ကြီးအပါအဝင် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသည့် ကွန်တိန်နာမော်တော်ယာဉ်ကြီး သုံးစီးသည် ယနေ့ မွန်းလွဲ ၂ နာရီခန့်က ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ မြဝတီနယ်စပ် အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သယ်ဆောင်လာပြီး ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါစစ်ဆေးသည့် စက်အပါအဝင် ငွေကျပ်သိန်း ၈၀၀၀ ကျော်တန်ဖိုးရှိ ပစ္စည်းများကို AA Medical Products. Ltd က မေ ၅ ရက်က ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ကြောင်း သိရပြီး ယင်းစက်ကို ရန်ကုန်မြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲခန်းတွင် ထားရှိစစ်ဆေးသွားမည် ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။



"ဒီနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်မှာ ထိုင်းနိုင်ငံဘက်ကနေ မြဝတီနယ်စပ် အမှတ်(၂) တံတားကတစ်ဆင့် ကွန်တိန်နာကားတွေနဲ့ သယ်ဆောင်ပြီး မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်မှာ မြဝတီမြို့ကနေ ရန်ကုန်ကို ဆက်လက်ထွက်ခွာသွားပါတယ်" ဟု ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ပြောသည်။

မြဝတီဒုတိယခရိုင်အုပ်ချုပ်ရေးမှူး အောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြဝတီခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နိုင်ဦးနှင့် တာဝန်ရှိသူများက အဆိုပါစက်များအား ရန်ကုန်သို့ ဆက်လက်ပို့ဆောင်နိုင်ရေး လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၁**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ မကွေးမြို့၊ ပခုက္ကူမြို့၊ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် ရွှေဘိုမြို့၊ မြင်းမူမြို့၊ အောင်လံမြို့၊ ဂန့်ဂေါမြို့၊ ပေါက်မြို့၊ ဆင်ဖြူကျွန်းမြို့နှင့် ပြည်မြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၂၄ လက်မ၊ နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်)တွင် ၀ ဒသမ ၂၀ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၁၆ လက်မနှင့် ခန္တီးမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်



ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှုစတဲ့ အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒ့ါအပြင် အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကိုအရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် သွားလာရေး လွယ်ကူအဆင်ပြေစေရန် အလေးထား ဆောင်ရွက်လျက်ရှိရာ မိမိတို့ တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ရန်လို

နေပြည်တော် မေ ၂၁

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနမှ အကြီးအကဲများသည် ယနေ့ နံနက် ၉ နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် Video Conferencing ဖြင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။** (အောက်ပုံ)

**ထုတ်ပြန်ထားသောညွှန်ကြားချက်များလိုက်နာ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် သွားလာရေး လွယ်ကူအဆင်ပြေစေရန် အလေးထား ဆောင်ရွက်လျက်ရှိရာ မိမိတို့ တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ရန် လိုပါကြောင်း၊ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများသည် သတ်မှတ်အချိန်မီပြီးစီးရေးအတွက် ရပ်တန့်ထား၍ မရပါကြောင်း၊ သို့ပါသော်လည်း ယခုအခါ တစ်နိုင်ငံလုံးရှိ စီမံကိန်းလုပ်ငန်းခွင်များမှ အလုပ်လုပ်နေသော လုပ်သားများနှင့် ဝန်ထမ်းများအား လက်ရှိ မြန်မာနိုင်ငံတွင် ခံစားနေရသော Coronavirus Disease 2019 (COVID-19) ရောဂါနှင့် ပတ်သက်၍ အသိပညာများ ပေးသွားကြရန် လိုပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ လတ်တလော ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ ပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေရေး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်တန့်မသွားစေရေး မိမိတာဝန်ယူဆောင်ရွက်သောလုပ်ငန်းများ စီမံချက်ချဆောင်ရွက်ရန် လိုကြောင်း၊ လုပ်သားများ၊ ဝန်ထမ်းများ လုပ်ငန်းခွင်ကို စွန့်ခွာသွားမှုများ ဖြစ်ပေါ်ပါက ဌာနပိုင်စက်၊ ယာဉ်၊ ယန္တရားများနှင့် လုပ်ငန်းခွင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ကြိုတင်စီမံဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားသည်။

**ကိုဗစ်-၁၉ ဖြစ်ပေါ်နေချိန် ကူညီဆောင်ရွက်ပေး**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လုပ်ငန်းများကို ကိုဗစ်-၁၉ ကာလအတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ်အစိုးရအဖွဲ့များ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူးများအနေဖြင့် ကိုဗစ်-၁၉ ဖြစ်ပေါ်နေသည့်အချိန်တွင် ပြည်သူများအတွက် အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားပြီး ယခုအချိန်ကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများနှင့် ရေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အမြဲတမ်းအတွင်းဝန်၊ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြသည်။



**ကြုံတွေ့နေရသောအခက်အခဲတင်ပြ**

ထို့နောက် တိုင်းဒေသကြီး / ပြည်နယ် တာဝန်ခံ ညွှန်ကြားရေးမှူးများက မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ စီမံဆောင်ရွက်ထားမှုအခြေအနေ၊ လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေများနှင့် ကြုံတွေ့နေရသော အခက်အခဲများအား ပြန်လည်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် တာဝန်ခံများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် ပြည်သူများအတွက် လိုအပ်သော အကူအညီများပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အွန်လိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ပြည်နယ်/တိုင်းဒေသကြီးများရှိ ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများနှင့် အွန်လိုင်းအစည်းအဝေးကို မေ ၂၁ ရက်တွင် ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်နယ်/တိုင်းဒေသကြီးများရှိ ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများက မိမိတို့ ဒေသများအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ အသင်းဌာနချုပ်မှ ပံ့ပိုးပေးသည့် ရောဂါကာကွယ်ရေးပစ္စည်းများ ခွဲဝေသုံးစွဲနေမှုများ၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် အချိန်ပြည့်အလုပ်အမှုဆောင် ဒေါက်တာတင်ညွန့်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်ညိုညိုဝင့်က အသင်းဌာနချုပ်၏ လက်ရှိဆောင်ရွက်ချက်များ၊ အသင်းခွဲများ၏ လိုအပ်ချက်များကို ပံ့ပိုးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးကြရာ တင်ပြဆွေးနွေးချက်များအပေါ် အသင်းဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေးသည်။

အဆိုပါ အစည်းအဝေးသို့ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့်အတူ အချိန်ပြည့်အလုပ်အမှုဆောင်များ၊ ဒုတိယအထွေထွေအတွင်းရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများ၊ ကြက်ခြေနီတပ်ဖွဲ့မှူးများနှင့် ပေါင်းစပ်ညှိနှိုင်းရေး အရာရှိများ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များအတွက် လိုအပ်သည့် နည်းပညာများနှင့် ရောဂါကာကွယ်ရေးအသုံးအဆောင်များကို ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ပြည်နယ်/တိုင်းဒေသကြီးများရှိ ကြက်ခြေနီကြီးကြပ်မှုကော်မတီများနှင့်လည်း အွန်လိုင်းအစည်းအဝေးများကို စဉ်ဆက်မပြတ် ပုံမှန်ပြုလုပ်ကာ ရောဂါကာကွယ်ရေး လှုပ်ရှားဆောင်ရွက်ချက်များ၊ လိုအပ်ချက်များ၊ သင်တန်းများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်-၁၉ ကုသရေးဌာနတွင် ကိုဗစ်-၁၉ လူနာ ၅၀၀ ထားရှိနိုင်သည့်အဆင့်ထိ ဆောင်ရွက်ပြီးစီး

ရန်ကုန် မေ ၂၁

**ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ကုသရေးဌာန (COVID-19 Medical Center) ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ကိုဗစ်-၁၉ လူနာ ၅၀၀ ထားရှိနိုင်သည့်အဆင့်ထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) ကြီးကြပ်မှုကော်မတီထံ က သိရသည်။**

### စတင်ဖွင့်လှစ်

ရန်ကုန် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက "ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက COVID-19 Medical Center ရန်ကုန်(ဖောင်ကြီး) တည်ဆောက်ဖို့အတွက် ကျွန်တော့်ကို တာဝန်ပေးထားပါတယ်။ အခုအချိန်မှာ ကိုဗစ်-၁၉ ကုသရေးဌာန၊ (ဖောင်ကြီး) စတင်ဖွင့်လှစ်ဖို့ အဆင်သင့်ဖြစ်နေပြီ။ ဝေဘာဂီနဲ့ တောင်ဥက္ကလာမှာ ကိုဗစ်-၁၉ ရောဂါ လူနာတွေ ပြည့်လာပြီဆိုတာနဲ့ ကျွန်တော်တို့ သုံးပါမယ်။ နောက်ထပ် လေး၊ ငါး ရက်ဆို စသုံးဖြစ်မယ့်သဘောရှိတယ်။ တတ်နိုင်သလောက်တော့ ဟိုဘက်မှာ ထားမယ်။ ပြီးတော့မှ ဒီဘက်ကို ကျွန်တော်တို့ ပြောင်းပါမယ်။ လိုအပ်လို့ သုံးရင် အခု မေ ၂၃၊ ၂၄ ကနေ စပြီးသုံးလို့ရပါပြီ" ဟုပြောသည်။

လက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဖောင်ကြီးတွင် အခန်းပေါင်း ၇၂၀ ကို သီးခြားနေထိုင်နိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ကာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူလူနာ ၅၀၀ ကို စတင်ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အခန်း ၇၂၀ သီးခြားနေလို့ရအောင် ပြင်ဆင်ထားတယ်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်၊ အလှူရှင်တွေနဲ့ ပေါင်းပြီး အဲယားကွန်း တပ်ထားပြီးသား။ ဒီလို ပြုပြင်ပြောင်းလဲနေတာ နောက်ထပ် တစ်လမှာ ဖြစ်လာနိုင်တဲ့သူတွေနဲ့၊ နောက်ထပ် တစ်လခွဲမှာ ဖြစ်လာမယ့် သူတွေအတွက် ကြိုပြီး ပြင်ဆင်ထားတာဖြစ်တယ်။ ရိုးရိုးလူနာ ၂၄၀၊ အောက်ဆီဂျင်ပေးရမယ့် လူနာ ၂၄၀၊ ICU ဝင်ရမယ့် လူနာ ၂၀ စုစုပေါင်း ၅၀၀ ကို စဖွင့်မယ်။ အဲဒီကနေ တစ်ဆင့်လိုအပ်လာရင်လူနာ ၁၀၀၀၊ ၂၀၀၀ အထိ နေနိုင်အောင် စီစဉ်ထားတယ်" ဟု ဒေါက်တာဇော်ဝေစိုးက ပြောသည်။

လက်ရှိအချိန်ထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ လူနာ သီးသန့်ထားရှိနိုင်သည့် ဆေးရုံများအဖြစ် အထက်မြန်မာပြည် (မန္တလေးတွင်)ကန်တော်နဒီဆေးရုံနှင့် (အောက်မြန်မာပြည်)တွင် ဝေဘာဂီ အထူးကုဆေးရုံ၊ တောင်ဥက္ကလာဆေးရုံ သုံးရုံသာ ရှိနေသေးသည်။

ကိုဗစ်-၁၉ ကုသရေးဌာန၊ (ဖောင်ကြီး) တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က "ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမတော့ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ရဲ့ တည်နေရာ၊ အကျယ်အဝန်းအနေအထားအရ ကိုဗစ်-၁၉ အသွားအလာကန့်သတ်စောင့်ကြည့်ရေး စင်တာလုပ်ဖို့ စိတ်ကူးတယ်။ ဒါပေမယ့် တကယ်တမ်း ကိုဗစ်-၁၉ အတွက်ကို သီးခြားကုတဲ့ ဆေးရုံကြီးတစ်ရုံ လိုအပ်လာမယ်ဆိုရင် အခြားသောရောဂါတွေနဲ့ ရောကုရမယ့် အထွေထွေရောဂါကုဆေးရုံတွေမှာ ဒီရောဂါရှိသူတွေကို ကုလို့မဖြစ်ပါဘူး။ ဒါကြောင့် ဖောင်ကြီးမှာထားမယ့် Medical Center သည် ကိုဗစ်-၁၉ ရောဂါ သက်သက်ကိုသာ ကုသတဲ့ ဆေးရုံကြီး ဖြစ်သင့်တယ်ဆိုပြီး ဆေးရုံတစ်ရုံ တည်ဆောက်ဖို့ စီစဉ်တာပါ" ဟု ပြောသည်။

### တည်ဆောက်ရေးလုပ်ငန်းများ စတင်

"မေ ၃ ရက်က စတင်တည်ဆောက်ပါတယ်။ ဖောင်ကြီးက မူလရှိရင်းစွဲ အဆောက်အဦတွေကို နိုင်ငံတကာ စံချိန်မီ ICU (အထူးကြပ်မတ်ဆောင်)၊ လူနာခန်း၊ ကျန်းမာရေးဝန်ထမ်းတွေ နေထိုင်ဖို့ ဒါတွေအားလုံးဖြစ်အောင် အဖွဲ့အစည်းပေါင်းစုံ (မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၊ ပုဂ္ဂလိကဆေးရုံများအသင်း၊ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နဲ့ အုပ်ချုပ်ရေးပိုင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးအဖွဲ့) စတဲ့အဖွဲ့ပေါင်းစုံက အကုန်လုံး မေ ၃ ရက်က တည်ဆောက် ဆောင်ရွက်လိုက်ကြတာ ဒီနေ့ဆိုရင် အတော်လေး ပြည့်စုံနေပါပြီ" ဟု ဒေါ်နီလာကျော်က ပြောသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) တွင် ကိုဗစ်-၁၉ ကုသရေးဌာန (COVID-19 Medical Center) ထားရှိနိုင်ရေး ဆောင်ရွက်ရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်၊ အောက်မြန်မာပြည် ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က "ဗဟိုဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) က ပြည်ထောင်စုရာထူးဝန်အဖွဲ့ အောက်မှာ ရှိပါတယ်။ ဒီမှာ COVID-19 Medical Center တစ်ခု ဖြစ်ပေါ်လာတဲ့ ကိစ္စကတော့ မတ်လ ၂၇ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် လာကြည့်တယ်။ ကျွန်တော်တို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ကို တင်ပြတဲ့အခါ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးဖို့ လမ်းညွှန်ပါတယ်" ဟု ပြောသည်။

COVID-19 Medical Center (ဖောင်ကြီး) တွင် တစ်ခန်းလျှင် လူတစ်ဦးနှုန်းဖြင့် ၉၆ ဦး နေထိုင်နိုင်သည့် ဒဂုံဆောင်၊ မြတ်လေးဆောင်၊ အခန်း ၅၆ ခန်းပါဝင်ပြီး တစ်ခန်းလျှင် လူနှစ်ဦးနှုန်းနေထိုင်နိုင်သည့် ဥတ္တရဆောင်တို့မှာ လုံးဝပြီးစီးနေပြီဖြစ်ကာ ဆေးကုသမှုပေးမည့် ဆရာဝန်များနှင့် ကျန်းမာရေး အထောက်အကူပြုများ နေထိုင်ကြမည်ဖြစ်သည်။

"ဒဂုံဆောင်၊ မြတ်လေးဆောင်နဲ့ ဥတ္တရဆောင်တွေမှာ ဆေးကုသမယ့် ဆရာဝန်တွေနဲ့ ကျန်းမာရေး အထောက်အကူပြုသူ ၂၀၈ ဦး နေထိုင်ပါတယ်။ အခုလက်ရှိမှာ ဆရာဝန်နဲ့



ဒေါ်နီလာကျော် (ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)



ဦးကျော်ဝင်းဟန်(ပါမောက္ခချုပ်) ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)



ဒေါက်တာဇော်ဝေစိုး (ပါမောက္ခချုပ်) ရန်ကုန်ဆေးတက္ကသိုလ်(၁)

ကျန်းမာရေး အထောက်အကူပြု ၁၈၂ ဦး ရောက်ရှိနေထိုင်နေပါပြီ" ဟု ဦးကျော်ဝင်းဟန်က ပြောသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က "ကိုဗစ်-၁၉ Positive လူနာတွေ နေထိုင်ဖို့ သရဖီ၊ ခတ္တာ၊ ခွာညို၊ သဇင်၊ ယုဇန အဆောင်ငါးဆောင်ထားပါတယ်။ အဆောင်တစ်ဆောင်မှာ တစ်ယောက်ခန်းနဲ့ လူနာတွေ သီးသန့်နေထိုင်နိုင်တဲ့ အခန်းပေါင်း ၁၂၀ ရှိပါတယ်။ အခန်းတိုင်း အဲယားကွန်း တပ်ဆင်ပြီးဖြစ်ပါတယ်။ ရေချိုးခန်း၊ အိမ်သာ သီးသန့်စီစဉ်ပေးပြီး ဖြစ်ပါတယ်။ အခုချိန်မှာ Positive လူနာ ၆၀၀ ကို ထားရှိ ကုသပေးနိုင်တဲ့ အနေအထားပါ။ အထူးကြပ်မတ်ကုသဆောင် (ICU) အတွက် ကျွန်တော်တို့ဆီက စာသင်ဆောင် ငါးဆောင်မှာ ICU တစ်၊ နှစ်၊ သုံး၊ လေး လုပ်ပြီး ICU လူနာတွေ ထားပါမယ်။ ICU တစ်၊ နှစ်၊ သုံးမှာ ခုတင် ၁၀ လုံးစီရှိပြီး ICU လေးမှာ ခုတင် ခုနစ်လုံးရှိပါတယ်။ ICU လူနာ ၃၇ ဦးကို ကုသနိုင်တဲ့ အနေအထားပါ။ ဥက္ကလာစာသင်ဆောင်ကိုတော့ ICU လေးခုမှာ ကြပ်မတ်ကုသမယ့် ဆရာဝန်တွေ အနားယူ၊ စောင့်ကြပ်ဖို့ အခန်းလေးခန်း ဆောင်ရွက်ပြီးဖြစ်ပါတယ်"ဟု ဖြေကြားသည်။

### ကုသမှုအပိုင်း

ကိုဗစ်-၁၉ ကုသရေးဌာန (COVID-19 Medical Center) တွင် ဆရာဝန်နှင့် ကျန်းမာရေး အထောက်အကူပြုများကို ကျန်းမာရေးဝန်ကြီးဌာနမှ ၅၀ ရာခိုင်နှုန်း၊ တပ်မတော်(ဆေး)က ၂၅ ရာခိုင်နှုန်း၊ ပုဂ္ဂလိကဆေးရုံများမှ ၂၅ ရာခိုင်နှုန်းစီ ပါဝင်အားဖြည့်ထားကြောင်း ကြီးကြပ်မှုကော်မတီမှ သိရသည်။

ရန်ကုန် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက "ကုသတဲ့ နည်းပညာတွေ၊ ဆေးဝါးတွေကလည်း အခုချိန်မှာ WHO နဲ့ နိုင်ငံတကာနဲ့ အဆင့်မီ ဆေးတက္ကသိုလ် (၁) နဲ့ ဆေးတက္ကသိုလ် (၂) က ပါမောက္ခတွေ ဦးဆောင်တဲ့အဖွဲ့နဲ့ ကုသဖို့ စီစဉ်ထားပါတယ်။ ကိုဗစ်-၁၉ အကြောင်း တိတိကျကျသိတဲ့သူ ကမ္ဘာပေါ်မှာ မရှိပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကိုဗစ်-၁၉ ရောဂါဖြစ်တဲ့သူ အနည်းဆုံး တိုင်းပြည်ဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ သို့သော်လည်း အဆိုးဆုံးကိုလည်း ကျွန်တော်တို့က ပြင်ဆင်ထားဖို့လိုမယ်။ ကိုဗစ်-၁၉ ဖြစ်တဲ့ မတ် ၂၃ ရက်က စတင်တွက်မယ်ဆိုရင် နှစ်လ၊ နှစ်လခွဲဟာ ကျွန်တော်တို့ တိုင်းပြည်မှာ လူနာတွေ အများကြီးဖြစ်လာနိုင်တဲ့ အချိန်ပါ။ အဲဒီအချိန်မှာ ကျွန်တော်တို့ အဆင်သင့်ဖြစ်ဖို့ ပြင်ဆင်ထားဖို့လိုမယ်။ ဒါကြောင့် ကျွန်တော်တို့ ပြင်ဆင်နေတာဖြစ်ပါတယ်"

"ဆေးရုံကို ဖောင်ကြီးမှာ ဘာကြောင့် လုပ်ရသလဲဆိုရင် ကိုဗစ်-၁၉ ကို ရှိပြီးသားပြည်သူ့ ဆေးရုံတွေမှာ အဲဒီကနေ ဖြစ်လာတဲ့ အဖြေဟာ မကောင်းဘူးဆိုတာကို နိုင်ငံတကာမှာ တွေ့ထားပါပြီ။ ဒါကြောင့် ကျွန်တော်တို့က အခြားနဲ့ မဆက်သွယ်ဘဲ သီးခြားဆေးရုံတစ်ရုံ ဆောက်ဖို့လိုသလို ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး အထူးကုသနိုင်တဲ့ ဆေးရုံဖြစ်ဖို့လိုတယ်။ ICU (အထူးကြပ်မတ်ကုသဆောင်)ဆိုရင်လည်း နိုင်ငံတကာက ICU ပုံစံဖြစ်အောင် ပြောင်းလဲနေတယ်။ ကုတဲ့သူတွေလည်း ပိုးမကူးအောင်၊ ကုသနေတဲ့ လူနာတွေလည်း ရောဂါကို အကောင်းဆုံးကုနိုင်အောင် ပြင်ဆင်ထားတယ်။ နောက်အောက်ဆီဂျင် ပေးလို့ရတဲ့ အခန်းပေါင်း ၂၄၀ ကို ဆလင်ဒါတွေနဲ့ပေးဖို့ အဆင်သင့်ဖြစ်နေပြီ။ နောက်လေး ငါးရက်ဆို Liquid Oxygen နဲ့ ပေးဖို့ အဆင်သင့်ဖြစ်ပါမယ်။ လူ ၂၄၀ ကို သူ့အခန်းနဲ့သူ တစ်ပြိုင်နက်တည်း အောက်ဆီဂျင်ပေးနိုင်အောင် ကျွန်တော်တို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ လူ ၂၄၀ ကို အဲဒီလို ပေးနိုင်တဲ့ဆေးရုံ မြန်မာနိုင်ငံမှာ မရှိပါဘူး။ အရှေ့တောင် အာရှမှာတောင် ရှိပုံမရဘူး။ အဲဒီလို ပြင်ဆင်ထားတယ်" ဟု ပြောသည်။

ကိုဗစ်-၁၉ ကုသရေးဌာန ရန်ကုန်(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရေးအတွက် လမ်း၊ အဆောက်အဦ၊ လူနာများ အသုံးပြုရန် အောက်ဆီဂျင်၊ ဆေးရုံသုံး အမှိုက်စွန့်ပစ်မှုနှင့် စီမံအုပ်ချုပ်မှုအပိုင်း၊ ကုသမှုအပိုင်းများကို စနစ်တကျဆောင်ရွက်ထားရှိပြီးဖြစ်ကာ မကြာမီ ကိုဗစ်-၁၉ လူနာများအား လက်ခံထားရှိ ကုသပေးနိုင်တော့မည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ကုသရေးဌာန ရန်ကုန်(ဖောင်ကြီး) ကြီးကြပ်မှုကော်မတီမှ သိရသည်။

**သတင်း - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**




ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနရှိ အထူးကြပ်မတ်ကုသဆောင်များ၌ ဆရာဝန်များက စက်ပစ္စည်းများ စမ်းသပ်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန သရဖီဆောင်ရှိ လူနာများ ဆေးကုသနေထိုင်မည့် အခန်းများကို တွေ့ရစဉ်။

# ရေဝတီဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးတွင် အသုံးပြုရန် အလှူငွေနှင့် အစားအသောက်များလှူဒါန်း

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းစဉ်များတွင် ရေဝတီဖောင်ဒေးရှင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး တောင်ဥက္ကလာပ အထူးကုဆေးရုံနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ အလှူငွေများ သွားရောက်လှူဒါန်းသည်။

ရေဝတီဖောင်ဒေးရှင်း အမှုဆောင် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် တာဝန်ရှိသူများက တောင်ဥက္ကလာပ အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးနှင့် ဆရာဝန်ကြီးများအား သွားရောက်တွေ့ဆုံကာ လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၃၀၀ လှူဒါန်းခဲ့ပြီး ရေဝတီဖောင်ဒေးရှင်း၏အစီအစဉ်ဖြင့် နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်မှ အစားအသောက်များ နေ့စဉ်ပေးပို့လှူဒါန်းရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဝေဘာဂီ အထူးကုဆေးရုံကြီးတွင် လိုအပ်သည်များ ထပ်မံဖြည့်ဆည်းနိုင်ရန် ငွေကျပ်သိန်း ၂၀၀ လှူဒါန်းခဲ့သည်။ ရေဝတီဖောင်ဒေးရှင်းသည် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကလည်း ငွေကျပ်သိန်း ၅၀၀ လှူဒါန်းထားပြီးဖြစ်သည်။ ရေဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉




ရောဂါ စောင့်ကြည့်ခံရသူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနေသည့် ဝန်ထမ်းများအတွက် မတ် ၂၃ ရက်မှစ၍ အစားအသောက်များ စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိပြီး လျှောင်းတော်ဦး ဘုန်းတော်ကြီးကျောင်း၊ အောင်အကယ်ဒမီ၊ သဲအင်းဂူ၊ သိမ်ဖြူ၊ တောင်ဥက္ကလာပဆေးရုံ၊ ပုလဲကွန်ဒို၊ အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)၊ သုဝဏ္ဏဘောလုံးကွင်းမှ စောင့်ကြည့်ခံနေရသူများအတွက် နေ့စဉ်လှူဒါန်းလျက်ရှိသည်။ ထို့ပြင် စေတနာ့ဝန်ထမ်းများအတွက် Max Hotels Group၊ နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်တို့နှင့် ပူးပေါင်း၍ အစားအသောက်များ လိုအပ်သလို ပေးပို့လှူဒါန်းလျက်ရှိကာ နေရေးထိုင်ရေး အခက်ကြုံနေသည့် ဝေဘာဂီဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ရေဝတီဘဏ်သင်တန်းကျောင်းတွင် ထားရှိကာ နေထိုင်စားသောက်သွားလာရေးနှင့် အခြားလိုအပ်သည်များ ပံ့ပိုးပေးလျက်ရှိသည်။

ရေဝတီဖောင်ဒေးရှင်း၊ AYA Bank၊ Max Myanmar Group ကုမ္ပဏီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့သည် ကိုဗစ်-၁၉ ရောဂါ ကုသ၊ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပြီး အလှူငွေများအဖြစ်ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ကျပ်သိန်း ၇၀၀၊ ရန်ကင်းကလေးဆေးရုံသို့ ကျပ်သိန်း ၅၀၀၊ တောင်ဥက္ကလာပ အထူးကုဆေးရုံကြီးသို့ ကျပ်သိန်း ၃၀၀ နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေး အာမခံ ကျပ်သိန်း ၅၀၀၀ တို့ကို လှူဒါန်းထားသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ကျပ်သိန်း ၄၇၀၀ ဝန်းကျင်တန်ဖိုးရှိ ဆန်အိတ် ၁၇၅၀၀ တို့ကို သက်ဆိုင်ရာ အစိုးရအဖွဲ့များမှတစ်ဆင့် လှူဒါန်းထားပြီး အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာ ငါးခုမှ စောင့်ကြည့်ခံရသူများ၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်သွားလာရေးနှင့် အစားအသောက်ကျွေးမွေးမှုအတွက် ကျပ်သိန်း ၂၈၀၀ ဖြင့် မေ ၂၁ ရက်အထိ ကျပ်သိန်း ၁၄၀၀၀ ကျော် လှူဒါန်းထားပြီးဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-ရေဝတီဖောင်ဒေးရှင်း**

## ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း မိုဘိုင်းဖုန်းအော်ပရေတာများ၏ ဝန်ဆောင်ခနှုန်းများ လျှော့ချသတ်မှတ်ပေး

ရန်ကုန် မေ ၂၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် ရရှိရန် အထောက်အကူပြုစေရေး၊ Work From Home ပြုလုပ်သူများအတွက် ဆက်သွယ်ရေးကိစ္စရပ်များ အဆင်ပြေစေရေး၊ အများပြည်သူများ သက်သာသောနှုန်းထားဖြင့် ဆက်သွယ်ပြောဆိုနိုင်ရန် ရည်ရွယ်၍ မိုဘိုင်းဝန်ဆောင်ခနှုန်းထားများ အနိမ့်ဆုံးနှုန်းထား သတ်မှတ်ချက်ကို မတ် ၂၇ ရက်မှ ဇွန် ၃၀ ရက်အထိ ဖြေလျှော့ပေးခဲ့သည်။

အော်ပရေတာများအနေဖြင့် ယခုကာလအတွင်း မိမိတို့၏ အကျိုးစီးပွားကို အဓိကမထားဘဲ အများပြည်သူများ သက်သာသော နှုန်းထားဖြင့် သုံးစွဲနိုင်ရေးအတွက် အော်ပရေတာများ၏ ဝန်ဆောင်ခနှုန်းထားများ လျှော့ချရန် တိုက်တွန်းခဲ့ရာ မိုဘိုင်းအော်ပရေတာ လေးခုဖြစ်သည့် MPT၊ Telenor၊ Ooredoo နှင့် Mytel တို့က ၎င်းတို့၏ မိုဘိုင်းဝန်ဆောင်ခနှုန်းထား လျှော့ထားမှုများကို မေ ၂၀ ရက်က ထပ်မံထုတ်ပြန်ပေးခဲ့သည်။

"လောလောဆယ် ကိုဗစ်-၁၉ ထိန်းချုပ်ကာလ သုံးလအတွင်း လျှော့ပေးထားတဲ့ မိုဘိုင်းဝန်ဆောင်ခနှုန်းထားတွေကို ကြေညာပေးထားပါတယ်။ ဒါပေမယ့် သုံးလကျော်ရင် ထပ်လျှော့ပေးဖို့ အော်ပရေတာတွေကို လျှော့ခိုင်းထားပါတယ်။ ပြည်သူတွေ ဒုက္ခရောက်နေတဲ့အချိန်မှာ အော်ပရေတာတွေဘက်က တတ်နိုင်သလောက် လိုအပ်သလို အခမဲ့ပဲ ပေးပေး၊ သက်သက်သာသာပေးပါလို့ တိုက်တွန်းထားပါတယ်။ လျှော့ပေးထားတာတွေကို ဇယားနဲ့ PTD မှာ ကြေညာပေးထားပါတယ်။ ဒါမတိုင်မီက ယှဉ်ပြိုင်မှုကို မထိခိုက်အောင် ထိန်းထားတဲ့သဘောပါ။ အလကားပေးရင် တစ်ခုခုဖြစ်မှာ စိုးလို့ပါ။ ဒီအချိန်က အလကားပေးလည်း ရပါတယ်။ ဒီကာလကြီး ကျော်သွားရင်လည်း အော်ပရေတာတွေက သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ပြန်စဉ်းစားရမှာပါ။ ကျွန်တော်တို့ကတော့ လျှော့ပေးစေချင်ပါတယ်" ဟု ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေက ပြောသည်။

MPT က ဖေ့စ်ဘွတ်တွင် ဗီဒီယိုမှအပ အခမဲ့ သုံးနိုင်ပြီဖြစ်ကြောင်း မေ ၂၀ ရက်တွင် ကြေညာထားသည်။ MyTel က အချင်းချင်း ဖုန်းပြောဆိုမှု အခမဲ့နှင့် ဖြည့်ငွေပမာဏ၏ တစ်ဝက်ကို ဘောနပ်လက်ဆောင်များ ပေးခြင်းအပြင် အော်ပရေတာအားလုံး၏ ဆင်းကတ်များ မှတ်ပုံတင်ပါက ဒေတာ လက်ဆောင်များကိုလည်း ပေးအပ်လျက်ရှိသည်။ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က မိုဘိုင်းအော်ပရေတာများနှင့် ညှိနှိုင်းစည်းဝေးပြီးနောက် မေ ၁ ရက်တွင် မိုဘိုင်းအော်ပရေတာများအား ဝန်ဆောင်ခနှုန်းထားများအပေါ် အပိုဝန်ဆောင်မှုများ ပေးထားကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ပထမအကြိမ် ကြေညာခဲ့သည်။

**သန့်ဇင်ဝင်း**



## မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ မြစ်သားမြို့နယ်သို့ PPE ဝတ်စုံများလှူဒါန်း

မြစ်သား မေ ၂၁

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ မြစ်သားမြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံလေးခု၊ ကျေးလက်ကျန်းမာရေးဌာနလေးခုတို့သို့ PPE ဝတ်စုံ ၈၀ ကို မေ ၁၉ ရက်က ပေးအပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စား နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး တိုးမြင့်ကျော်က PPE ဝတ်စုံများကို မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံအတွက် အစုံ ၂၀၊ ရွာခိုင်ကြီး၊ ကူမဲ၊ မိုင်းမော၊ ငွေ့တိုက်နယ်ဆေးရုံ များအတွက် တစ်တိုက်လျှင် ၁၀ စုံစီနှင့် ရစ်ကန်၊ သပြေတောင်း၊ ရေဝန်း၊ ဒါးရဲကောင်း ကျေးလက်ကျန်းမာရေးဌာနများသို့ တစ်တိုက်လျှင် ငါးစုံစီကို သွားရောက်ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာစိန်ပို နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဆုမွန်(ပြန်/ဆက်)**

## ရွှေဘိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရွှေဘို မေ ၂၁ - စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများ ပူးပေါင်း၍ မေ ၂၁ ရက် နံနက် ၈ နာရီခွဲက ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာရှိ မြသိန်းတန်စေတီ၊ ဇမ္ဗူညွန့်ကျောင်းတိုက်၊ အောင်ရတနာဘုန်းကြီးကျောင်းများသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း၊ သံဃာတော်များအား ကိုယ်အပူချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၀-၄-၂၀၂၀) နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီခံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၁၀-၃-၂၀၂၀) နေ့မှ (၃-၄-၂၀၂၀)နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ၁၂ ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် နှစ်ဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေ ၁၂ ဦး၊ ပေါင်း ၁၅ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ကိုးဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၄၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၈၅၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၉၉ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၇၉၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## တရုတ်နိုင်ငံ လုံချွမ်ခရိုင်မှ မြန်မာနိုင်ငံသို့ ခြောက်ရက်အတွင်း ဝင်ရောက်လာသူ နှစ်ထောင်ကျော်ရှိ၊ နောက်ထပ်ဝင်ရောက်သူဦးရေ လျှော့နည်းလာ

လွယ်ဂျယ် မေ ၂၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လုံချွမ်ခရိုင်မှ မြန်မာနိုင်ငံသို့ နေရပ်ပြန်ဝင်ရောက်လာသူများအား မေ ၁၆ ရက်မှ စတင်လက်ခံဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်အထိ ဝင်ရောက်လာသူ မြန်မာနိုင်ငံသား ၂၀၁၀ အထိ ရှိလာပြီး တဖြည်းဖြည်း ဝင်ရောက်လာသူဦးရေ လျော့နည်းသွားကြောင်း သိရသည်။**

မေ ၂၁ ရက်တွင် မြစ်ကြီးနားမြို့နယ်သို့ နေရပ်ပြန်ရှစ်ဦး၊ ဝိုင်းမော်မြို့နယ်မှ နေရပ်ပြန်တစ်ဦး၊ မိုးကောင်းမြို့နယ်မှ ၁၇ ဦး၊ မိုးညှင်းမြို့နယ်မှ နှစ်ဦး၊ ဖားကန့်မြို့နယ်မှ သုံးဦးနှင့် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ်မှ နေရပ်ပြန် ၆၄ ဦး၊ မိုးမောက်မြို့နယ်မှ ၇၈ ဦး၊ ရွှေကူမြို့နယ်မှ နေရပ်ပြန် ၁၁ ဦး၊ မန်စီမြို့နယ်မှ လေးဦးတို့အား မော်တော်ယာဉ် ၂၀ ဖြင့် ဗန်းမော်ခရိုင်အတွင်း မြို့နယ်များရှိ နေရပ်ပြန်များအား မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာရှိ စုရပ်စခန်းသို့ လည်းကောင်း၊ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်သို့ နေရပ်ပြန်များအား မြစ်ကြီးနား စီတာပူကုန်ချစခန်း စုရပ်သို့ လည်းကောင်း ပို့ဆောင်ပေးလျက်ရှိသည်။

၎င်းတို့အပြင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံများတွင်ထားရှိပြီး အသွားအလာကန့်သတ်နေရာတွင် အမျိုးသား ၁၆၉ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၂၂၉ ဦးတို့ကို စောင့်ကြည့်ရေးကာလ ၂၁ ရက် ထားရှိပြီး လိုအပ်သည့် အစီအမံများ ဆောင်ရွက်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံမှ ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးမှုများအရ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သံသယရောဂါ လက္ခဏာပြသူတစ်ဦး တစ်ယောက်မျှ မတွေ့ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**

● *ကျောဖုံးမှ*

ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ဖြေရှင်းနိုင်ရန် အာရှ-ပစိဖိတ်ဒေသရှိ ခေါင်းဆောင်များ အကြား ပုံမှန်ထိတွေ့မှုများ ဆောင်ရွက်သွားရန် ကျင်းပခြင်း ဖြစ်သည်။

အစည်းအဝေးတွင် ဒေသတွင်း စည်းလုံးမှုကို ပိုမိုခိုင်မာစေခြင်းနှင့် အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုများ သက်သာစေရန်နှင့် စီးပွားရေး ပြန်လည်ထူထောင်ရေး ကိစ္စရပ်များ အတွက် ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အသိအမြင်များ ဖလှယ်ခြင်းနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီးက ဆွေးနွေးရာတွင် လူသားတို့၏ ရှင်သန်ရေးနှင့် စားဝတ်နေရေး သာမက ကမ္ဘာ့စီးပွားရေးနှင့် ဖွံ့ဖြိုး တိုးတက်မှုအပေါ် ဆိုးရွားစွာ ထိခိုက် စေလျက်ရှိသော ကိုဗစ်-၁၉ ကပ်ရောဂါသည် နေရာဒေသမရွေး ဖြစ်ပွားနိုင်သည့်အတွက် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးပါလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ အလွန်ဒေသတွင်း စီးပွားရေးနှင့် ကမ္ဘာ့စီးပွားရေး တစ်ရပ်လုံး ပြန်လည်နိုးထရေးအတွက် ဆောင်ရွက်ရာတွင် လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံချင်း ရပ်တည်၍ ဆောင်ရွက်ရုံမျှနှင့် မလုံလောက်နိုင်ကြောင်း၊ အထူးသဖြင့် ဒေသတွင်း ရိက္ခာဖူလုံရေး၊ ရောဂါကာကွယ် ကုသရေးနှင့် စီးပွားရေးများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရန် အတွက် ဘဏ္ဍာရေးအကူအညီ အထောက်အပံ့များ ရရှိရေးမှာ လည်း အရေးကြီးသကဲ့သို့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဦးစားပေးအဆင့်အလိုက် လွယ်ကူ ချောမွေ့စွာ လည်ပတ်နိုင်ရေးလည်း အရေးကြီးကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံ ချင်းသာမက နိုင်ငံတကာမိတ်ဖက် များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အာဆီယံဒေသတွင်းနှင့် ကမ္ဘာ့စီးပွား ရေးဖိုရမ်၏ မိတ်ဖက်များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း ဖြင့် ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက် ချိတ်ဆက်နိုင်ရန်၊ ဈေးကွက်ပွင့်လင်း စေရန်၊ အရေးပေါ်နှင့် ရေရှည်ဖွံ့ဖြိုးမှု အကူအညီများကို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဆိုးကျိုး သက်ရောက်မှုများ ဖြစ်စေနိုင်မည့် ကဏ္ဍများသို့ ထောက်ပံ့ပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

အုပ်ချုပ်မှုယာဉ်အပါအဝင် ယာဉ်ကြီး ခြောက်စီးတို့ဖြင့် ဇေယျ့ရိပ်သာဝင်းအတွင်းရှိ လမ်းများအားပိုးသတ်ဆေးဖျန်းခြင်းနှင့် စောင့်ကြည့်သူများထားရှိရာ အဆောင်များကို ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်သည်။

နေပြည်တော် စည်ပင်ဇေယျ့ရိပ်သာအား အသွားအလာကန့်သတ်ခြင်းအဖြစ် မတ် ၂၇ ရက်တွင် စတင်ခဲ့ကြောင်း၊ စတင်ချိန်မှစ၍ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၆၂၀ ဦး ရှိကြောင်း၊ သတ်မှတ်စောင့်ကြည့်ကာလပြီးမြောက်သူ ၄၂၄ ဦးအား နေရပ်များသို့ ပြန်လည်စေလွှတ်ခဲ့ပြီး ၁၉၆ ဦးအား စောင့်ကြည့်နေဆဲဖြစ်ကြောင်းနှင့် စောင့်ကြည့်ဝန်ထမ်းများအနေဖြင့် ဧပြီ ၂၀ ရက်အထိ စာရင်းများအရ ၂၅၃ ဦးရှိကြောင်း သိရသည်။

နေပြည်တော် စည်ပင်ဇေယျ့ရိပ်သာ အသွားအလာကန့်သတ်ခြင်းတွင် သတ်မှတ်စည်းကမ်း ဖောက်ဖျက်၍ အရေးယူမှုများလည်း ရှိခဲ့ကြောင်း သိရသည်။ နေပြည်တော်စည်ပင်ဇေယျ့ရိပ်သာ အသွားအလာကန့်သတ်ခြင်းတွင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအနက် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများမှာ အများဆုံးဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)၊ ခင်ဇော်(မင်္ဂလာ)**

# ကိုဗစ်-၁၉ရောဂါထိန်းချုပ်နိုင်ရေးအတွက် စစ်ဆေးမှုအကြိမ် ၂၁၀၀၀ ပြုလုပ်နိုင်မည့် PCR Test Kit များနှင့် အခြားအကူအညီများ ဂျပန်နိုင်ငံမှ ပေးအပ်

**ရန်ကုန် ဧပြီ ၂၁**

ဂျပန်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံနှင့်အတူ လက်တွဲပူးပေါင်းခြင်းဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် အစွမ်းကုန်ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးက ယနေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ကြေညာလိုက်သည်။

"ကိုဗစ်-၁၉ ကူးစက်မှုက ပိုမိုပျံ့နှံ့လာပြီး မြန်မာနိုင်ငံက အခက်အခဲကြုံတွေ့နေရတဲ့ အခြေအနေမှာ ဂျပန်နိုင်ငံဟာ ဒီအခက်အခဲကို ကျော်လွှားနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေနဲ့အတူတူ ရှိနေပါတယ်။ ဂျပန်နိုင်ငံဟာ အစိုးရ၊ ပုဂ္ဂလိက အတူတကွ ပူးပေါင်းပြီး မြန်မာနိုင်ငံသားတွေ အားလုံးရဲ့ အခက်အခဲကို ကျော်လွှန် အောင်မြင်နိုင်စေဖို့ အလေးအနက် ဆုတောင်း မေတ္တာပို့သနေပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ မာရုယာမာက ယနေ့တွင် ပြောကြားသည်။



ဓာတ်ခွဲနမူနာများအား စနစ်တကျဖြင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) သို့ ယူဆောင်လာသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - (NHL)

### ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးနိုင်ရန်ကူညီ

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(ဂျိုက်ကာ) မှ ဖေဖော်ဝါရီ ၂၅ ရက်တွင် ကိုဗစ်-၁၉ စစ်ဆေးမှုအကြိမ်ပေါင်း ၁၀၀၀ ခန့် ပြုလုပ်နိုင်သည့် PCR Test Kit များကို အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) သို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဂျပန်လူမျိုး ကျွမ်းကျင်ပညာရှင်များက စစ်ဆေးမှုနည်းစနစ်များအား သင်ကြားပြသပေးခြင်း၊ နည်းပညာများ ဖြန့်ဝေခြင်းတို့ကိုပြုလုပ်ပေးခဲ့သဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ကာ စစ်ဆေးဓာတ်ခွဲခဲ့ရသည့် အခြေအနေမှ လွန်မြောက်ကာ မြန်မာနိုင်ငံအတွင်းမှာပင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ရှိ မရှိကို စစ်ဆေးအတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ စစ်ဆေးမှုအရေအတွက် များပြားလာသည်ကို မြင်တွေ့ရသောကြောင့် ဧပြီ ၉ ရက်တွင်လည်း ဂျိုက်ကာမှ စစ်ဆေးမှု အကြိမ် ၁၀၀၀၀ စာ test kit များကို ထပ်မံပေးအပ်ခဲ့သည့်အပြင် ဧပြီ ၂၂ ရက်တွင်လည်း စစ်ဆေးမှုအကြိမ် ၁၀၀၀၀ စာ test kit များကို ထပ်မံ လွှဲပြောင်းပေးအပ်သွားမည်ဟု သိရှိရသဖြင့် စုစုပေါင်း စစ်ဆေးနိုင်မှု အကြိမ် ၂၁၀၀၀ ခန့် ပြုလုပ်နိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ထမ်းများအတွက် ကူးစက်ကာကွယ်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေး ရုပ်သံအစီအစဉ်များကို ဂျိုက်ကာမှ ရိုက်ကူးပေးနိုင်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။ ဧပြီ ၁၄ ရက်တွင် ဓာတ်ခွဲနမူနာစစ်ဆေးမှုများကို ပိုမိုတိကျစွာနှင့် လုံခြုံမှုရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် ဓာတ်ခွဲနမူနာများ ရယူခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်ကို တိတိကျကျ လုပ်ဆောင်နိုင်စေရန် ညွှန်ကြားချက်များကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် ရုပ်သံအစီအစဉ်ကိုလည်း ရိုက်ကူးပေးနိုင်ခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက် အရသိရှိရသည်။

ထို့ပြင် ကျန်းမာရေးဝန်ထမ်းများသို့ ရောဂါကူးစက်မှု ကာကွယ်ရန်အတွက် တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ PPE ကို စနစ်တကျဝတ်ဆင်ခြင်းနှင့် ချွတ်၍စွန့်ပစ်ခြင်း နည်းစနစ်များကို သရုပ်ဖော်သင်ကြားပေးသည့် အစီအစဉ်ကိုလည်း ရိုက်ကူးပေးခဲ့ပြီး ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန အင်တာနက်စာမျက်နှာနှင့် ဖေ့စ်ဘွတ်ခ် စာမျက်နှာများတွင် ထုတ်လွှင့်ပေးနိုင်ခဲ့ကြောင်း သိရသည်။

### ကုသရေးဆိုင်ရာ ပစ္စည်းများထောက်ပံ့

ဂျပန်စီးပွားရေး ကုမ္ပဏီ KITAJIMA မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့၏ မေတ္တာရပ်ခံချက်အရ ဧပြီ ၂၁ ရက်တွင် ဖောင်ကြီး ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန၌ အသုံးပြုနိုင်ရန်အတွက် Medical Oxygen Gas များ ကူညီပေးအပ်ခဲ့ကြောင်း သိရသည်။

ဖောင်ကြီး ကိုဗစ်-၁၉ ရောဂါကုသရေးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ရှိပြီး ရက်တရက် တိုးပွားများပြားလာသော ရောဂါကူးစက်သူလူနာများကို ဆေးကုသမှုပေးနိုင်ရန်နှင့် စောင့်ကြပ်ကြည့်ရှုကာ ကျန်းမာရေးစောင့်ရှောက်နိုင်ရန် ရည်ရွယ်၍ ဗဟိုဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) တွင် မွမ်းမံပြင်ဆင်ထားသည့် ကုသရေးဌာနဖြစ်သည်။ ဆေးကုသရာတွင် လိုအပ်မည့် ကုသရေးဆိုင်ရာ စက်ကိရိယာများကို ဂျပန်ကုမ္ပဏီက ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

**ခင်ရတနာ**

# မော်လိုက်မြို့၌ အငြိမ်းစားပင်စင်လစာများကို လူစုလူဝေးမဖြစ်စေရေး ငွေထုတ်ကောင်တာနှစ်ခုဖွင့်၍ ထုတ်ပေးလျက်ရှိ

**မော်လိုက် ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အငြိမ်းစားများ၏ ပင်စာလစာများထုတ်ပေးရာတွင် လူစုလူဝေးများ မဖြစ်စေရေး



ငွေထုတ်ကောင်တာ နှစ်ခုဖွင့်၍ ဧပြီ ၂၁ ရက် နံနက် ၇ နာရီမှစတင်၍ ပင်စင်လစာများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မော်လိုက်မြို့တွင် ပုံမှန်လများ၌ အငြိမ်းစားများ၏ ပင်စင်လစာများ ထုတ်ပေးရာတွင် အခုလို ပထမနေ့ဆိုလျှင် တစ်ရက်ကို ငွေလာရောက်ထုတ်ယူသူ ၂၀၀ ကျော်ခန့် ရှိကာ Smart Card များကို ထပ်၍ မိမိအလှည့်ရောက်မှသာ ငွေကို ထုတ်ယူစေပြီး ငွေထုတ်ကောင်တာ တစ်ခုဖြင့်သာ ပင်စင်လစာငွေများကို ထုတ်ပေးခဲ့ကြောင်း မော်လိုက်ခရိုင် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဒေါ်မွန်မွန်အောင်ထံက သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူစုလူဝေးများ မဖြစ်စေရန် ငွေထုတ်ကောင်တာကို နှစ်ခုဖွင့်လှစ်ပေးထားပြီး စောင့်ဆိုင်းစရာမလိုဘဲ ရုံးသို့ ရောက်ရောက်ချင်း ပင်စင်လစာငွေများ ထုတ်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးထားကြောင်း၊ ငွေထုတ်ရာတွင်လည်း တစ်ဦးနှင့်တစ်ဦး နီးကပ်မှုမရှိစေရေးအတွက် နေရာများ သတ်မှတ်ပေးထားခြင်း၊ ရုံးထဲသို့ ဝင်လျှင် လက်ဆေးခြင်း၊ ကိုယ်အပူ ချိန်တိုင်းတာခြင်းများနှင့် နှာခေါင်းစည်းများ တပ်ဆင်ရန်တို့ကို ကျန်းမာရေးဝန်ထမ်းများက စစ်ဆေးဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ပင်စင်လစာထုတ်ယူသူများအနေဖြင့် ပင်စင်လစာများကို ဧပြီ ၂၁ ရက်မှ မေလ ၂၀ ရက်အထိ ရုံးဖွင့်ရက်များတွင် ထုတ်ယူနိုင်ကြောင်းကို ပြည်သူများ သိရှိစေရန် ကြော်ငြာသင်ပုန်းဖြင့် ကြော်ငြာပေးထားကြောင်းနှင့် မော်လိုက်မြို့တွင် တစ်လလျှင် အငြိမ်းစားပင်စင် ထုတ်ယူသူဦးရေ ၅၄၁ ဦးရှိကြောင်း သိရသည်။

**မော်လိုက်သားလေး**

# သီပေါမြို့၌ အငြိမ်းစားပင်စင်ထုတ်ယူရာတွင် လူစုလူဝေးမဖြစ်စေရေး ကြိုတင်စီစဉ်ထားရှိ

**သီပေါ ဧပြီ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ပင်စင်လစာငွေများ ထုတ်ယူရာတွင် လူစုလူဝေးမဖြစ်စေရေးအတွက် သုံးပေစီခြား ထိုင်ခုံများ စီစဉ်ထားရှိကာ ယနေ့မှစ၍ ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ပင်စင်လာရောက်ထုတ်ယူသည့် မိဘပြည်သူများလက်ဆေးနိုင်ရန် ရုံးအဝင်ပေါက်တွင် လက်ဆေးဆပ်ပြာရည်နှင့် လက်ဆေးဘေစင်ထားရှိပေးကာ လက်ဆေး၊ နှာခေါင်းစည်တပ်ဆင်ပြီးမှ ထုတ်ယူခွင့်ပြုလျက်ရှိကြောင်း၊ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာအနေအထားဖြင့် တစ်ဦးချင်းစီဝင်ရောက်ထုတ်ယူရန်နှင့် ရုံးတွင်းသို့ လူစုလူဝေးမဝင်ရောက်နိုင်ရန် ပင်စင်ကတ်ထပ်မည့် စားပွဲကို ရုံးပြင်တွင် စနစ်တကျစီစဉ်ထားရှိပေးကြောင်း သီပေါစီးပွားရေးဘဏ် မန်နေဂျာ ဒေါ်အေးမင်းစန္ဒာထွေးက ပြောသည်။

သီပေါမြို့နယ်တွင် အငြိမ်းစားပင်စင်ဦးရေ ၁၅၁၁ ဦးရှိပြီး အသက်အရွယ်ကြီးသူပင်စင်စားများအနေဖြင့် ကိုယ်တိုင်မထုတ်ယူနိုင်ပါက မိမိ၏မိသားစုဝင်တစ်ဦးအား ကိုယ်စားလှယ်လွှဲစာဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံဆု (ASEAN Prize 2020) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည် -

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ယင်းဆုကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် (၃၇) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆုကို မလေးရှားနိုင်ငံမှ Dr.Jemilah Mahmood က အာဆီယံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည် ဖြစ်ပါသည်။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့် ပတ်သက်သည့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅) မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်)အကျဉ်းချုပ် ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-1/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရုံးဖွင့်ရက်ဖြစ်သော်လည်း ခရီးသွားပြည်သူနည်းပါး

**ရန်ကုန် မေ ၂၁**

ကိုဗစ် - ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရုံးဖွင့်ရက်ဖြစ်သော်လည်း ခရီးသွားပြည်သူ နည်းပါးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ၏ ထုတ်ပြန်ချက်များအရ သိရသည်။

သင်္ကြန်ရုံးပိတ်ရက်များအပြီး မေ ၂၀ ရက်မှစ၍ အစိုးရရုံးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများ အလုပ်အကိုင်များ ပြန်လည်ဖွင့်လှစ် လည်ပတ်လျက်ရှိသော်လည်း ရန်ကုန်မြို့ရှိ ပြည်သူလူထု၏ သွားလာမှုမှာ နည်းပါးလျက်ရှိကြောင်း သိရသည်။

YRTA ၏ ထုတ်ပြန်ချက်များအရ မေ ၂၀ ရက်တွင် YBS ယာဉ်လိုင်းပေါင်း ၉၇ လိုင်းမှ မော်တော်ယာဉ် အစီးရေ ၁၃၀၀ ဖြင့် ခရီးသည် ၁၃၇၆၈၈ ဦးကို သယ်ယူပို့ဆောင်ပေးခဲ့ပြီး မေ ၂၁ ရက်တွင် YBS ယာဉ်လိုင်းပေါင်း ၉၉ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၁၄၃၀ ဖြင့် ခရီးသည် ၁၇၇၉၁၆ ဦးကို သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ နေ့စဉ် ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းအရေအတွက်နှင့် မော်တော်ယာဉ်အစီးရေမှာ နေ့စဉ်သွားလာမှုရှိသော ပြည်သူများ၏ အခြေအနေအရလည်းကောင်း၊ ယာဉ်မောင်းများ၏ ပါဝင်ဆောင်ရွက်နိုင်မှုအခြေအနေအရ လည်းကောင်း စီမံပြေးဆွဲရခြင်းဖြစ်ကြောင်း သိရသည်။

ကိုဗစ် - ၁၉ ရောဂါမဖြစ်ပွားမီက ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်လိုင်းနံပါတ်ဖြင့် ပြေးဆွဲနေသည့် ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းရှိပြီး ပြေးဆွဲလမ်းကြောင်းပေါင်း ၁၀၀ ကျော် ရှိကာ ယာဉ်အစီးရေပေါင်း ၄၄၀၀ ကျော်ဖြင့် ခရီးသွားပြည်သူ ၁ ဒသမ ၉ သန်းခန့်ကို နေ့စဉ်ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဟိုင်းကြီးကျွန်း - ပုသိမ်ရေယာဉ်လိုင်းများ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲ

**ဟိုင်းကြီးကျွန်း မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ပုသိမ်မြို့သို့ တိုက်ရိုက်ပြေးဆွဲနေသော ခရီးသည်တင်ကမ်းရိုးတန်း အမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်လိုင်းများ အားလုံးကို သင်္ကြန်ရုံးပိတ်ရက်ကာလများအတွင်း ခေတ္တရပ်နားထားပြီးနောက် မေ ၂၀ ရက်ကစတင်ကာ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော သင်္ဘောလိုင်း၊ စက်လှေလိုင်းများ အားလုံးကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ညဘက်ပြေးဆွဲမှုအစား နံနက် ၅ နာရီမှ ည ၈ နာရီအထိ ပြောင်းလဲပြေးဆွဲရန် ညွှန်ကြားချက်အရ ဟိုင်းကြီးကျွန်း-ပုသိမ်ပြေးဆွဲနေသော ရေယာဉ်များအနက်မှ ကုန်တင်ရေယာဉ်တစ်စင်းဖြစ်သည့် စိုးလင်းကျော်-၂ ရေယာဉ်မှာ ဟိုင်းကြီးကျွန်းမြို့သို့ မေ ၂၀ ရက် ညနေပိုင်းတွင်လည်းကောင်း၊ ပုသိမ်သူ-၁၀ အမည်ရှိ ခရီးသည်တင် ကမ်းရိုးတန်းအမြန်ရေယာဉ်တစ်စင်းမှာ မေ ၂၁ ရက် နေ့လယ်ပိုင်းတွင် လည်းကောင်း ပြေးဆွဲရောက်ရှိလာခဲ့ကြောင်း သိရသည်။

ပုံမှန်အားဖြင့် ဟိုင်းကြီးကျွန်း-ပုသိမ် ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များအားလုံးမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ မိုးရာသီကာလများ၌ နေ့ဘက် ပြေးဆွဲကြပြီး ပွင့်လင်းရာသီရောက်ရှိလာပါက ညပိုင်းအချိန်များသို့ ပြောင်းလဲပြေးဆွဲကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ရှိလာသည့်အတွက် ကြိုတင်ကာကွယ် ထိန်းချုပ်မှုလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ပွင့်လင်းရာသီဖြစ်သော်လည်း နေ့ဘက်အချိန်သို့ ပြောင်းလဲပြေးဆွဲစေခြင်း ဖြစ်နိုင်ကြောင်း ဒေသခံခရီးသွားတစ်ဦးက ပြောသည်။

ရပ်နားထားသည်မှာ ရက်အတန်ကြာပြီဖြစ်၍ ဒေသအတွက် မှာယူထားကြသည့် ကုန်ပစ္စည်းများမှာ တော်တော်များများ ရောက်ရှိလာကြောင်း၊ သို့သော်လည်း ခရီးသည်များက ယခင်လတွေကလောက် လိုက်ပါသည်ကို မတွေ့ရပါကြောင်း အမှတ်(၃)ရပ်ကွက် အဏ္ဏဝါဆိပ်ကမ်း အလုပ်သမားတစ်ဦးက ပြောသည်။

ရေယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲကြပြီ ဖြစ်၍ ဟိုင်းကြီးကျွန်းဒေသအတွင်း ကုန်စည်သယ်ဆောင်ခြင်းနှင့် ခရီးသွားလာမှုများ စတင်အသက်ဝင်လှုပ်ရှားလာပြီး ဟိုင်းကြီးကျွန်း-ပုသိမ်-ရန်ကုန် ကားလိုင်းများမှာ ယခုလ ၃၀ ရက်တွင် ပြန်လည်ပြေးဆွဲသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



# မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် အသွားအလာကန့်သတ်စောင့်ကြည့်သူဦးရေ ၄၅၀ ကျော်ရှိ

**မုံရွာ မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် မေ ၂၀ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့် နိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့်သူများအား ပြည်သူလူထုအခြေပြု အသွားအလာကန့်သတ်စောင့်ကြည့်သည့်နေရာ ၈၁ နေရာထားရှိပြီး စောင့်ကြည့်သူ ၄၅၅ ဦးရှိကြောင်း မုံရွာခရိုင်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

"ပြည်ပပြန်တွေကို အဓိကထား စောင့်ကြည့်တယ်။ သူတို့ရဲ့ကျန်းမာရေးအခြေအနေ ထူးခြားတာနဲ့ သက်ဆိုင်ရာ တာဝန်ခံတွေကနေတစ်ဆင့် ကျန်းမာရေးစစ်ဆေးတာတွေ လုပ်နိုင်အောင်လည်း စီစဉ်ပေးထားတယ်။ စားရေးသောက်ရေးကိုလည်း စီစဉ်ပေးထားတယ်။ ရောဂါပိုးတွေ့ရှိသူတွေနဲ့ ခရီးအတူ သွားခဲ့တဲ့သူတွေကိုလည်း စောင့်ကြည့်ပြီး ဓာတ်ခွဲခန်းနမူနာတွေ ပေးပို့ထားတာလည်းရှိတယ်။ မကြာခင်အဖြေတစ်ခုတော့ ထွက်လာမှာပါ။ အခု အခြေအနေအထိကတော့ ကျွန်တော်တို့ခရိုင်အတွင်းမှာ ထူးခြားမှုမရှိသေးပါဘူး" ဟု မုံရွာခရိုင် စီမံခန့်ခွဲမှုကော်မတီရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာခရိုင် မုံရွာမြို့နယ်အတွင်း နေရာ ၁၇ နေရာတွင် လူဦးရေ ၅၀၊ ချောင်းဦးမြို့နယ်အတွင်းရှိ နေရာ ၂၂ နေရာတွင် ၇၆ ဦး၊ ဘုတလင်မြို့နယ်အတွင်းရှိ နေရာ ၂၆ နေရာတွင် ၁၁၇ ဦး၊ အရာတော်မြို့နယ်အတွင်းရှိ နေရာ ၁၆ နေရာတွင် ၂၁၂ ဦး၊ ပြည်သူလူထုအခြေပြု အသွားအလာ ကန့်သတ်စောင့်ကြည့်သည့် နေရာ စုစုပေါင်း ၈၁ နေရာတွင် ၄၅၅ ဦး ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# ပူတာအိုမြို့၌ ပင်စင်လာရောက်ထုတ်ယူရာတွင် လူစုလူဝေးမဖြစ်စေရန် ကြိုတင်စီမံဆောင်ရွက်ထား

**ပူတာအို မေ ၂၁**

ကချင်ပြည်နယ် ပူတာအိုမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် အငြိမ်းစားပင်စင်စားများအား မေ ၂၁ ရက် နံနက် ၈ နာရီခွဲမှစတင်၍ ထုတ်ပေး လျက်ရှိရာ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် လူစုလူဝေး မဖြစ်စေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။


"ကျွန်တော်တို့ ဘဏ်တွေမှာ လဆန်း ၂၁ ရက်ကနေ လမကုန်မီ တစ်ရက်အထိ ပင်စင်စားတွေကို ထုတ်ပေးရပါတယ်။ ပထမရက်ကျတော့ အလာများတဲ့အတွက် ၁၂၀ လောက်ကို ထုတ်ပေးရပါတယ်။ ကြိုတင်ပြင်ဆင်ပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့အတိုင်း အပူချိန်တိုင်းတာတွေ၊ လက်ဆေးမယ့်နေရာ ထားပေးတာတွေ၊ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာ ခပ်ခွာခွာမှာ နေဖို့တွေကို ကျန်းမာရေးဌာနက ဆရာ ဆရာမတွေနဲ့ ပူးပေါင်းပြီးတော့ အသိပညာပေးခြင်းတွေလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပင်စင်စားတွေကို ငါးဦးစီခေါ်ပြီး ခြောက်ပေခြားနေစေပြီးတော့ မြန်မြန်ဆန်ဆန် ထုတ်ပေးလျက် ရှိပါတယ်" ဟု ခရိုင်တာဝန်ခံ မန်နေဂျာ ဦးအောင်သန်းက ပြောသည်။

အသက် ၇၀ အရွယ်ရှိ ထွေ/အုပ် အငြိမ်းစားဝန်ထမ်း တစ်ဦးဖြစ်သူ ဦးကြာစိန်က "ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ဖို့ ဆရာ ဆရာမတွေက အဖျားတိုင်းပေးတယ်။ လက်ဆေး၊ နှာခေါင်းစည်းတပ်ပြီးမှ အထဲကို ဝင်ခိုင်းပါတယ်။ ရုံးအထဲမှာ ထိုင်ရင်လည်း သုံးပေအကွာမှာ နေခိုင်းပါတယ်။ ကျန်းမာရေးက ဆရာ ဆရာမတွေက ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီးတော့ အသိပညာပေး၊ ဟောပြောပေးတော့ ပင်စင်လာထုတ်ရင်းနဲ့ ကျန်းမာရေးအသိပညာလည်း ရတာပေါ့။ ရုံးရောက်တော့ နေရာထိုင်ခင်းကအစ အခက်အခဲမရှိအောင် စီစဉ်ပေးတယ်။ ပင်စင်ထုတ်ဖို့လည်း ဝန်ထမ်းများက လိုလေသေးမရှိ ဝိုင်းဝန်းကူညီပေးတော့ ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ပူတာအိုမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် အငြိမ်းစားပင်စင်စား ၈၉၃ ဦးအား လစဉ်ပုံမှန်ထုတ်ပေးလျက်ရှိပြီး E - ပင်စင်ကတ်ဖြင့် ထုတ်ယူသူ ၈၂၇ ဦးရှိပြီး ကျန် ၆၆ ဦးသည် E - ပင်စင်ကတ်မရရှိသေးကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# COVID-19 ရောဂါစောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာများကို ရန်ကုန်သို့ ပို့ဆောင်ရန်ထွက်ခွာလာသည့် WHO မှ UN တံဆိပ်ပါ မော်တော်ယာဉ်အား AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အရပ်သားဝန်ထမ်းတစ်ဦး သေဆုံး၊ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ




**နေပြည်တော် ဧပြီ ၂၁**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ COVID-19 ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာများကို ရန်ကုန်မြို့သို့ ပို့ဆောင်စစ်ဆေးရန် ထွက်ခွာလာသည့် WHO မှ UN တံဆိပ်ပါ မော်တော်ယာဉ်အား ဧပြီ ၂၀ ရက် ညနေပိုင်းတွင် မင်းပြားမြို့နယ်၊ ရာမောင်ဇက်ဆိပ်အနီး၌ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့သဖြင့် အရပ်သားဝန်ထမ်း ၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ၁ ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် စစ်တွေမြို့အတွင်း လေကြောင်းခရီးစဉ်များ ရပ်နားထားသဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ COVID-19 ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာများကို ရန်ကုန်မြို့ရှိ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ရန် WHO မှ ဝန်ထမ်း ဦးပြည့်စုံဝင်းမောင်နှင့် အရပ်သားဝန်ထမ်းကျန်းမာရေးကြီးကြပ် (၂) ဦးအောင်မျိုးဦးတို့သည် WHO ပိုင် UN(5/34) ဖြင့် နံနက် ၈ နာရီတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာခဲ့သည်။ ထို့နောက် နေ့လယ်ပိုင်းတွင် မင်းပြားမြို့၊ ရာမောင်တံတားသို့ ရောက်ရှိခဲ့ရာ တံတားလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းက နံနက်ပိုင်းကပင် ရာမောင်တံတား၏ အရှေ့ဘက်ဝန်းကျင်၌ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့မှုများဖြစ်ပွားလျက်ရှိသည်ဟု ပြောဆိုတားဆီးခဲ့ပြီး ညနေ ၅ နာရီတွင် ပစ်ခတ်မှုများ မရှိသည့်အတွက် ၎င်းယာဉ်မှ ထွက်ခွာခွင့်ပြုရန် တပ်မတော်စစ်ကြောင်းထံသို့ ခွင့်တောင်းခဲ့ရာ ရဲတပ်ဖွဲ့ဝင်များကလည်း COVID-19 ရောဂါအတွက် ဓာတ်ခွဲစမ်းသပ်ရန် သွားရောက်သည့် WHO မှ ယာဉ်မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါယာဉ်အား ဆက်လက်သွားလာခွင့်ပြုခဲ့သည်။

ယင်းနောက် ဆက်လက်ထွက်ခွာသွားရာ ရာမောင်တံတားအလွန် ရာမောင်ဇက်ဆိပ်အနီးသို့ အရောက်၌ ကားလမ်း၏အရှေ့ဘက် (လမ်း၏ဝဲဘက်ခြမ်း) တောင်ကြောပေါ်၌ နေရာယူထားသော AA အကြမ်းဖက်



သေဆုံးသူ ခန္ဓာကိုယ်မှ ရရှိသည့် ကျည်ထိပ်ဖူး


သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သောကြောင့် ဦးပြည့်စုံဝင်းမောင်၏ ဘယ်ဘက်တင်ပါး၊ ယာဘက်တံတောင်ဆစ်နှင့် ဦးအောင်မျိုးဦး၏ ယာဘက်လက်တို့တွင် လက်နက်ငယ်ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် မင်းရွာကျေးလက်ကျန်းမာရေးဌာနသို့ ဝင်ရောက်ပြသခဲ့ကြောင်း၊ ၎င်းမှတစ်ဆင့် စက်လှေဖြင့် မင်းပြားပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရာ ဦးပြည့်စုံဝင်းမောင်မှာ ရရှိဒဏ်ရာများဖြင့် ယနေ့ နံနက် ၁ နာရီတွင် သေဆုံးခဲ့ကြောင်း သိရှိရသည်။ အဆိုပါသေဆုံးသူ၏ ဘယ်ဘက်တင်ပါးမှ လက်နက်ထိမှန်ဒဏ်ရာအား ခွဲစိတ်စစ်ဆေးခဲ့ရာ ကျည်ထိပ်ဖူးတစ်ခု နစ်မြုပ်နေကြောင်း တွေ့ရှိရပြီး ယင်းကျည်ထိပ်ဖူးအား စစ်ဆေးချက်အရ အချင်း ၇ ဒသမ ၆၂ မီလီမီတာ၊ အလျား ၂၅ ဒသမ ၅ မီလီမီတာရှိသည့် ကျည်ထိပ်ဖူးဖြစ်ကြောင်း တွေ့ရှိရသည်။ လက်နက်ခဲယမ်းကျွမ်းကျင်သူများ၏ စိစစ်ချက်အရ ၎င်းကျည်ထိပ်ဖူးသည် ပုံ၌ ဖော်ပြထားသည့်အတိုင်း AA အကြမ်းဖက် သောင်းကျန်းသူများအသုံးပြုနေသည့် အမ် ၂၂၊ အမ် ၂၃ သေနတ်များတွင် အသုံးပြုနေသည့် ကျည်အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဇွန် ၂၇ ရက်တွင်လည်း ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (ICRC) မှ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် ကုန်ကား ဖ စီးကို ကျောက်တော်မြို့၊ မဟာမုနိဘုရားကြီးလမ်းဆုံ၊ ကျောက်ကြပ်ကျေးရွာအနီး၌ ရီမုမိုင်း ၃ လုံးဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ယခုအကြိမ်၌ ကမ္ဘာ့ကပ်ရောဂါ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့နိုင်ငံ၌လည်း အလေးထားဆောင်ရွက်လျက်ရှိချိန်တွင် AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် COVID-19 ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့်ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ရန် သွားရောက်သည့် UN တံဆိပ်ပါ WHO မော်တော်ယာဉ်အား အရပ်ယာဉ်ဖြစ်ကြောင်း သိလျက်နှင့်ပင် လူမဆန်စွာ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နေရာ အနီးတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**




## ဟားခါး၌ မော်တော်ယာဉ်တစ်စီး ချောက်ထဲကျကာ ယာဉ်ပေါ်လိုက်ပါသူ နှစ်ဦးစလုံး သေဆုံး

**ဟားခါး ဧပြီ ၂၁**

ဟားခါးမြို့နယ် ဟားခါးထာရ် (၂)ရပ်ကွက်နှင့် နီရ်လောန်းကျေးရွာအနီးတွင် ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က ဟားခါးမြို့ မြို့သစ်ရပ်ကွက်နေသူ ယာဉ်မောင်း ဦးယွာခ်တလိန်းကျုံးသည် ဟားခါး-နီရ်လောန်းလမ်းအတိုင်း ဟားခါးမြို့မှ မောင်းနှင်လာစဉ် ကုန်းအတက် မတက်နိုင်ဘဲ နောက်ပြန်လိမ့်၍ အနက်ပေ ၄၀၀ ခန့်ရှိသော ချောက်ထဲသို့ပြုတ်ကျရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ဦးရန်ထန်မှုန်းမှာ ဒဏ်ရာများရရှိ၍ နေရာတွင် သေဆုံးသွားပြီး ဦးယွာခ်တလိန်းကျုံးမှာ ဒဏ်ရာပြင်းထန်စွာရရှိသဖြင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သော်လည်း သေဆုံးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဟားခါးမြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် ဧပြီ ၂၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဖားကန့်နှင့် ခင်ဦးမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၀ ရက် ည ၉ နာရီက ဖားကန့်မြို့နယ် ဆိပ်မူ ကျေးရွာအုပ်စု ဆိုင်းအောင်ကျေးရွာ ဆိပ်မူ-ဝေခါသွား ကားလမ်းတွင် မအေးခိုင် မောင်းနှင်လာသော ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၉ နာရီ မိနစ် ၅၀ က မကားပင် ကျေးရွာနေ မတင်စုလှိုင်၏ နေအိမ်အား ရှာဖွေရာ ၎င်းထံမှ လက်ကိုင်ဖုန်း တစ်လုံးကို လည်းကောင်း၊ ည ၁၀ နာရီခွဲတွင် ဖားကန့်မြို့နယ် ဂျန်ဂါကျေးရွာလမ်းတွင် မနေခြည်နှင့် မဇင်မာထက်တို့ထံမှ ဆိုင်ကယ်တစ်စီး၊ ငွေကျပ် ၆၅ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကျောက်သွေးတောင် ဘုရားအနီးတွင် အားကျွင်းနှင့် ကွမ်းဖင်းတို့ထံမှ ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



အားကျွင်း၊ ကွမ်းဖင်း၊ မတင်စုလှိုင်၊ မအေးခိုင်၊ မဇင်မာထက်၊ မနေခြည် တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ဧပြီ ၁၉ ရက် ညနေပိုင်းက ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ခင်ဦးမြို့ မြကန်သာရပ်ကွက်တွင် အောင်ဖြိုးသူ(ခ)ငဂျူး မောင်းနှင်ပြီး ဇေယျာချစ်မှိုင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစဉ် အောင်ဖြိုးသူ(ခ)ငဂျူးမှာ ထွက်ပြေးသွားခဲ့ပြီး ဇေယျာချစ်မှိုင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၆၁ပြား၊ ဘိန်းဖြူသုည ဒသမ ဝဝ၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၂၂ . ၄ . ၂၀၂၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၇:၀၀ - Breakfast News
- ၈:၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန)
- ၁၀:၃၀ - "Flowers and Butterflies" (Season- 2) (အပိုင်း- ၁၀၃ + ၁၀၄)
- ၁၃:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ
- ၁၄:၄၅ - (၁၉) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) "သုဝဏ္ဏသာမဇာတ်တော်ကြီး" (ဒုတိယဆု) (မန္တလေးတိုင်းဒေသကြီး) (ဒုတိယပိုင်း)

**ညပိုင်း**

- ၁၆:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ
- ၁၇:၄၀ - MRTV Travelogue "ရွှေသောင်ယံသို့ ခရီးသွားခြင်း" (အပိုင်း- ၁၂ )
- ၁၈:၂၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ခိုနားရာ"
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
  - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (နယ်စပ်ရေးရာဝန်ကြီးဌာန)
  - မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုရုပ်ရှင် (မြန်မာဂန္ထဝင်ရုပ်ရှင်) "နွေကန္တာဦး" ဇော်လင်း၊ စန္ဒာ၊ ကြည်ကြည်ဌေး ဒါရိုက်တာ- သက်လယ်၊ မောင်မောင်မြင့်
  - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်(ရတနသုတ်)

## ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၁၂ စီး၊ သွင်းကုန် ၄၉၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၂၇၆သန်းတန်ဖိုးရှိစားသောက်ကုန်နှင့် MAZDA TTTAN WHF3G လိုင်စင်မဲ့ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်းသတင်းရရှိသည်။ **သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ်၌ ဒေသန္တရအမိန့်ဖောက်ဖျက်သူနှစ်ဦးအား ထောင်ဒဏ် ၁၅ ရက်ချမှတ်

**နေပြည်တော် ဧပြီ ၂၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် ဇီဇဝါပန်းအဝိုင်းအနီး၌ အမျိုးသားနှစ်ဦး အကြောင်းမဲ့ သွားလာနေကြောင်း သတင်းအရ ဧပြီ ၁၈ ရက်ည ၁၁ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်း ဦးစီးသည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ရွှေကြာပင်ရပ်ကွက်နေ ကျော်ဇင်ထက်(၂၇နှစ်)နှင့် အောင်ဇမ္ဗူရပ်ကွက် နေမျိုးအောင် (၂၈နှစ်)တို့ နှစ်ဦးအား တွေ့ရှိရသဖြင့် အရေးယူပေးပါရန် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ် (၁၀၆/ ၂၀၂၀)ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ကျော်ဇင်ထက်ပါနှစ်ဦးအား အလုပ်မဲ့ ထောင်ဒဏ် ၁၅ ရက် ချမှတ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## သဃ်န်းကျွန်းမြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများပေါ်တွင် ခါးပိုက်နှိုက်မှုကျူးလွန်သူ တစ်ဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက မိမိနယ်မြေအတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်မှု ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်သွားရန် ညွှန်ကြားချက်အရ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သဃ်န်းကျွန်းမြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများနှင့် ကားမှတ်တိုင်များတွင် ခါးပိုက်နှိုက် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ နန္ဒင်းကုန်းရပ်ကွက် အသင်းတိုက် ကားမှတ်တိုင်၌ YBS-10 ယာဉ်ပေါ်မှ ဆင်းလာသည့် ခါးပိုက်နှိုက် သတင်းရရှိသူ သာကေတမြို့နယ် ၁၀/တောင် ရပ်ကွက်နေ မမြထွေး(ခ) မမြတ်ထွေး (ခ)မငယ်အား တွေ့ရှိစစ်ဆေးရာ ၎င်းကိုင်ဆောင်ထားသော ဖုန်း တစ်လုံးနှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်မှုမရှိသဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ဖမ်းဆီးရမိသူ မမြထွေး(ခ) မမြတ်ထွေး(ခ)မငယ်အား အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်းရှိ၊ မရှိ အသေးစိတ် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ သဃ်န်းကျွန်းမြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများပေါ်တွင် လိုက်ပါစီးနင်း၍ ခရီးသွားပြည်သူများထံမှ လက်ကိုင်ဖုန်း ၁၀ လုံးကို ခါးပိုက်နှိုက်ယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း လက်ကိုင်ဖုန်း ၁၀ လုံးကို ပြန်လည်သိမ်းဆည်း ရရှိပြီးဖြစ်၍ ခါးပိုက်နှိုက်မှုကျူးလွန်သူ မမြထွေး(ခ)မမြတ်ထွေး(ခ)မငယ်အား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# အမာခံကစားသမားအချို့ကို ရှမ်းယူနိုက်တက်အသင်း သက်တမ်းတိုးရန် ကြိုးပမ်းနေ

**ရန်ကုန် ဧပြီ ၂၁**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းသည် မေလအတွင်း စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် အမာခံကစားသမားအချို့ကို သက်တမ်းတိုးရန် ကြိုးပမ်းလျက်ရှိသည်။

ရှမ်းယူနိုက်တက်အသင်းသည် မေလတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ညာနောက်ခံလူ ဒေးဗစ်ဒန်းနှင့် တိုက်စစ်မှူး ဒွေးကိုကိုချစ်တို့အား သက်တမ်းတိုးရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် လက်ရွေးစင်အဆင့် ပြည်တွင်း ကစားသမားများကို လက်လွှတ် ဆုံးရှုံးခဲ့ရသောကြောင့် ယင်းကစားသမားများကို အသင်း၌ ဆက်ရှိနေရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ဒွေးကိုကိုချစ်သည် ၂၀၁၇ ရာသီဝက်တွင် ရခိုင်အသင်းမှ ပြောင်းရွှေ့လာသူဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်း အောင်မြင်မှုရသည့် ၂၀၁၇ ရာသီနှင့် ၂၀၁၉ ရာသီ နှစ်ရာသီစလုံးတွင် ပါဝင်ခဲ့သူဖြစ်သည်။ ဒွေးကိုကိုချစ်သည် ရှမ်းယူနိုက်တက်အသင်းနှင့်အတူ အမှတ်ပေးချန်ပီယံဆုနှစ်ကြိမ်၊ ရှုံးထွက်ချန်ပီယံဆု တစ်ကြိမ် ရရှိထားသည်။ ဒေးဗစ်ဒန်းသည် ၂၀၁၈ ရာသီဝက်တွင် ရန်ကုန်အသင်းမှ ပြောင်းရွှေ့လာသူဖြစ်ပြီး အဓိက ကစားသမားအဖြစ် ပါဝင်ကစားနေသလို နှစ်နှစ်တာကာလအတွင်းခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။ ဒေးဗစ်ဒန်းသည် ၂၀၁၉ ရာသီတွင် ရှမ်းယူနိုက်တက်အသင်းနှင့်အတူ အမှတ်ပေးချန်ပီယံဆုရခဲ့သူဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ခံစစ်အားဖြည့်ရန် အသင်း၌ ကာလရှည်ကစားခဲ့ဖူးသည့် ဝါရင့်နောက်ခံလူ ဝင်းမင်းထွန်းကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ညီမြတ်သော်တာ**



❍ *ကျော်ဖုံးမှ*

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း စပါးအသင်းဥက္ကဋ္ဌ ဒန်နီရယ်လီဗိုင်းသည် အသင်း၏ ဘဏ္ဍာရေးအခက်အခဲကြောင့် တိုက်စစ်မှူး ဟယ်ရီကိန်းကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ ဖြင့် မန်ယူအသင်းသို့ ရောင်းချဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်ထားသည်။

ဟယ်ရီကိန်းသည် ဇန်နဝါရီလကတည်းက တံကောက်ကြောဒဏ်ရာကြောင့် အနားယူနေရသူဖြစ်သည်။ ၎င်းသည် စပါးအသင်းအတွက် ၁၉၈ ပွဲ ကစားထားပြီး ၁၃၆ ဂိုးအထိ သွင်းယူပေးထားနိုင်သည်။ စပါးအသင်းသည် ဝက်စ်ဟမ်းအသင်းမှ အစ်ဆာဒီအော့ပ်ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## နိုင်ငံတကာဘောလုံးသတင်းတိုများ

**ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခေါ်ယူရေး မန်ယူ လက်လွှတ်လိုက်ပြီဖြစ်**

မန်ယူအသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ အသက် ၂၈ နှစ်အရွယ် ကိုလံဘီယာကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား ခေါ်ယူရေး လက်လွှတ်လိုက်ပြီဖြစ်ကြောင်း၊ ပြိုင်ဘက်အသင်းများဖြစ်သည့် အာဆင်နယ်နှင့် အဲဗာတန်အသင်းတို့က အဆိုပါ ကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**နေမာအား ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုသွားရန် ချိန်ရွယ်**

ပီအက်စ်ဂျီအသင်းသည် အသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား နေမာအား ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုသွားရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၈ နှစ်အရွယ် နေမာသည် ပီအက်စ်ဂျီအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ပါက တစ်နှစ်ကို ပေါင် ၃၃ သန်းရရှိလာဖွယ်ရှိနေကြောင်း စပိန်အခြေစိုက်သတင်းအရင်းအမြစ်များတွင် ဖော်ပြထားသည်။

**ပါတေးအား ခေါ်ယူနိုင်ရေး လာကာဇက်ကိုအလိုက်ပေး ကမ်းလှမ်းမည်**

အာဆင်နယ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ဂါနာကွင်းလယ်ကစားသမား သောမတ်စ် ပါတေး(၂၆နှစ်)အား အသင်းသို့ ခေါ်ယူနိုင်ရန်အတွက် အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား လာကာဇက် (၂၈နှစ်) ကို အလိုက်ပေးကမ်းလှမ်းသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အခြားသတင်းတစ်ရပ်တွင်မူ အာဆင်နယ်အသင်းသည် ဗလင်စီယာအသင်းမှ စပိန်တောင်ပံကစားသမား ရိုဒရီဂို မိုရီနို (၂၉နှစ်)အား ခေါ်ယူနိုင်ရန် စုံစမ်းမှုများပြုလုပ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ကစားသမားအဝယ်စာရင်းတွင် ဟားဗက်ကို ထည့်သွင်း**

မန်ယူအသင်းသည် ၎င်းတို့ဝယ်ယူမည့် ကစားသမားစာရင်းတွင် လေဗာကူဆင်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား ကိုင် ဟားဗက် (၂၀နှစ်) ကို ထည့်သွင်းလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဝေါလ်မစ်သ်အား ခေါ်ယူရန် ချယ်လ်ဆီး စီစဉ်**

ချယ်လ်ဆီးအသင်းသည် ဖရိုင်းဘတ်အသင်းမှ ဂျာမနီတိုက်စစ်ကစားသမား လူကာ ဝေါလ်မစ်သ် (၂၃နှစ်) ကို ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အင်တာမီလန်သို့ ပြောင်းရွှေ့ရန် ဂျီရှဒ် သဘောတူ**

ချယ်လ်ဆီးအသင်းမှ ဂျီရှဒ်သည် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားရန် ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မွိုက်စ်ကိန်းအား ခေါ်ယူနိုင်ရေး အဲဗာတန်ကို ကမ်းလှမ်းမည်**

အင်တာမီလန်အသင်းသည် အီတလီတိုက်စစ်ကစားသမား မွိုက်စ်ကိန်း (၂၀နှစ်)အား ခေါ်ယူနိုင်ရေးအတွက် ပေါင် ၂၅ သန်းဖြင့် အဲဗာတန်အသင်းကို ကမ်းလှမ်းရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဂျိုးဟတ်အား ဒါဘီနှင့် ဘတ်ရှီးတပ်စ် ပစ်မှတ်ထားလာ**

ဘန်လေကိုးသမား ဂျိုးဟတ် (၃၃နှစ်)အား ဒါဘီနှင့် ဘတ်ရှီးတပ်စ်အသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားလာကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# ကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်တွင် အမေရိကန်၏ ဖိအားပေးမှုများအပေါ် ဆန့်ကျင်ကြရန် အီရန်တိုက်တွန်း



အီရန်သမ္မတ ဟက်ဆန်ရိုဟာနီ

**တီဟီရန် မေ ၂၁**
အီရန်နိုင်ငံ၌ ကိုဗစ် - ၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို ရင်ဆိုင်နေရချိန်တွင် ဥရောပနိုင်ငံများအနေဖြင့် အမေရိကန်က အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုများချမှတ်ကာ ဖိအားပေးနေခြင်းကို ကန့်ကွက်ကြရန် အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက မေ ၂၁ ရက်တွင် တိုက်တွန်းလိုက်ကြောင်းသိရသည်။

အီရန်အပါအဝင် တစ်ကမ္ဘာလုံးက ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်မှုကို အလူးအလဲရင်ဆိုင် တိုက်ခိုက်နေရချိန်တွင် အမေရိကန်၏ စီးပွားရေးအရ ဖိအားပေးမှုများသည် ပို၍ရက်စက်လာကြောင်း အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့မှုအတွင်း သမ္မတ ရိုဟာနီက ပြောကြားခဲ့သည်။

လူမဆန်သည့် ဖိအားပေးမှုများကို ဆက်တိုက်လုပ်ဆောင်နေခြင်းသည် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုကျူးလွန်ခြင်းပင်ဖြစ်ကြောင်း ၎င်းကပြောခဲ့ပြီး နိုင်ငံတကာ စည်းမျဉ်းဥပဒေများကို ချိုးဖောက်နေသည့် အမေရိကန်၏ အပြုအမူကို ကန့်ကွက်ဆန့်ကျင်ကြရန် ၎င်းက တိုက်တွန်းလိုက်သည်။ ဥရောပနိုင်ငံများ အထူးသဖြင့် အီတလီသည် ကပ်ရောဂါကြောင့် အကျပ်အတည်းကျရောက်နေသည့် ယခုကဲ့သို့အချိန်ကာလမျိုးတွင် အမေရိကန်၏ ယခုကဲ့သို့ နိုင်ငံတကာ စည်းမျဉ်းချိုးဖောက်မှုကို လက်မခံသည့် ရပ်တည်ချက်မျိုးဖော်ပြရန် အီရန်သမ္မတက တိုက်တွန်း လိုက်သည်။

**ဆင်ဟွာ**

# အစ္စရေးတွင် အရေးပေါ်ညွန့်ပေါင်းအစိုးရဖွဲ့ရန် ဘန်နီဂန့်နှင့် နေတန်ယာဟုတို့ သဘောတူ

**တဲလ်အဗစ် မေ ၂၁**
အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင် နေတန်ယာဟုသည် တနင်္လာနေ့က ၎င်း၏ ပြိုင်ဘက်ဖြစ်သူ လွှတ်တော်ဥက္ကဋ္ဌ ဘန်နီဂန့်နှင့် အရေးပေါ်ညွန့်ပေါင်းအစိုးရဖွဲ့ရန် သမိုင်းဝင်သဘောတူညီမှုရရှိသွားပြီဖြစ်သည်။ ယင်းသို့ ဖွဲ့စည်းနိုင်ခြင်းကြောင့် တိုင်းပြည်၏ အဆိုးရွားဆုံးနိုင်ငံရေး ပဋိပက္ခကို အဆုံးသတ်သွားနိုင်ပြီဖြစ်သည်။

အမျိုးသား အရေးပေါ်အစိုးရအဖွဲ့ဖွဲ့စည်းရန် သဘောတူညီမှုကို အစ္စရေးဝန်ကြီးချုပ်နှင့် Blue And White ပါတီခေါင်းဆောင် ဘန်နီဂန့်တို့ လက်မှတ်ရေးထိုးခဲ့ကြပြီဟု ပူးတွဲကြေညာမှုအရ သိရသည်။ အစ္စရေးနိုင်ငံ၏ သက်တမ်းအရှည်ဆုံးသော ဝန်ကြီးချုပ်ဖြစ်သည့် နေတန်ယာဟုသည် ရွေးကောက်ပွဲသုံးခုစလုံးတွင် ဘန်နီဂန့်နှင့်အပြိုင် ဖြစ်နေခဲ့သည်။

ရွေးကောက်ပွဲ သုံးခုစလုံးတွင် ၎င်းတို့နှစ်ဦးစလုံးမှာ အစိုးရဖွဲ့ရန် လုံလောက်သည့် မဲအရေအတွက် မရခဲ့ပေ။ အစ္စရေးတွင် ကိုဗစ် -၁၉ ကူးစက်ခံရမှုမြင့်တက်လာခဲ့ပြီးနောက် ၎င်းတို့နှစ်ဦး အတူပူးပေါင်းပြီး ညွန့်ပေါင်းအစိုးရဖွဲ့ရန် တောင်းဆိုမှုများ မြင့်တက်လာခဲ့သည်။



လွှတ်တော်ဥက္ကဋ္ဌ ဘန်နီဂန့် (ဝဲ) နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု (ယာ) တို့၏ ရုပ်ပုံပိုစတာတစ်ခုကို တွေ့ရစဉ်။

သမ္မတ ရူဗင်ရစ်ဗလင် ထံမှ အစိုးရဖွဲ့ရန် ခွင့်ပြုချက်ရပြီးနောက် မစ္စတာဂန့်သည် အစ္စရေးပါလီမန် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ၎င်းတို့နှစ်ဦးကြား အသေးစိတ်သဘောတူညီမှုများကိုမူ မသိရသေးပေ။ သို့သော် ၎င်းတို့နှစ်ဦးသည် အလှည့်ကျဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်သွားဖွယ်ရှိပြီး မစ္စတာ နေတန်ယာဟုက ဝန်ကြီးချုပ်အဖြစ် ဦးစွာတာဝန်ထမ်းဆောင်လိမ့်မည်ဟု ခန့်မှန်းနေကြသည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံ၌ ကပ်ရောဂါဖြစ်ပွားနေချိန်အတွင်း တရားမဝင်အချိန်ပိုင်း အလုပ်လုပ်ကိုင်မှုများရှိ

**တိုကျို မေ ၂၁**
ဂျပန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု အရှိန်မြင့်နေချိန်အတွင်း အလုပ်လက်မဲ့ပမာဏ တိုးပွားလာနေပြီး အလုပ်အကိုင်ဆုံးရှုံးရဖွယ်ရှိနေသူများမှာလည်း လူမှုကွန်ရက်များမှတစ်ဆင့် တရားမဝင်လုပ်ငန်းများလုပ်ကိုင်ရန် ကမ်းလှမ်းမှုများ လက်ခံရရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် မေ ၆ ရက်အထိ နှစ်လတာအတွင်း လူပေါင်း ၁၄၇၃ ဦးအထိ အလုပ်အကိုင်ဆုံးရှုံးမှု သို့မဟုတ် ဆုံးရှုံးရမည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း အလုပ်သမားဝန်ကြီးဌာနက ပြောသည်။ ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်နိုင်စွမ်း ကျဆင်းလာမှုသည်လည်း အကြောင်းတစ်ခုဖြစ်ကြောင်း ထောက်ပြခဲ့သည်။

အလုပ်လက်မဲ့အများစုသည် တွစ်တာ သို့မဟုတ် အခြားလူမှုကွန်ရက်များကို အသုံးပြုကာ အလုပ်အကိုင် ရှာဖွေခဲ့ကြသည်။ အလုပ်ရှာဖွေသူများထဲမှ အချို့သည် တယ်လီဖုန်း သို့မဟုတ် အခြားနည်းလမ်းများဖြင့် ငွေကြေးလိမ်လည်သည့် အလုပ်မျိုးကဲ့သို့ တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ကမ်းလှမ်းစာများ ရရှိခဲ့ကြောင်း သိရသည်။

အစိုးရက အိမ်ထဲ၌ နေထိုင်ကြရန် တိုက်တွန်းထားချိန်တွင် အလုပ်အကိုင် လိုအပ်နေသူများသည် လူမှုကွန်ရက်ကိုအသုံးပြုကာ အလုပ်ရှာဖွေလျက်ရှိပြီး ယင်းကဲ့သို့ကိစ္စမျိုးကို သီးခြားစောင့်ကြည့်မှုမရှိသည့်အတွက် အလုပ်ရှာသူများအနေဖြင့် တရားမဝင်အလုပ်များ၏ သွေးဆောင်ဖြားယောင်းမှုကို ခံရနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲ ရွှေ့ဆိုင်းမှုနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်အများစုကို ဂျပန်ကျခံမည်ဟု အိုင်အိုစီပြော

**တိုကျို မေ ၂၁**
တိုကျို အိုလံပစ်အားကစားပြိုင်ပွဲ ရွှေ့ဆိုင်းရမှုနှင့်စပ်လျဉ်းသည့် နောက်ထပ်ကုန်ကျစရိတ်များကို ဂျပန်နိုင်ငံက ကျခံရန် တိုက်တွန်းမည်ဖြစ်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီက အရိပ်အမြွက် ပြောကြားခဲ့သည်။

ကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် တိုကျိုအိုလံပစ်အားကစားပွဲ ကျင်းပမည့် နေ့ရက်ကို လာမည့်နှစ် ဇူလိုင် ၂၃ ရက်သို့ ပြင်ဆင်ပြောင်းလဲခဲ့သည်။ မူလက အားကစားပွဲကို ယခုနှစ်နွေရာသီတွင် ကျင်းပရန်စီစဉ်ထားခဲ့သည်။ အားကစားပွဲရွှေ့ဆိုင်းလိုက်ရသည့်အတွက် အိုလံပစ်အားကစားပွဲ လက်ခံကျင်းပရန် နောက်ထပ် ဒေါ်လာဘီလီယံများစွာ ထပ်မံကုန်ကျဖွယ်ရှိနိုင်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီက ပြောသည်။

အိုင်အိုစီအဖွဲ့၏ ဝက်ဘ်ဆိုက်၌ တင်ထားသည့် အမေးအဖြေများကို မေ ၁၀ ရက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။ အဆိုပါ အမေးအဖြေ ဖော်ပြချက် ၌ ၂၀၂၀ ပြည့်နှစ်သဘောတူညီမှုအရ ကုန်ကျစရိတ်များကို ဂျပန်က ဆက်လက်အကုန်အကျခံမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သဘောတူညီခဲ့ပြီး အိုလံပစ်ကော်မတီအနေဖြင့် ကုန်ကျစရိတ်၏ ထက်ဝက်ကို ဆက်လက် မျှဝေကျခံမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နောက်ထပ်အတူမျှဝေကျခံရမည့် ကုန်ကျစရိတ်မှာ ဒေါ်လာ သန်းပေါင်းရာချီရှိနိုင်ကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီက ပြောသည်။ သို့ရာတွင် ဂျပန်အစိုးရအဖွဲ့အကြီးအကဲ ယိုရှီဟီဒီစူဂါက နောက်ထပ်ကုန်ကျစရိတ်များနှင့် ပတ်သက်၍ ဂျပန်အစိုးရက အိုင်အိုစီနှင့် သဘောတူထားသည်ဆိုခြင်းမှာ မမှန်ကန်ကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် -၁၉ လူနာများအတွက် ဆေးရုံသစ်ကြီး အစ္စတန်ဘူလ်မြို့တွင် ဖွင့်လှစ်

**အစ္စတန်ဘူလ် မေ ၂၁**
ကိုဗစ် -၁၉ လူနာများ ထားရှိရန်အတွက် ဆေးရုံသစ်ကြီးကို တူရကီနိုင်ငံ မြို့တော် အစ္စတန်ဘူလ်တွင် မေ ၂၀ ရက်က ဖွင့်လှစ်ပေးခဲ့သည်။ သားဖွားနှင့် မီးယပ်၊ ကလေးအထူးကုဆေးခန်းများကိုလည်း ဘာဆက်ဆီဟာ ဆေးရုံတွင် ထားရှိသွားမည်ဖြစ်သည်။

ဘာဆက်ဆီဟာဆေးရုံကြီးကို ကိုဗစ် - ၁၉ ကုသရေး ဆေးရုံအဖြစ် အသုံးပြုခဲ့သည်။ အရေးပေါ် ကုသဆောင်တွင် ခုတင် ၁၅၅ ခုနှင့် ရိုးရိုးအဆောင်တွင် ခုတင် ၁၀၃၅ ခုထားရှိသွားနိုင်ပြီဟု တူရကီကျန်းမာရေးဝန်ကြီး ဖာရီတင် ကိုကာက ပြောသည်။ လာမည့်လအတွင်း ရိုးရိုးကုသဆောင်တွင် ခုတင် ၂၆၈၂ ခုနှင့် အရေးပေါ်ကုသဆောင်တွင် ခုတင် ၄၅၈ ခု ထပ်မံထားရှိနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။




ဘာဆက်ဆီဟာ ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

ဘာဆက်ဆီဟာ ဆေးရုံရှိ လူနာဆောင်များကို ကိုဗစ် -၁၉ လူနာများအတွက် ပြင်ဆင်ထားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။ ထိုအချိန်တွင် တူရကီ အင်ဂျင်နီယာများကလည်း ပြည်တွင်းလုပ် အသက်ရှူအထောက်အကူပြုကိရိယာများကို ထုတ်လုပ်ပေးခဲ့ကြောင်း၊ ယင်းကိရိယာများကို ယခုအခါ အသုံးပြုရန် အဆင်သင့်ဖြစ်နေပြီဟုလည်း အသိပေးခဲ့သည်။

ဆေးရုံဖွင့်ပွဲတွင် တူရကီ စက်မှုနှင့် နည်းပညာဝန်ကြီး မူစတာဖာဗာရန့်ကလည်း တူရကီမှ အင်ဂျင်နီယာများသည် ၁၄ ရက်တာကာလအတွင်း အသက်ရှူအထောက်အကူပြုကိရိယာများကို ထုတ်လုပ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ မေလကုန်တွင် တူရကီသည် အသက်ရှူအထောက်အကူပြုကိရိယာ ၅၀၀၀ ကို ထုတ်လုပ်ပေးနိုင်မည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တူရကီနိုင်ငံတွင် မေ ၁၉ ရက်တွင် ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ ၄၁၇၁ ဦးအထိ ခုန်တက်သွားခဲ့ပြီး ကူးစက်ခံရသူပေါင်း ၈၆၃၀၆ ဦးအထိ ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# မမြင်နိုင်သောရန်သူ ကိုဗစ်-၁၉ ကို ကာကွယ်တားဆီးရန် အမေရိကန်ပြည်ဝင်ခွင့် တားဆီးသွားမည်ဟု ဒေါ်နယ်ထရမ့်ပြော



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

**ဝါရှင်တန် မေ ၂၁**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သူ့အနေဖြင့် မမြင်နိုင်သောရန်သူ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အမေရိကန်ပြည်ဝင်ခွင့်နှင့်ပတ်သက်၍ တားဆီးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သလို ဒေါသထွက်နေသော အမေရိကန်ပြည်သူများကလည်း အလုံပိတ်ထားရှိမှုကို အဆုံးသတ်ပေးရန် လမ်းမပေါ်ထွက်ဆန္ဒပြခဲ့ကြသည်။

လေးလအတွင်း ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာကြီးကို ဦးစိုက်ကျွမ်းပြန် အခြေအနေသို့ ရောက်ရှိစေခဲ့သည်။ ထို့အတူ ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော် အိမ်တွင်း၌ စိတ်ကသိကအောက်ဖြင့်နေထိုင်နေရသလို သေဆုံးသူပေါင်းလည်း ၃၇၀၀၀၀ နီးပါးရှိလာပြီဖြစ်သည်။

ငြိမ်းချမ်းသည့်အချိန်က ဘယ်တော့မှ မမြင်ဖူးခဲ့သည့် စိုးရိမ်ဖွယ် အခြေအနေများသည် ကမ္ဘာ့စီးပွားရေးကို တဖြည်းဖြည်း လုံးပါးပါးလာစေသည်။ ထို့အတူ ရေနံဈေးနှုန်းများလည်း ဝယ်လိုအား မရှိတော့သည့်အတွက် ထိုးကျလာခဲ့သည်။

ကမ္ဘာ့ခေါင်းဆောင်များသည် ကန့်သတ်မှုများ အချိန်မှန် ဖြေလျှော့ပေးနိုင်မလားဆိုသည့်အပေါ် စိုးရိမ်မကင်းဖြစ်လာကြသသလို ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းပြန်လည်ရိုက်ခတ်လာမည်ကိုလည်း ထိတ်လန့်နေကြသည်။ သို့သော်လည်း ၎င်းတို့၏ နိုင်ငံသားများ ပြန်လည်အလုပ်လုပ်ရန်လိုအပ်သလို ရှင်သန်ရန်လည်းလိုအပ်ကြောင်း သတိပြုမိကြသည်။

အမေရိကန်နိုင်ငံ တချို့ပြည်နယ်များတွင် အလုံပိတ်ကန့်သတ်မှုကို ဆန့်ကျင်နေကြသည့် ဆန္ဒပြသူများကို နှစ်သိမ့်အားပေးလိုက်သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြည်ဝင်ခွင့်များကို တားဆီးသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

"မမြင်ရတဲ့ ရန်သူကို တိုက်ခိုက်ဖို့နဲ့ ကြီးမြတ်တဲ့ အမေရိကန် ပြည်သူတွေရဲ့ အလုပ်အကိုင်တွေကို ကာကွယ်ပေးရမယ်။ ကျွန်ုပ်အနေနဲ့ အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်လာမယ့် လူဝင်မှုများကို ယာယီရပ်ဆိုင်းကြောင်း အမိန့်ကိုလည်း လက်မှတ်ရေးထိုးမယ်" လို့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က တွစ်တာမှာပြောကြားလိုက်သည်။

လတ်တလောတွင် ကိုရိုနာဗိုင်းရပ်စ် ဂယက်ကြောင့် အမေရိကန်ပြည်သူ ၂၂ သန်း အလုပ်လက်မဲ့ ဖြစ်ကုန်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ငွေကြေးအကျပ်အတည်းဖြစ်နေသည့် ဗာဂျင်းသြစတြေးလျလေကြောင်းလိုင်း ပြိုလဲ



ဗာဂျင်းသြစတြေးလျလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း

**ကင်ဘာရာ မေ ၂၁**
ကမ္ဘာ့လေကြောင်းလိုင်းလုပ်ငန်းကို ပျက်စီးစေခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ငွေကြေးအကျပ်အတည်းဖြစ်နေသည့် ဗာဂျင်းသြစတြေးလျလေကြောင်းလိုင်းသည်လည်း မေ ၂၁ ရက်က ပြိုလဲသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

သြစတြေးလျစတော့အိတ်ချိန်းသို့ ကြေညာချက်ထုတ်ပြန်ရာတွင် ဗာဂျင်းသြစတြေးလျက အဓိကအဆောက်အအုံလုပ်ငန်း လည်ပတ်မှုများကို အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးထားသော်လည်း လေယာဉ်ခရီးစဉ်များကို ဆက်လက်လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း ပြောကြားလိုက်သည်။

ယနေ့ မိမိတို့၏ ဆုံးဖြတ်ချက်သည် ဗာဂျင်းသြစတြေးလျအုပ်စု၏ အနာဂတ်ကို ကယ်ဆယ်ရန်သာဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ အကျပ်အတည်း လွန်မြောက်သွားသောအခါတွင် တစ်ဖန်ပြန်လည် လည်ပတ်မည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် ပေါလ်စကူရာက ကြေညာချက်တွင် ဖော်ပြလိုက်သည်။ သြစတြေးလျအနေဖြင့် ဒုတိယလေကြောင်းလိုင်းတစ်ခုကို လိုအပ်ကြောင်းနှင့် မိမိတို့အနေဖြင့် လေကြောင်းခရီးစဉ်ပျံသန်းမှုများ ဆက်လက်လုပ်ကိုင်ရန် ဆုံးဖြတ်ထားကြောင်း ၎င်းကပြောကြားလိုက်သည်။

အဆိုပါ လေကြောင်းလိုင်းသည် သြစတြေးလျဒေါ်လာ ငါးဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ) အကြွေးနွံနစ်လျက်ရှိပြီး ဆက်လက်ရှင်သန်လည်ပတ်ရန် သြစတြေးလျဒေါ်လာ ၁ ဒသမ ၄ ဘီလီယံချေးငွေ အသနားခံထားသော်လည်း အစိုးရက ငြင်းပယ်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို တားဆီးကာကွယ်ရာတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်ရန် ဂျပန်ဝန်ကြီးချုပ် တောင်းဆို




ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

တိုကျို မေ ၂၁

**ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ရာ၌ အချင်းချင်း နီးနီးကပ်ကပ် ထိတွေ့မှုများကို ရှောင်ကြဉ်လိုက်နာကြရာတွင် ပြည်သူလူထု အနေဖြင့် ပိုမိုပူးပေါင်းပါဝင်ကြရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တောင်းဆိုလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၁ ရက်က ဖော်ပြလိုက်သည်။**

ပူးပေါင်း ပါဝင်ကြသူများနှင့် အိမ်တွင်းနေထိုင်သူများ အားလုံးကို မိမိအနေဖြင့် ကျေးဇူးတင်ကြောင်း အာဘေးက ပြောကြားလိုက်သည်။ သို့သော်လည်း ကျေးလက်ဒေသများသို့ ထွက်ခွာရန် လွန်ခဲ့သောရက်သတ္တပတ်က လူအတော်များများ တိုကျိုမြို့မှ ထွက်ခွာခဲ့ကြသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဧပြီလအကုန် မေအစ အားလပ်ရက်များလည်း တဖြည်းဖြည်းနီးကပ်လာပြီဖြစ်ကြောင်း၊ ထို့အတူ ကိုရိုနာဗိုင်းရပ်စ် နောက်ထပ်ပျံ့နှံ့ကူးစက်မှု အန္တရာယ်ကလည်း ခြိမ်းခြောက်လျက်ရှိကြောင်း အာဘေးက ပြောသည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြည်သူလူထုကို ခရီးသွားခြင်း မပြုလုပ်ကြရန် တိုက်တွန်း တောင်းဆိုထားကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ ကျန်းမာရေးစနစ်သည် အလွန်ကို ဝန်ပိနေပြီဖြစ်ကြောင်း၊ အဆိုပါ ဝန်ထုပ်ဝန်ပိုးကိုသက်သာစေရန်နှင့် ပြည်သူလူထု၏ အသက်အန္တရာယ်များကို ကာကွယ်ရန်လိုအပ်လာပြီဖြစ်ကြောင်း၊ လူများကြား ထိတွေ့မှုကို လျှော့ချရာတွင် ၈၀ ရာခိုင်နှုန်းလောက်အထိ အောင်မြင်ရန် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါကြောင်း အာဘေးက ဆက်လက်ပြောကြားသည်။

စီးပွားရေး ပြန်လည်ရှင်သန်သက်ဝင်လှုပ်ရှားရေးဝန်ကြီး နီရှီမူရာ ယာဆူတိုရှီက အစိုးရ၏ တောင်းဆိုမှုကိုလိုက်နာမှုမရှိသည့် စီးပွားရေးလုပ်ငန်းများကို ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

တချို့ ဂျပန်ပုံစံအနှိပ်ခန်းများသည် အစိုးရ၏ တောင်းဆိုမှုများကို လိုက်နာမှုမရှိကြောင်းနှင့် တချို့လူများသည် စီရင်စုဖြတ်ကျော်ခရီးသွားလာမှုများကို ပြုလုပ်လျက်ရှိကြောင်း နီရှီမူရာက သတင်းထောက်များကို ပြောကြားသည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ စီရင်စုအုပ်ချုပ်ရေးမှူးများသည် မိမိနှင့် တိုင်ပင်လျက်ရှိကြောင်း၊ မိမိအနေဖြင့် တောင်းဆိုမှုကို မလိုက်နာသည့် စီးပွားရေးလုပ်ငန်းများ၏ အမည်များကို ဖွင့်ချပြောကြားသွားမည် ဖြစ်ကြောင်း နီရှီမူရာက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ နေ့စဉ်ကူးစက်ခံရမှု ကျဆင်း

**ဗန်ကောက် မေ ၂၁**
ဧပြီလအတွင်း ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ခံရမှုနှုန်းကျဆင်းလာပြီး မေ ၂၁ ရက်တွင် နောက်ထပ်ကူးစက်ခံရသူ ၁၉ ဦးရှိကာ တစ်ဦးသေဆုံးခဲ့ကြောင်း၊ သို့သော်ပြည်သူများအနေဖြင့် စိတ်ချလက်ချဖြင့် လုံခြုံရေးသတိပေးမှုများကို လျှော့ပေါ့ပစ်ရန် မဖြစ်နိုင်သေးကြောင်း ထိုင်းအာဏာပိုင်များက ပြောကြားခဲ့သည်။

### ကူးစက်မှုအမြင့်ဆုံး

မေ ၂၀ ရက်တွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၇ ဦးရှိခဲ့ပြီး မေ ၂၁ ရက်တွင်မူ ၁၉ ဦးသာ ကူးစက်ခံရကြောင်း ကိုဗစ် -၁၉ အခြေအနေများဆိုင်ရာစီမံခန့်ခွဲမှု ထိုင်းအစိုးရစင်တာ (CCSA) က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၂၈၁၁ ဦးရှိပြီး ဗန်ကောက်နှင့် နော်သာဘူရီတို့တွင် ကူးစက်မှု အမြင့်ဆုံးဖြစ်ကြောင်း CCSA က ပြောသည်။ ပြန်လည်ကျန်းမာလာသူဦးရေမှာ ၂၁၀၈ ဦးရှိပြီး ဆေးရုံ၌ ကုသမှုခံယူနေသူ ၆၅၅ ဦးရှိသည်။ ကိုဗစ်ကြောင့် သေဆုံးသူမှာ ၄၈ ဦး ရှိပြီဖြစ်သည်။

### အရေးကြီးနေဆဲဖြစ်

မေ ၂၁ ရက်တွင် သေဆုံးမှုနှုန်းမှာ ကျဆင်းလာပြီဖြစ်သော်လည်း သတိလက်လွတ်နေရမည့်အချိန် မဟုတ်သေးကြောင်း (CCSA) မှ ပြောရေးဆိုခွင့်ရှိသူ တာဝီဆင် ဗီဆာနုယိုသင်က ပြောကြားခဲ့သည်။ ပြည်ပသို့သွားရောက် လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသားများ ရှိကြောင်း၊ ၎င်းတို့မှာ နေရပ်သို့ ပြန်လာနေကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် အရေးကြီးနေဆဲဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အနုတ်လက္ခဏာပြတဲ့အထိ ကျဆင်းသွားရတဲ့ အမေရိကန် ရေနံဈေးကွက်

ချိုးစန္ဒီရွှေး

မေ ၂၀ ရက်မှာတော့ ရေနံဈေးကွက်မှာ မကြုံစဖူးထူးခြားတဲ့ဖြစ်ရပ် ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒါကတော့ ရေနံဈေး ထိုးကျသွားခြင်းပါပဲ။ ဘယ်လောက်ထိအောင်တောင် ရေနံဈေးကျဆင်းသွားသလဲဆိုရင် တချို့သော ကုန်သည်တွေဟာ သူတို့ သိုလှောင်ထားတဲ့ရေနံတွေကို ဝယ်ယူမယ့်ဖောက်သည်ဆီ ရေနံဝယ်ယူခ ပိုက်ဆံပြန်ပေးရမယ့် အခြေအနေမျိုးထိအောင် ရောက်သွားပါတယ်။

### သုညအောက်ထိ ထိုးဆင်းသွား

အမေရိကန် စံဈေးနှုန်း သတ်မှတ်ချက်အရတော့ ရေနံစည်တစ်စည်မှာ အမေရိကန်ဒေါ်လာ ၅၀ အထိ ကျဆင်းသွားပြီး အဲဒီနောက်မှာတော့ သုညအောက်ထိကို ကျဆင်းသွားပါတယ်။ ဒါဟာရေနံဈေးကွက်မှာ ပထမဆုံးအကြိမ် အနုတ်လက္ခဏာပြသွားခြင်းပဲ ဖြစ်ပါတယ်။ ကိုဗစ် -၁၉ ကပ်ရောဂါဆိုးကြောင့် တစ်ကမ္ဘာလုံးက စက်ရုံ အလုပ်ရုံတွေ ဖရိုဖရဲဖြစ်ကုန်ရပြီး ကမ္ဘာ့စီးပွားရေးဟာလည်း ကျဆင်းလာရပါတယ်။ ရေနံဝယ်လိုအားဆိုတာကလည်း မရှိသလောက် ဖြစ်သွားပါတယ်။

### သိုလှောင်ထားစရာ နေရာမရှိ

မကြာသေးမီအချိန်ကပဲ ဆော်ဒီအာရေဗီးယားဦးဆောင်တဲ့ ရေနံရောင်းချသူနိုင်ငံတွေအသင်းနဲ့ ရုရှားဦးဆောင်တဲ့ နိုင်ငံများကြား ရေနံလျှော့ချထုတ်လုပ်ဖို့ သဘောတူညီမှု ရရှိခဲ့ပေမယ့် ရေနံသိုလှောင်ထားစရာနေရာကို မရှိဖြစ်နေပါတယ်။ တစ်နေ့မှာ ရေနံစည်ပေါင်းသန်း ၁၀၀ထွက်ရှိနေတဲ့အတွက် အဲဒီရေနံတွေကို သိုလှောင်ထားစရာနေရာ အခက်အခဲဖြစ်နေရပါတယ်။ အခုနှစ်အစောပိုင်းမှာတော့ ရေနံဈေးနှုန်းဟာ တစ်စည်မှာ ဒေါ်လာ ၆၀ ဈေးပေါက်ခဲ့ပေမယ့် မေ ၁၇ ရက်မှာတော့ ရေနံတစ်စည်လျှင် ဒေါ်လာ ၂၀ ပဲ ရှိပါတော့တယ်။ တဖြည်းဖြည်းနဲ့ ရေနံဈေးဟာ အနုတ်ပြလာပြီး ရေနံတစ်စည်ဝယ်ယူမယ့်သူကို ဒေါ်လာ ၃၀ ပြန်ပေးရမယ့် အခြေအနေ ဖြစ်လာပါတယ်။ မေလအတွက် ကြိုတင်ရောင်းချထားတဲ့ ရေနံတွေဟာ မေ ၂၁ ရက်ဆိုရင် သတ်မှတ်ရက်ထက် ကျော်လွန်သွားပါပြီ။ ထားစရာနေရာ အခက်အခဲကြောင့် ဈေးနှုန်းဟာ အဆမတန် ကျဆင်းလာတာပါပဲ။

### ရေနံမဝယ်လိုကြ

ဒါပေမယ့် အခုအချိန်မှာ ဘယ်သူမှ ရေနံမဝယ်ချင်ကြပါဘူး။ ဘာလို့လဲဆိုရင် ဒီရေနံတွေကို သိုလှောင်ထားစရာနေရာ မရှိလို့ပါပဲ။ ဇွန်လအတွက် ရေနံသဘောတူစာချုပ်မှာတော့ ရေနံတစ်စည်မှာ အမေရိကန် ဒေါ်လာ ၂၂ ဒေါ်လာ ဈေးရှိပါတယ်။ တကယ်လို့ မင်းသာ ရေနံထုတ်လုပ်သူ ဖြစ်မယ်ဆိုရင် အခုအချိန်မှာ ဈေးကွက်ပျောက်နေပါတယ်။ သိုလှောင်ထားစရာနေရာရှိတယ်ဆိုရင်ကိုပဲ ကံကောင်းလှပါပြီလို့ သတင်းအချက်အလက်ထောက်ပံ့ရေး ကုမ္ပဏီ ဖြစ်တဲ့ HIS မှ ရေနံဈေးကွက်ဝန်ဆောင်ဒုတိယဥက္ကဋ္ဌ အာရွန်ဘရက်ဒီက ပြောပါတယ်။ ရေနံချက်စက်ရုံတွေကလည်း ရေနံကို ဓာတ်ဆီ၊ ဒီဇယ်နဲ့အခြားသော ထုတ်ကုန်တွေအဖြစ် ပြောင်းလဲထုတ်လုပ်မပေးလိုပါဘူး။ ဘာလို့လဲဆိုရင် လက်ရှိအခြေအနေအရ တစ်ကမ္ဘာလုံးဟာ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် လေကြောင်းခရီးစဉ်ပြေးဆွဲမှုတွေ ရပ်နားထားရပြီး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကလည်းသိသိသာသာကြီး ကျဆင်းနေတဲ့အတွက်ကြောင့် ရေနံချက် စက်ရုံတွေအနေနဲ့လတ်တလောမှာ ဘာမှ မလှုပ်ရှားချင်တာပါ။



“အခုနှစ်အစောပိုင်းမှာတော့ ရေနံဈေးနှုန်းဟာ တစ်စည်မှာ ဒေါ်လာ ၆၀ ဈေးပေါက်ခဲ့ပေမယ့် မေ ၁၇ ရက်မှာတော့ ရေနံတစ်စည်လျှင် ဒေါ်လာ ၂၀ ပဲ ရှိပါတော့တယ်။ တဖြည်းဖြည်းနဲ့ ရေနံဈေးဟာ အနုတ်ပြလာပြီး ရေနံတစ်စည် ဝယ်ယူမယ့်သူကို ဒေါ်လာ ၃၀ ပြန်ပေးရမယ့် အခြေအနေ ဖြစ်လာ”

### အခြေအနေ ဆိုးရွားနေဆဲ

ရေနံလုပ်ငန်းအတွက် အကောင်းဘက်က ခံသာတာတစ်ခုကတော့ ယနေ့အချိန်အထိ ရေနံသိုလှောင်ကန်တွေ နေရာကျန်နေသေးတာပါပဲ။ ဇွန်လအတွက် ရေနံကြိုတင်ဝယ်ယူမှုဟာ ရေနံတစ်စည်မှာ အမေရိကန်ဒေါ်လာ ၂၀ ကျော် ဈေးပေါက်ပေမယ့် အန္တရာယ်များတဲ့ အခြေအနေမှာ ရှိနေ တုန်းပါပဲ။ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၃၀ ဒေါ်လာ ဈေးပေါက်ခဲ့ရင်တောင် အခြေအနေက ဆိုးရွားနေဆဲပါပဲ။ ဒီလိုအခြေအနေမှာ ရေနံတစ်စည်မှာ ဒေါ်လာ ၂၀ ဝန်းကျင် ကနေ ၁၀ ဒေါ်လာ ဝန်းကျင်ဆိုရင်တော့ လုံးဝကိုဆိုးရွားတဲ့ အခြေအနေတစ်ခုပါပဲလို့ ရေနံသုတေသနကုမ္ပဏီဖြစ်တဲ့ Rystad Energy က အကြီးအကဲဖြစ်သူ အာတန်အာဘရာမို့က ပြောပါတယ်။

### ဒေဝါလီခံရမယ့် အနေအထား

ရေနံကုမ္ပဏီအများစုဟာ ရေနံဈေးကောင်းတဲ့အချိန်တုန်းကတောင် အကြွေးတွေအများကြီးရှိနေတဲ့ အနေအထားပါ။ အခုလို သမိုင်းဝင်ကြုံတောင့်ကြုံခဲ ဈေးကျဆင်းတဲ့ အခြေအနေမှာတော့ သူတို့ဆက်လက်ရှင်သန်နိုင်ဖို့ အခက်တွေ့တော့မှာပါ။ ရေနံဈေးဟာ တစ်စည်မှာ ဒေါ်လာ ၂၀ ဝန်းကျင်ဆိုရင် ၂၀၂၁ နှစ်ကုန်ပိုင်းရောက်ရင်တော့ အမေရိကန် ရေနံရှာဖွေရေးနဲ့ ထုတ်လုပ်ရေးကုမ္ပဏီပေါင်း ၅၃၃ ခုဟာ ဒေဝါလီခံရမယ့် အနေအထားဖြစ်နေပါတယ်လို့ Rystad Energy ကပြောပါတယ်။ တကယ်လို့များ ၁၀ ဒေါ်လာ ဝန်းကျင်ဆိုရင်တော့ ရေနံကုမ္ပဏီပေါင်း ၁၁၀၀ ဒေဝါလီ ခံရမယ့် အနေအထားရှိတယ်လို့ ဆက်ပြောပါတယ်။

### အချိန်ယူရဦးမယ်

မေလရောက်တဲ့အထိတောင် ရေနံထုတ်လုပ်မှုပြန်စဖို့မဖြစ်နိုင်ပါဘူး။ ဂျက်လေယာဉ်တွေ၊ ကားတွေ၊ စက်ရုံတွေဟာလည်း ကိုဗစ် -၁၉ ကြောင့် ဘာမှဆက်လုပ်လို့မရဘဲ ရပ်နားထားရပါတယ်။ နောက်ပြီး အနာဂတ်မှာ ချုပ်ဆိုထားတဲ့ စာချုပ်တွေကြောင့် ရေနံဈေးဟာ အကျဘက်ကို ပိုပြီး ဦးတည်သွားရပါတယ်။ အခုရေနံထုတ်လုပ်သူတွေ အာရုံစိုက်နေတာကလည်း ဇွန်လအတွက် ဈေးကွက် ကိုပဲဖြစ်ပါတယ်။ လေယာဉ်တွေ အားလုံးမြေပြင်မှာ ရပ်နားထားရပြီး အပန်းဖြေဖို့အတွက်နဲ့ အလုပ်သွားဖို့အတွက် ကားအသုံးပြုမှုဟာလည်း မရှိသလောက်နည်းပါးနေတာဖြစ်လို့ ရေနံဈေးထိုးကျရတာဟာ အံ့သြဖွယ်ရာတော့ မကောင်းလှပါဘူး။ တကယ်လို့ စီးပွားရေးတွေ ပြန်လည်စတင်ဖို့ ခွင့်ပြုလိုက်ရင်တောင် မျှော်လင့်ထားတာထက်ပိုပြီး အချိန်ယူရဦးမှာပါပဲ။

### ကယ်တင်ဖို့ မစွမ်းသာ

ဆော်ဒီအာရေဗျနဲ့ ရုရှားတို့ကြား ရေနံဈေးတိုက်ပွဲကြောင့်လည်း ရေနံဈေးစတင်ကျဆင်းခဲ့တဲ့ အချက်ထဲမှာ ပါဝင်ပါတယ်။ ဆော်ဒီဦးဆောင်တဲ့ အိုပက်အဖွဲ့နဲ့ ရုရှားဦးဆောင်တဲ့ ရေနံထုတ်လုပ်သူနိုင်ငံများကြား သမိုင်းဝင် ရေနံလျှော့ချထုတ်လုပ်ဖို့ သဘောတူညီချက်ရခဲ့ပေမယ့် ဝယ်လိုအား အဆမတန် လျော့ကျနေတဲ့ ရေနံဈေးကွက်ကို ကယ်တင်ဖို့ မစွမ်းသာခဲ့ပါဘူး။ အာရှမှာတော့ တိုကျိုမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး ဟောင်ကောင်၊ ဆစ်ဒနီ၊ ဆိုးလ်နဲ့ မနီလာတို့မှာတော့ ၁ ရာခိုင်နှုန်းအောက်ကိုပဲ ကျဆင်းနေပါတယ်။ လူပေါင်း ၂ ဒသမ ၅ သန်းကို ရောဂါကူးစက်ခံခဲ့ရပြီး လူပေါင်း ၁၇၀၀၀၀ ကို သေဆုံးစေခဲ့တဲ့ ကိုဗစ် - ၁၉ ကပ်ရောဂါဆိုးကြောင့် ရေနံဈေးကို ပိုမိုကျဆင်းစေခဲ့ပါတယ်။ ဒီကပ်ရောဂါဆိုးကြောင့် အချို့သောနိုင်ငံတွေ ပုံမှန်အခြေအနေပြန်ရောက်ဖို့ အချိန်ယူရပါဦးမယ်။

### ငွေကြေးဈေးကွက်

ငွေကြေးဈေးကွက်မှာ ကြည့်မယ်ဆိုရင်လည်း ဒေါ်လာတန်ဖိုးကျဆင်းရသလို၊ တောင်ကိုရီးယားဝမ်၊ ဩစတြေးလျနဲ့ နယူးဇီလန် ဒေါ်လာ၊ ရုရှား ရူဘယ်တန်ဖိုးဟာလည်း ၁ ရာခိုင်နှုန်းကျော် ကျဆင်းရပါတယ်။

### ဘယ်အချိန်မှာ စီးပွားရေးပြန်စမလဲ

အခုအချိန်မှာ အားလုံးစိတ်ဝင်စားနေကြတာကတော့ ဘယ်အချိန်လောက်မှာ စီးပွားရေးလုပ်ငန်းတွေ ပြန်စနိုင်မလဲဆိုတာပါပဲ။ ဥရောပမှာ ကိုဗစ် – ၁၉ ကြောင့် ထိခိုက်မှု ဆိုးဆိုးရွားရွားခံစားရပေမယ့် ဂျာမနီနဲ့ နော်ဝေတို့မှာတော့ ပိတ်ထားတဲ့ အချို့စီးပွားရေးလုပ်ငန်းတွေကို ပြန်ဖွင့်ခွင့် ပေးပါတော့မယ်။ ဂျာမနီမှာ ဈေးဆိုင်အချို့ကို ပြန်ဖွင့်ခွင့်ပေးခဲ့ပြီး နော်ဝေမှာတော့ နေ့ကလေးထိန်းကျောင်းတွေကို ပြန်ဖွင့်ခွင့်ပေးခဲ့ပါတယ်။ လက်ရှိ ကမ္ဘာပေါ်မှာရှိတဲ့ အစိုးရတွေ အငြင်းပွားနေရတာကတော့ ဘယ်အချိန်မှာ ပိတ်ဆို့ကန့်သတ်မှုတွေကို ပြန်လည်ဖယ်ရှားပေးမလဲဆိုတာပါပဲ။ ကိုဗစ် -၁၉ ကပ်ရောဂါကြောင့် လူပေါင်း ၄ ဒသမ ၅ ဘီလီယံဟာ နေအိမ်အတွင်းမှာပဲ နေနေရပါတယ်။ ကမ္ဘာ့စီးပွားရေးကိုလည်း ဆိုးဆိုးရွားရွား ထိခိုက်စေပါတယ်။ ရေနံဈေးကွက်ယိုင်လဲခြင်းနဲ့အတူ အခြားသော စီးပွားရေးလုပ်ငန်းတွေဟာလည်း ကိုဗစ် -၁၉ အလွန် ကာလတွေမှာ ရုန်းကန်ရမှာကတော့ အသေအချာပါပဲ။ ။

ကိုးကား – အေအက်ဖ်ပီ၊ နယူးယောက်တိုင်းမ်

## နိုင်ငံတကာသတင်းတိုထွာ

### အီတလီဝန်ကြီးချုပ် စီးပွားရေးပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်ကိုကြေညာ

ရောမ မေ ၂၁

အီတလီနိုင်ငံသည် ကန့်သတ်မှုများကို တဖြည်းဖြည်းဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်းနှင့် စီးပွားရေး လုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ်က မေ ၂၁ ရက်က ပြောကြားလိုက်သည်။

ဥရောပ၏ အခြားနိုင်ငံများထက် ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးမှုနှုန်းများပြားကြောင်း ကြေညာခဲ့သော အီတလီနိုင်ငံသည် မတ် ၉ ရက်ကတည်းက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသွားအလာကန့်သတ်မှုများ ပြုလုပ်ခဲ့ရသလို တချို့ဒေသများတွင် အလုံပိတ်ကန့်သတ်မှုများကို တင်းကျပ်စွာ လုပ်ဆောင်ခဲ့ရသည်။

နှစ်ကြိမ်တိုင်တိုင်ချမှတ်ခဲ့သော အသွားအလာကန့်သတ်သည့် ကာလသည် မေ ၃ ရက်တွင် ကုန်ဆုံးမည် ဖြစ်သည်။ ဝန်ကြီးချုပ် ဂူဆက်ပီ ကွန်တီသည် စီးပွားရေးပျက်စီးမှုကို ရှောင်ကြဉ်ရင်း တစ်ဖက်ကလည်း ကိုရိုနာဗိုင်းရပ်စ် နောက်တစ်ဖန် ပြန်လည်ပျံ့နှံ့လာမည့် အခြေအနေကြားတွင် အကျပ်ရိုက်လျက်ရှိသည်။

အေအက်ဖ်ပီ

### ကိုဗစ် - ၁၉ ကြောင့် အမေရိကန်နှင့် မက္ကဆီကိုတို့ကြား နယ်စပ်ပိတ်ထားမှုအချိန်တိုးမြှင့်

မက္ကဆီကိုစီးတီး မေ ၂၁

ကိုဗစ် -၁၉ ကိုထိန်းချုပ်နိုင်ရေး ဆောင်ရွက်နေစဉ် အမေရိကန်နှင့် မက္ကဆီကိုတို့ကြား နယ်စပ်တွင် မလိုအပ်ဘဲ ခရီးသွားလာမှုကို ကန့်သတ်မှု အချိန်တိုးမြှင့်ရန် နှစ်နိုင်ငံစလုံးက သဘောတူခဲ့ကြောင်း မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၂ ရက်တွင် ပြောကြားခဲ့သည်။ မတ်လအတွင်းက စတင်ခဲ့သည့် ယာယီနယ်စပ်ဖြတ်သန်းမှု ပိတ်ပင်ခြင်းသည် မေ ၂၁ ရက်တွင် အချိန်ပြည့်သွားပြီဖြစ်သည်။ ယင်းသတ်မှတ်ချက်ကို အချိန်နောက်ထပ် ရက် ၃၀ တိုးလိုက်ပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံးမှ လက်ရှိအခြေအနေကို ဆုံးဖြတ်ပြီးနောက် ပိတ်ထားရက်ထပ်တိုးရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

ယင်းကန့်သတ်ချက်သည် မက္ကဆီကိုနိုင်ငံမြောက်ပိုင်းနှင့် အမေရိကန်တောင်ပိုင်း တစ်လျှောက် ခြေကျင်ဖြတ်သန်းသွားသူများနှင့် မော်တော်ယာဉ်ဖြင့် ဖြတ်သန်းသွားမှုအပေါ်တွင် သက်ရောက်မှုရှိမည်ဖြစ်သည်။ အပန်းဖြေခရီးအတွက် နယ်စပ်ဖြတ်သန်းသွားခြင်းကို ပိတ်ထားသော်လည်း ဆေးဘက်ဆိုင်ရာလုပ်ငန်းနှင့် အခြားမရှိမဖြစ် လိုအပ်သည့် လုပ်ငန်းများအတွက် သွားလာခြင်းကိုမူ ခွင့်ပြုထားသည်။ မက္ကဆီကိုနိုင်ငံ၌ မေ ၁၉ ရက်တွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၈၂၆၁ ဦးရှိပြီး သေဆုံးသူ ၆၈၆ ဦး ရှိခဲ့သည်။

ဆင်ဟွာ

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁–၄–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၂၀–၄–၂၀၂၀) ရက်နေ့တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၄၂၆) ခုအနက် ပထမအသုတ်စစ်ဆေးရာတွင် (၆) ဦးနှင့် ဒုတိယ အသုတ်စစ်ဆေးရာတွင် (၂) ဦး စုစုပေါင်း(၈)ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID–19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ) ရပြီး ကျန် (၄၁၈) ဦးတွင် COVID–19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ)ပါ။

၂။ အဆိုပါ လူနာသစ် (၈) ဦးအား သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ ဓာတ်ခွဲနမူနာရယူ စစ်ဆေးခဲ့သူ စုစုပေါင်း (၄,၉၁၉)ဦးရှိပြီး COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁၁၉) ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများ၏ သတင်းအပြည့်အစုံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထပ်မံထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၁–၄–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

**(၂၀–၄–၂၀၂၀) ရက်နေ့တွင် COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှု**

| | |
|---|---|
| (၂၀–၄–၂၀၂၀) ရက်နေ့ (ပထမအသုတ်+ ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၄၂၆) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၈) ဦး |
| COVID–19 (SARS–CoV–2) မတွေ့ရှိ (negative) | (၄၁၈)ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁–၄–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)၏ (၂၁–၄–၂၀၂၀) ရက်နေ့၊ ည (၆:၀၀) နာရီအချိန်တွင် ထုတ်ပြန်ချက်အရ ပထမအသုတ်စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၅) ခုအနက် (၂) ဦးတွင် COVID–19 ရောဂါပိုး တွေ့ရှိရပြီး ကျန်လူနာ (၁၈၃) ဦးတွင် COVID–19 ရောဂါပိုး မတွေ့ရှိပါ။

၂။ အဆိုပါလူနာ (၂) ဦးကို သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိကုသမှု ပေးသွားမည် ဖြစ်ပါသည်။

၃။ (၂၁–၄–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၂၁)ဦးရှိပြီ ဖြစ်ပါသည်။

၄။ ယခုအခါ မြန်မာနိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၉)ဦးရှိလာခဲ့ပြီး သေဆုံးသူ (၅) ဦး ရှိခဲ့ပါသည်။

၅။ (၂၀–၄–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၁–၄–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၂၃)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား–၁

**(၂၁–၄–၂၀၂၀ ရက်နေ့ ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုတွင် COVID–19 လူနာတွေ့ရှိမှု**
**ည(၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ယခု ဆေးကုသမှုခံယူလျက် ရှိသည့်/ ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 120 | ၂၁ နှစ် | မ | ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | မရှိပါ။ | မရှိ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ |
| 121 | ၂၁ နှစ် | မ | တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | မရှိပါ။ | ရှိ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (Quarantine) |

*ကျန် (၁၈၃) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

# မယ်စဲ့မြို့နယ်၌ နေရပ်ပြန်များအား အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိ



**မယ်စဲ့ ဧပြီ ၂၁**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် ပြည်တွင်း/ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ဧပြီ ၂၀ ရက် နံနက်ပိုင်းမှစတင်၍ မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း၌ သီးသန့်ထား၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

မယ်စဲ့မြို့နယ် ဝန်ကန်ကျေးရွာတာဝန်ခံ ဦးစိုင်းကျော်ဦးက နေရပ်ပြန်တစ်ဦး ပြန်လည် ဝင်ရောက်လာကြောင်း သတင်းပေးပို့ချက်အရ မြို့နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အတွင်းရေးမှူး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ မြို့နယ် သွားနှင့်ခံတွင်း ဆရာဝန် ဒေါက်တာမြတ်စိုးဦးနှင့် ကျန်းမာရေးဝန်ထမ်းများက သွားရောက်စစ်ဆေးခဲ့ရာ နော်ဒွဲလွဲစေး ထိုင်း(၇)တန်းကျောင်းသူသည် ထိုင်းနိုင်ငံသားတစ်ဦးက ဆိုင်ကယ်ဖြင့် နယ်စပ်သို့ လာရောက်ပို့ဆောင်ခဲ့ပြီး ထိုင်း–မြန်မာ နယ်စပ်တောင်ကြားလမ်းအတိုင်း ဝပ်စလော်ချောင်းမှတစ်ဆင့် ဝမ်ကန်ကျေးရွာသို့ ဝင်ရောက်လာသဖြင့် ကျန်းမာရေးဆိုင်ရာများ သွားရောက်စစ်ဆေး၍ သီးသန့်စောင့်ကြည့်ရန်နေရာအဖြစ် သတ်မှတ်ထားသည့် အထက(မယ်စဲ့)သို့ ပို့ဆောင်ခဲ့သည်။

ထို့ပြင် မယ်စဲ့မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာ ဝန်ထမ်းအချို့မှာ သင်္ကြန်ကာလအတွင်း ပြည်နယ်ကျော် ခရီးထွက်ခွာသွားကြပြီး သက်ဆိုင်ရာရုံးဌာနများသို့ လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်ရန် ရောက်ရှိလာသဖြင့် အထက(မယ်စဲ့)တွင် သီးသန့်စောင့်ကြည့်လျက်ရှိသည်။

မယ်စဲ့မြို့နယ်တွင် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းကို အထက(မယ်စဲ့)တွင် သုံးဦး၊ ဟိုစဲ့ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် တစ်ဦး စုစုပေါင်း လေးဦးကို အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ဒေါက်တိုင်လေးခု သတိပြု

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**ကျွန်တော်တို့အားလုံး ကပ်ရောဂါကြီးဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါဆိုးကြီးကို ရင်ဆိုင်နေရပါပြီ။ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေမှာ ဒီရောဂါဖြစ်ရင် အလွန်ခက်ခဲစွာ ရင်ဆိုင်ရလိမ့်မယ်လို့လည်း သတိပေးထားမှုများရှိပါတယ်။ အကောင်းဆုံးကတော့ ကြိုတင်ကာကွယ်ခြင်းသာ ဖြစ်ပါတယ်။ ကြိုတင်ကာကွယ်ခြင်းမှာ ထိရောက်တဲ့ ဒေါက်တိုင်သဖွယ် ဆောင်ရွက်ဖွယ် လေးခုရှိနေတာကို တင်ပြလိုပါတယ်။**

**လက်ဆေးပါ**

ကိုဗစ် - ၁၉ ကိုရိုနာဗိုင်းရပ်စ် ပိုးကူးစက်ခြင်းမှ ကာကွယ်ရေးအတွက် လက်ကို စနစ်တကျမှန်မှန် ဆေးကြောခြင်းဟာ အလွန်ထိရောက်တဲ့ ကာကွယ်နိုင်မှုဖြစ်ပါတယ်။ လက်တွေမှာ ကပ်ငြိနေတဲ့ အညစ်အကြေးတွေ၊ ကူးစက်ရောဂါပိုးတွေကတစ်ဆင့် နှာခေါင်းကနေ အသက်ရှူလမ်းကြောင်းထဲ အလွယ်တကူ ဝင်ရောက်သွားနိုင်ပါတယ်။

JAMA ကျန်းမာရေးဂျာနယ်မှာ ဖော်ပြထားချက်အရ ရောဂါပိုးကူးစက်ခံနေရသူနဲ့ ခြောက်ပေခန့်အကွာအတွင်းမှာ အလွယ်တကူ ကူးစက်နိုင်ပါတယ်။ လူနာရဲ့ကိုယ်ကထွက်တဲ့ အရည်တစ်ခုခုကို ထိတွေ့မိရာကနေ ကူးစက်နိုင်ကြောင်းလည်း ယူဆကြပါတယ်။ မကြာမီက တွေ့ရှိချက်အရ ကိုရိုနာဗိုင်းရပ်စ်ပိုးတို့ရှိနေတဲ့ အရာဝတ္ထုပစ္စည်းတွေပေါ်မှာ ရောဂါပိုးတို့ဟာ နာရီအနည်းငယ်ကနေ ၇၂ နာရီခန့် ကြာအထိ အသက်ရှင်နေနိုင်ကြောင်း သိရပါတယ်။ ဒါကြောင့် လူတိုင်းလက်ကို သန့်ရှင်းစွာ ထိန်းသိမ်းကြဖို့နဲ့ မိမိ၊ အများနဲ့ဆိုင်တဲ့နေရာများမှာ သန့်ရှင်းစင်ကြယ် ပိုးမွှားကင်းစင်နေဖို့ လိုအပ်ပါတယ်။ သန့်ရှင်းရေးလုပ်ပြီးတာနဲ့ ပိုးသန့်စင်ရေး အစီအမံများ ဆောင်ရွက်သင့်ကြောင်း သိရပါတယ်။

မကြာမီက National Institute of Health(NIH) ရဲ့လေ့လာမှုအရ ကိုဗစ် - ၁၉ ဗိုင်းရပ်စ်ပိုးဟာ လေထဲမှာ ၃ နာရီ၊ ကြေးနီပြား(copper)ပေါ်မှာ ၁ ရက်၊ ပလတ်စတစ်နဲ့ သံမဏိပြားပေါ် မှာ၂ ရက်မှ ၃ ရက် အထိရှင်သန်နေနိုင်ကြောင်းသိရပါတယ်။ ဒါ့ကြောင့် လက်ဆေးခြင်းဟာ အထူးလိုအပ်တဲ့ ကာကွယ်နည်းဖြစ်သလို အထွေထွေသော ကျန်းမာရေးစောင့်ရှောက်ထိန်းသိမ်းမှုအတွက်ပါ အရေးပါတဲ့ အလေ့အကျင့်ကောင်း ဖြစ်ပါတယ်။

ရေ၊ လက်ဆေးဆပ်ပြာတို့ သုံးနိုင်ပါတယ်။ ဆပ်ပြာမသုံးချင်ရင် အယ်လ်ကိုဟော ၆၀ % အထက်နှင့်ပါဝင်သော လက်ဆေးရည် သုံးနိုင်ကြောင်း သိရပါတယ်။ လက်ဆေးရည်အများစုတို့ဟာ ကူးစက်ပိုးတို့ကို လုံးဝမနှိမ်နင်းနိုင်ကြောင်း သိရပါတယ်။ လက်တွေက သိပ် ညစ်ပတ်နေမယ်၊ ဆီချေးတွေနဲ့ ပေကျံနေမယ်ဆိုရင် ဆပ်ပြာနဲ့သာဆေးတာ ကောင်းပါတယ်။ ဓာတုပိုးသတ်ဆေးတွေ၊ သတ္တုဓာတ်တွေဆိုရင်လည်း လက်ဆေးရည်ထက် ဆပ်ပြာက ပိုကောင်းကြောင်း သိရပါတယ်။ လက်ဆေးရည်တွေကို သုံးရင်လည်း စနစ်တကျ ဆေးကြောသင့်ပါတယ်။ လက်ဆေးပုံကို တင်ပြလိုပါတယ်။ ရေအိမ်မသွားမီ၊ အစာမစားမီ၊ ကလေးများ ကစားပြီးအချိန်တို့တွင် သာမက တစ်ခုခုကို ကိုင်တွယ်မိပြီးချိန်တို့မှာ လက်ဆေးဖို့လိုပါတယ်။

လက်ဆေးရင် အချိန်အနည်းဆုံး စက္ကန့် ၄၀ မှ ၆၀ ခန့် ပေးသင့်ပါတယ်။ စနစ်တကျ လက်ဆေးရာမှာ အဆင့် (၅)ဆင့်ရှိပါတယ်။

၁။ Lather- ဘုံဘိုင်က ရေကို၊ ဖွင့်ချပြီး၊ ဆပ်ပြာနဲ့ လက်ဖဝါး၊ လက်ဖမိုး၊ လက်ချောင်း၊ လက်ချောင်းကြား၊ လက်ကောက်ဝတ်တွေကို သေသေချာချာပွတ်တိုက်ဆေးကြောပါ။ အမြှုပ်ထွက်အောင် ပွတ်တိုက်ပေးပါ။

၂။ Scrub- လက်ချောင်းထိပ်လေးတွေမှာ အညစ်အကြေးတွေ ကပ်နေတတ်ပါတယ်။ အဲဒီနေရာတွေပါမကျန် လက်သည်းနဲ့ ပွတ်တိုက်သန့်စင်ပေးပါ။


၃။ Spread - ဒီလိုလုပ်တာကို လက်တစ်ခုလုံး လက်ကောက်ဝတ်အထိပါ ပျံ့နှံ့သွားအောင်လုပ်ပါ။


၄။ Wash- လက်ရဲ့နေရာတိုင်းကို ပွတ်တိုက်ဆေးကြောပါ။

၅။ Rinse- ရေကိုဖွင့်ချပြီး အညစ်အကြေး ကင်းစင်သွားအောင် ဆေးကြောပါ။

ပြီးရင် အဝတ်သန့်သန့်တစ်ခုနဲ့ ခြောက်သွားအောင် သုတ်ပေးပါ။ (လက်မဆေးမီ လက်ပတ်နာရီ၊ လက်စွပ်စသည်တို့ကို ဖြုတ်ပါ)

“မက်စ်တပ်ပါ၊ လူစုလူဝေးရှောင်ပါ။ တစ်ဦးနှင့် တစ်ဦး သုံးပေမှ ခြောက်ပေခွာနေပါ။”




**လေထုထဲမှာ အမှုန်ကလေးများပျံ့လွင့်နေပုံ**

ဂျပန်နိုင်ငံ NHK Broadcasting Organization အသံလွှင့်ကော်ပိုရေးရှင်းနဲ့ Japanese Association for Infectious Diseases ဂျပန်နိုင်ငံ ကူးစက်ရောဂါကုအဖွဲ့တို့ ပူးပေါင်းပြီး ကိုရိုနာဗိုင်းရပ်စ်ပိုးရဲ့ လေထုထဲကနေ ကူးစက်နိုင်ပုံကို လေ့လာခဲ့ကြပါတယ်။ ဓာတ်ပုံ၊ ဗီဒီယိုတို့နဲ့ စိတ်ဝင်စားဖွယ် တင်ပြသွားခဲ့ပါတယ်။ Micro-droplets Infection ခေါ် အလွန်သေးငယ်သော အမှုန်အမွှားလေးတွေကတစ်ဆင့် ကူးစက်နိုင်ကြောင်းတွေ့ရှိရတာ ဖြစ်ပါတယ်။ စကားပြောရာကနေတောင် ကူးစက်နိုင်ဖွယ်ရှိတာကို သတိပြုကြရမှာလည်း ဖြစ်ပါတယ်။ ဒီလေ့လာမှုမှာ High Sensitivity Camera ခေါ်အလွန်သေးငယ်တဲ့ ပုံရိပ်လေးတွေကိုတောင် မလွတ်တမ်း ရိုက်ကူးနိုင်တဲ့ ကင်မရာနဲ့ ရိုက်ကူးထားပါတယ်။ ၀ ဒသမ ၁ မိုက္ကရိုမီတာအထိ ကြည့်နိုင်တဲ့ ကင်မရာဖြစ်ပါတယ်။ ၀ ဒသမ ၁ မိုက္ကရိုမီတာဆိုတာ (တစ်မီလီမီတာရဲ့ တစ်သောင်းပုံတစ်ပုံ) အထိ ကြည့်နိုင်ပါတယ်။ လေ့လာမှုမှာ နှာချေလိုက်တဲ့အခါ အမှုန်ကြီးကြီးတွေဟာ တစ်မီတာလောက်အထိ ရောက်သွားပြီး ကြမ်းပြင်ပေါ် ကျသွားပါတယ်။ သေးငယ်တဲ့ အမှုန်လေးတွေကတော့ လေထဲမှာ ဆက်ပျံ့ဝဲနေဆဲဖြစ်ပါတယ်။ အဲဒီသေးငယ်တဲ့ အမှုန်လေးတွေဟာ ၁၀ မိုက္ကရိုမီတာ(တစ်မီလီမီတာရဲ့အပုံ ၁၀၀ ပုံ တစ်ပုံ) ထက်တောင် သေးငယ်နိုင်တယ်လို့ သိရပါတယ်။

သူတို့ဟာ အလွန်ပေါ့ပါးပြီး လေထဲမှာပျံ့ဝဲနေကြပါတယ်။ ဒီအမှုန်တွေကို micro-droplets အဏုအမှုန်အမွှားလေးတွေလို့ ခေါ် နိုင်ပါတယ်။ သူတို့ဟာ နှာချေရာမှာတင်မက စကားပြောရာကနေလည်း ထွက်လာနေပါတယ်။ Close range conversation ခေါ်တဲ့ နီးနီးကပ်ကပ်စကားပြောရာကနေ ထွက်နေပါတယ်။ အထူးသဖြင့် စကား ကျယ်ကျယ်ပြောလေ ဒီအမှုန်တွေ ပိုထွက်နေလေပါပဲ။ ထွက်လာပြီး စကားပြောတဲ့နေရာအနီးတစ်ဝိုက်မှာပဲ ပျံ့ဝဲနေပါတယ်။ “ဒါကြောင့် ဒီအမှုန်လေးတွေ micro-droplets တွေကို ရှူမိရင် ကပ်နေတဲ့ပိုးကြောင့် ရောဂါကူးစက်နိုင်တယ်ဆိုတာ တွေ့ရပါတယ်”လို့ လေ့လာသူပညာရှင် တာကာကာက ပြောပါတယ်။ Micro-droplets တွေမှာ ဗိုင်းရပ်စ်ပိုးတွေပါမယ်၊ နှာချေ၊ ချောင်းဆိုး၊ စကားပြော၊ နောက်ဆုံးအသက်ရှူရာကနေတောင် ပိုးတွေပါလာနေနိုင်ပါတယ်။ ဒါဟာ risks ပဲ။ အန္တရာယ်ကူးလွယ်တဲ့ အခြေအနေပါပဲလို့ သိရပါတယ်။

လေလုံတဲ့အခန်းတစ်ခုအတွင်းမှာလည်း လေ့လာခဲ့ပါသေးတယ်။ Air tight room- လေလုံခန်းတစ်ခု လူဆယ်ယောက်စာ စာသင်ခန်းတစ်ခုအတွင်းမှာ တစ်ယောက်က ချောင်းတစ်ချက်ဟန့်လိုက်တာနဲ့ အမှုန်ပေါင်း ၁၀၀၀၀၀ လောက်ထွက်လာပါတယ်။ အမှုန်ကြီးတွေက တစ်မိနစ်အတွင်း အောက်ကိုကျသွားပါတယ်။အသေးလေးတွေက ဆက်ပျံ့နေကြဆဲဖြစ်ပါတယ်။ ၅မိနစ်၊ ၁၀မိနစ်၊ မိနစ် ၂၀ အထိ ဆက်ပျံ့နေကြပါတယ်။ ဒီအမှုန်ငယ်လေးတွေဟာ လေမတိုက်ရင် မရွေ့နိုင်ကြပါဘူး။ တစ်နေရာ တည်းမှာပဲ ရှိနေကြပါတယ်။ ဒီအခန်းထဲက လူအားလုံးကို ကူးစက်စေနိုင်တဲ့ သဘောဖြစ်ပါတယ်။ Air circulation- လေလှည့်ပတ်မှုကောင်းအောင် လုပ်ပေးရင်တော့ အမှုန်တွေ လွင့်သွားနိုင်ပါတယ်။ ပြတင်းပေါက်တွေ ဖွင့်ထားလိုက်ရင် အမှုန်လေးတွေကို မှုတ်ထုတ်လိုက်တာကြောင့် လွင့်သွားကြပါတယ်။ အခန်းထဲက အပေါက်နှစ်ပေါက်ကို အနည်းဆုံးတစ်နာရီခြား ဖွင့်ပေးလိုက်တာနဲ့ အမှုန်လေးတွေ လွင့်ထွက်သွားတာ တွေ့ရပါတယ်။ ဒါကြောင့် အလုံခန်းတွေဟာလည်း ကူးစက်နိုင်ခြေရှိတဲ့ နေရာတစ်ခုဖြစ်ကြောင်း သတိပြုရပါတော့မယ်။

New England Journal of Medicine ကလည်း မတ်လအလယ်လောက်က micro-droplets အမှုန်ငယ်လေးတွေကနေ ကူးစက်နိုင်မှုရှိ မရှိကို လေ့လာခဲ့ပါသေးတယ်။ အခု ဂျပန်ပညာရှင်များရဲ့ လေ့လာမှုအရကတော့ ချောင်းဆိုး၊ နှာချေရုံတင်မက ရောဂါပိုးရှိတဲ့သူနဲ့ စကားပြောရာကနေတောင် ကူးစက်နိုင်တယ် ဆိုတာ တွေ့ရခြင်းဖြစ်ပါတယ်။ သို့သော် ကိုဗစ်-၁၉ ဗိုင်းရပ်စ်များသည် ဒီအမှုန်ကလေးတွေမှာ ကပ်တွယ်နိုင်သလား၊ နှာချေ၊ ချောင်းဆိုးရာမှာထွက်တဲ့ micro-droplets အမှုန်ကြီးတွေထက်ငယ်တဲ့ ပိုးပမာဏ ကပ်နေနိုင်သလားဆိုတာကတော့ တိကျစွာ မသိနိုင်သေးပါဘူး။ “လူတစ်ယောက်ကို ကူးစက်နိုင်တဲ့ Covid-19 Virus concentration ဗိုင်းရပ်စ်ပိုးပမာဏကိုလည်း တိတိကျကျသိဖို့ လိုနေပါသေးတယ်”လို့ New England Journal of Medicine ရဲ့ ပညာရှင် Dylan Morris က Live Science ဆေးပညာဂျာနယ်ကို ပြောပြပါတယ်။ ဒါကြောင့် လူအများနီးနီးကပ်ကပ် နေထိုင်ခြင်းသည် ရောဂါကူးစက်လွယ်ခြင်း၊ ၃-၆ ပေခွာမနေခြင်း၊ ချောင်းဆိုး၊ နှာချေခြင်းတို့သည် ကူးစက်နိုင်မှုကို ဖြစ်စေနိုင်သည့် အပြုအမူများ ဖြစ်နိုင်ခြင်း၊ ပိုးရှိနေသူနဲ့ စကားပြောခြင်းသည်ပင်လျှင် အထူးသတိပြု ရှောင်ရှားရမယ့်အချက်ဖြစ်ကြောင်း တွေ့ရပါတယ်။

Japan Association of Infectious Diseases အကြီးအကဲဖြစ်သူ KasuhidoTateda က “ကိုရိုနာဗိုင်းရပ်စ်ပိုးတွေဟာ micro-droplets တွေမှာ ကပ်နေနိုင်မယ်လို့ ယုံကြည်ပါတယ်။ စကားကျယ်ကျယ်ပြောတာ၊ အသက်ပြင်းပြင်းရှူထုတ်တာတွေသည်ပင်လျှင် ကူးစက်နိုင်မှုကို အားပေးတဲ့ အပြုအမူတွေ ဖြစ်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်” လို့ဆိုပါတယ်။

ကိုဗစ် - ၁၉ရောဂါသည် လေထုထဲမှတစ်ဆင့် ကူးစက်နိုင်ခြင်း (Air Borne Infection) ဟုတ် မဟုတ်ကို ငြင်းခုံနေကြသူများ ရှိနေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတောင် မူလက မထောက်ခံခဲ့ကြောင်း သိရပါတယ်။ သို့သော် အခုတွေ့ရှိချက်အရတော့ လေထုထဲကနေ ကူးစက်နိုင်တယ်ဆိုတာနဲ့ နှာခေါင်းစည်းတပ်ဖို့လိုအပ်ကြောင်း၊ လူတစ်ဦးနဲ့တစ်ဦး နီးကပ်စွာမနေအပ်ကြောင်း၊ စသည်တို့ကို လိုက်နာဆောင်ရွက်သင့်ကြောင်း သိနိုင်ပါတယ်။ ကိုဗစ်-၁၉ ရောဂါဟာ တုပ်ကွေးအဖျားရောဂါထက် နှစ်ဆမှ သုံးဆအထိ ကူးစက်လွယ်ပါတယ်။

**မိမိတို့ အိမ်ထဲမှာနေပါ**

ကိုရိုနာဗိုင်းရပ်စ်ပိုးများဟာ မိမိတို့ပတ်ဝန်းကျင်မှာ ရှိနေနိုင်ပါတယ်။ ဒီကူးစက်မှုကို တားဆီးဖြတ်တောက်နိုင်ဖို့ အကောင်းဆုံးနည်းတစ်ခုက ပိုးများရှိရာနေရာများကနေ ရှောင်ရှားကြဖို့သာ ဖြစ်ပါတယ်။ ပိုးများကူးစက်နိုင်တဲ့ကာလတစ်ခုလောက်အထိ သူတို့နဲ့ ကင်းဝေးစွာနေနိုင်ကြရင် ကူးစက်နိုင်တဲ့ အခြေအနေများ ကျဆင်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့နေအိမ်များအတွင်းမှာ နေထိုင်ကြခြင်းဖြင့် ကူးစက်မှုကိုထိရောက်စွာ တားဆီးနိုင်မှာဖြစ်ပါတယ်။ Stay at home ဆိုတဲ့အတိုင်း မိမိတို့ အိမ်များမှာသာ နေကြဖို့ ဖြစ်ပါတယ်။

ဒါကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက်-

**“လက်ဆေး၊ မက်စ်တပ်**

**သုံးပေလှပ်၊ အိမ်မှာနေဖို့**

**သတိချပ်၊ ဒေါက်တိုင်လေးခုမှတ်”** လို့ တိုက်တွန်းအပ်ပါတယ်ခင်ဗျား။ ။

**“ကိုရိုနာဗိုင်းရပ်စ်ပိုးများဟာ မိမိတို့ပတ်ဝန်းကျင်မှာ ရှိနေနိုင်ပါတယ်။ ဒီကူးစက်မှုကို တားဆီးဖြတ်တောက်နိုင်ဖို့ အကောင်းဆုံးနည်းတစ်ခုက ပိုးများရှိရာနေရာများကနေ ရှောင်ရှားကြဖို့သာ ဖြစ်ပါတယ်။ ပိုးများကူးစက်နိုင်တဲ့ ကာလတစ်ခုလောက်အထိ သူတို့နဲ့ ကင်းဝေးစွာနေနိုင်ကြရင် ကူးစက်နိုင်တဲ့ အခြေအနေများ ကျဆင်းသွားမှာ ဖြစ်ပါတယ်”**

# ကမ္ဘောဇဘဏ်က ချင်းပြည်နယ်ရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ပေးအပ်လှူဒါန်း




**ဟားခါး မေ ၂၁**

ချင်းပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကို ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ကမ္ဘောဇဘဏ်က ဟားခါးမြို့ ပြည်နယ်အစိုးရရုံး၌ မေ ၂၁ ရက်က ပေးအပ်လှူဒါန်းရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လက်ခံရယူသည်။ **(ယာပုံ)**

အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ်က ကမ္ဘောဇဘဏ်သည် ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ်က ချင်းပြည်နယ်အတွက် ကျပ်သိန်းပေါင်း ၁၅၀၀၀ ကျော်တန်ဖိုးရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို စင်းလုံးငှားလေယာဉ်များဖြင့် ပို့ဆောင်လှူဒါန်းခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင်လည်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျပ်သိန်း ၁၀၀၀ လှူဒါန်းခဲ့ကြောင်း၊ ပြည်နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေရရှိနိုင်ရန်အတွက် တစ်စီးလျှင် ကျပ် သိန်း ၄၅၀ တန်ဖိုးရှိ ရေသယ်ယာဉ်အသစ် ၁၀ စီးကို ချင်းပြည်နယ်အစိုးရနှင့် ဒေသခံရပ်မိရပ်ဖများထံ လှူဒါန်းခဲ့ကြောင်း၊ ပညာရေးကဏ္ဍ အထောက်အကူအဖြစ် ထန်တလန် အထက်တန်းကျောင်းသို့လည်း ကွန်ပျူတာ ၁၀ စုံ လှူဒါန်းခဲ့ကြောင်း၊ ယခင်က စက်ရေတွင်း တူးဖော်နိုင်ခြင်း မရှိခဲ့သော ချင်းပြည်နယ်တွင် စက်ရေတွင်း သုံးတွင်းကို ယခုနှစ် ဧပြီလဆန်းက အောင်မြင်စွာတူးဖော်လှူဒါန်းပေးခဲ့ပြီး ဟာခါးမြို့ပေါ်ရှိ ရပ်ကွက်များ၊ ဟားခါး စက်မှုသိပ္ပံနှင့် ထန်တလန်မြို့များအတွက် ဆက်လက်တူးဖော်လှူဒါန်းပေးသွားမည်ဟု သိရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ကမ္ဘောဇဘဏ်သည် ချင်းပြည်နယ် တီးတိန်ဆေးရုံအတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆေးရုံသုံး ပစ္စည်းများဖြစ်သော PPE ဝတ်စုံ ၄၅၀၊ ၅၀၀ မီလီ လက်ဆေးရည်ဘူးကြီး ၁၀၀၊ ဆေးရုံသုံးနှာခေါင်းစည်း ၃၀၀၀၊ မျက်မှန် အခု ၂၀၀၊ အပူချိန်တိုင်းစက် ၁၅ ခုနှင့် လက်သန့်ဆေးရည်များနှင့် ငွေကျပ်သိန်း ၃၀ ကိုလည်း ဧပြီ ၂ ရက်နှင့် ဧပြီ ၂၁ ရက်တို့တွင် လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် ဧပြီ ၁၃ ရက်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးရှိ အခြေခံပြည်သူများအား ပေးဝေ လှူဒါန်းနိုင်ရန်အတွက် ငွေကျပ်သိန်း ၆၀၀၀ ကျော် တန်ဖိုးရှိ ဆန်အိတ်ပေါင်း ၂၁၀၀၀ ကျော်ကို ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီသို့ လှူဒါန်းပေးအပ်ထားကာ ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ယခုလက်ရှိအချိန်ထိ ကမ္ဘောဇဘဏ်၊ KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International(MAI)နှင့် Air KBZ လေကြောင်းလိုင်းတို့သည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် ငွေကျပ် ၃၁၂၁၄ သိန်းကို လှူဒါန်းခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် ပူးပေါင်းပါဝင် လှူဒါန်းသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုဇော်**

# ခေါင်လန်ဖူးမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားပြည်သူများအတွက် အခြေခံစားသောက်ကုန် ငါးမျိုးထောက်ပံ့

**ခေါင်လန်ဖူး မေ ၂၁**

ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားပြည်သူများအတွက် အခြေခံစားသောက်ကုန် ငါးမျိုး ထောက်ပံ့ကူညီပေးအပ်ပွဲကို မေ ၁၅ ရက်က ခေါင်လန်ဖူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**အသိပညာပေး**

ရှေးဦးစွာ ခေါင်လန်ဖူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းက လတ်တလောတွင်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်အချက်များ၊ ပြည်ပမှ ပြန်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့်တင်ပြပြီး စစ်ဆေးမှုခံယူကြရန် အသိပညာပေး ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို နိုင်ငံတော်မှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများသို့ ထောက်ပံ့သည့် အခြေခံစားသောက်ကုန် ငါးမျိုးကို ပြည်သူများ လက်ဝယ်အရောက် အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးရန် တိုက်တွန်းပြောကြားပြီး အခြေခံစားသောက်ကုန် ထောက်ပံ့ပစ္စည်း ငါးမျိုးကို မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့သည်။

**ထောက်ပံ့ပေး**

ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ မြို့ပေါ်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စုကိုးအုပ်စုရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၄၁၄ စုကို နိုင်ငံတော်အစိုးရမှ ဆန်(၁၀၈)အိတ်၊ ဆီ ၁၆၂ ပိသာ၊ ဆား ၆၂ ပိသာ၊ ကြက်သွန်နီ ၃၂၄ ပိသာနှင့်ပဲ ၃၂၄ ပိသာကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ငြိမ်းအိအိဖြိုး(ခေါင်လန်ဖူး)**

## ဗဟိုအဆင့်ဆေးရုံကြီးများသို့ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် Surgical Mask များ ထပ်မံဖြန့်ဖြူးပေးမည့် စာရင်းအမှတ် (၂၉)

(၂၁-၄-၂၀၂၀)

| No. | Name of Hospital | ဆေးရုံကြီးများသို့ Surgical Mask များ(၁၈-၀၄-၂၀၂၀)ရက်နေ့ထိဖြန့်ဖြူးထားသည့်စာရင်း | ဆေးရုံကြီးများသို့ Surgical Mask များထပ်မံဖြန့်ဖြူးမည့်စာရင်း |
|---|---|---|---|
| 1 | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | 14,000 | 20,000 |
| 2 | ရန်ကုန်အထူးကုဆေးရုံကြီး | 7,000 | 5,000 |
| 3 | ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး | 7,000 | 5,000 |
| 4 | ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီး | 5,000 | 5,000 |
| 5 | မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး | 8,000 | 10,000 |
| 6 | ရန်ကုန်ကလေးဆေးရုံကြီး | 2,500 | 5,000 |
| 7 | ရန်ကုန်အရိုးအထူးကုဆေးရုံကြီး | 2,500 | 5,000 |
| 8 | သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး | 7,000 | 5,000 |
| 9 | အင်းစိန်ပြည်သူ့ဆေးရုံကြီး | 8,000 | 10,000 |
| 10 | ရန်ကင်းကလေးဆေးရုံကြီး | 5,000 | 5,000 |
| 11 | မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး | 18,000 | 20,000 |
| 12 | မန္တလေးခုတင်-၃၀၀ဆံ့သင်ကြားရေးဆေးရုံကြီး | 30,500 | 10,000 |
| 13 | မန္တလေးအရိုးအထူးကုဆေးရုံကြီး | 9,500 | 5,000 |
| 14 | မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီး | 10,500 | 5,000 |
| 15 | မန္တလေးကလေးဆေးရုံကြီး | 10,000 | 5,000 |
| 16 | မန္တလေးခုတင်-၅၅၀ဆံ့ကလေးဆေးရုံကြီး | 10,500 | 5,000 |
| 17 | နေပြည်တော်ခုတင်-၁၀၀၀ဆံ့ပြည်သူ့ဆေးရုံကြီး | 4,000 | 10,000 |
| 18 | မကွေးသင်ကြားရေးဆေးရုံကြီး | 3,000 | 5,000 |
| 19 | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး | 3,000 | 5,000 |
| 20 | တောင်ကြီးအမျိုးသမီးနှင့်ကလေးဆေးရုံကြီး | 2,500 | 5,000 |
| 21 | နေပြည်တော်အရိုးရောဂါကုဆေးရုံကြီး | 1,500 | 5,000 |
| 22 | နေပြည်တော်ကလေးရောဂါအထူးကုဆေးရုံကြီး | 3,000 | 5,000 |
| 23 | နေပြည်တော်သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး | 1,500 | 5,000 |
| 24 | နေပြည်တော် မျက်စိ၊နား၊နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး | 1,500 | 5,000 |
| 25 | ဝေဘာဂီ အထူးကုဆေးရုံကြီး | 5,000 | 20,000 |
| 26 | အမျိုးသားကျန်းမာရေးဓါတ်ခွဲဌာန | 3,000 | 10,000 |
| 27 | ကန်တော်နဒီဆေးရုံ | 5,000 | 10,000 |
| 28 | တောင်ဥက္ကလာပအမျိုးသမီးနှင့်ကလေးဆေးရုံကြီး | 10,000 | 20,000 |
| Total | | 178,000 | 230,000 |

## တိုင်းဒေသကြီး / ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် Surgical Mask များ ထပ်မံဖြန့်ဖြူးပေးမည့် စာရင်းအမှတ် (၃၀)

(၂၁-၄-၂၀၂၀)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့Surgical Mask များ(၁၈-၀၄-၂၀၂၀)ရက်နေ့ထိဖြန့်ဖြူးထားသည့်စာရင်း | ဆေးရုံများအတွက် တိုင်းဒေသကြီး/ပြည်နယ်များသို့ Surgical Mask များ(၁၈-၀၄-၂၀၂၀)ရက်နေ့ထိ ဖြန့်ဖြူးဆဲစာရင်း | တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ Surgical Maskများ ထပ်မံဖြန့်ဖြူးမည့်အရေအတွက် |
|---|---|---|---|---|
| ၁ | ကချင် | 117,400 | 76,100 | 190,500 |
| ၂ | ကယား | 48,800 | 24,700 | 80,000 |
| ၃ | ကရင် | 198,800 | 57,400 | 60,000 |
| ၄ | ချင်း | 127,350 | 44,000 | 26,000 |
| ၅ | မွန် | 120,750 | 53,900 | 15,000 |
| ၆ | ရခိုင် | 210,000 | 95,900 | 90,000 |
| ၇ | ရှမ်း (တောင်) | 150,400 | 78,600 | 150,000 |
| ၈ | ရှမ်း (မြောက်) | 145,200 | 98,100 | 40,000 |
| ၉ | ရှမ်း (ရှေ့) | 57,550 | 34,800 | 15,000 |
| ၁၀ | နေပြည်တော် | 70,400 | 33,200 | 100,000 |
| ၁၁ | ရန်ကုန် | 226,750 | 102,400 | 108,400 |
| ၁၂ | မန္တလေး | 286,250 | 126,800 | 100,000 |
| ၁၃ | ပဲခူး | 328,750 | 142,800 | 300,000 |
| ၁၄ | စစ်ကိုင်း | 449,000 | 186,500 | 100,000 |
| ၁၅ | မကွေး | 341,800 | 122,400 | 200,000 |
| ၁၆ | တနင်္သာရီ | 89,100 | 51,600 | 44,000 |
| ၁၇ | ဧရာဝတီ | 440,800 | 164,900 | 800,000 |
| ၁၈ | ဗဟို | 50,000 | - | - |
| စုစုပေါင်း | | 3,459,100 | 1,494,100 | 2,418,900 |

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။



## မန္တလေးမြို့တွင် အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာငွေများကို အောင်မြေသာစံမြို့နယ်ရှိ အထက(၁)တွင် ပြောင်းရွှေ့ထုတ်ပေး

**မန္တလေး မေ ၂၁**

မန္တလေးမြို့ရှိ အငြိမ်းစားဝန်ထမ်းများအတွက် မြန်မာ့စီးပွားရေးဘဏ်(၁)(မန္တလေး)မှ ထုတ်ပေးလျက်ရှိသည့် ပင်စင်လစာငွေများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် မေ ၂၁ ရက်မှစ၍ ၂၉ ရက်အထိ (ရုံးပိတ်ရက်များမပါ) အောင်မြေသာစံမြို့နယ် ၂၄ လမ်း၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြားရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် နေ့စဉ် နံနက် ၇ နာရီမှ မွန်းလွဲ ၃ နာရီအထိ ပြောင်းရွှေ့ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ်(၁)တွင် မန္တလေးမြို့မှ လစဉ်ပင်စင်စားဦးရေမှာ သုံးသောင်းကျော်ရှိပြီး ပင်စင်လစာထုတ်ပေးသည့် ပထမဆုံးနေ့တွင် လူဦးရေနှစ်ထောင်ကျော် လာရောက် ထုတ်ယူလေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ယခုလိုကာလတွင် အသက်အရွယ်ကြီးရင့်သည့် အငြိမ်းစားဝန်ထမ်းများအနေဖြင့် လူစုလူဝေး ဖြစ်ပေါ်မှုကြောင့် ရောဂါကူးစက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန်နှင့် အပူဒဏ်ခံစားရမှု သက်သာစေရန်ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပညာရေးဌာနနှင့် ပူးပေါင်းကာ အထက(၁)ကျောင်းအတွင်း၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်ကာ ငွေထုတ်ကောင်တာသုံးခုဖြင့် ပင်စင်လစာများအား ထုတ်ပေးခြင်းဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်(၁) (မန္တလေး)မှ မန်နေဂျာ ဦးမျိုးထက်အောင်က ပြောသည်။

"ပင်စင်လစာထုတ်ယူဖို့လာရောက်ကြသူတွေကို ကျောင်းဝင်းအတွင်း မဝင်ခင်မှာ အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်းနဲ့ နှာခေါင်းစည်း တပ်ဆင်ခြင်းတွေကို ဆောင်ရွက်ပြီးမှ တစ်ဦးချင်း ဝင်ခွင့်ပြုမှာဖြစ်သလို ကျောင်းဝင်းအတွင်းမှာလည်း ထိုင်ခုံတွေကို ခြောက်ပေ အကွာအဝေးမှာ ထားပြီး စီစဉ်ပေးထားပါတယ်။ အခုအချိန်က ရာသီဥတုလည်း ပူပြင်းတဲ့အတွက် အသက်အရွယ်ကြီးရင့်တဲ့ ပင်စင်စားတွေအတွက် သီးစုံခတ်ဆား၊ ဖျော်ရည်တွေကို တစ်ခါသုံးခွက်နဲ့ တစ်နေကုန် တိုက်သွားမယ့်အပြင် အလှူရှင်တွေ လာရောက်လှူဒါန်းထားတဲ့ ရေသန့်ဘူးတွေလည်း အဆင်သင့်ထားရှိပေးထားပါတယ်။ ပင်စင်လစာငွေကိုလည်း ကွန်ပျူတာစက်လေးလုံးနဲ့ ဝန်ထမ်းအင်အား ၂၀ က အကာအကွယ် အပြည့်အစုံဝတ်ဆင်ပြီး တစ်ပြိုင်တည်း ထုတ်ပေးလျက်ရှိပါတယ်။ ပင်စင်လစာ ထုတ်ပေးပြီးသွားရင်လည်း ကျောင်းဝင်းတစ်ခုလုံးနဲ့ ထိုင်ခုံတွေအားလုံးကို နေ့စဉ် ပိုးသတ်ဆေးဖျန်းပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

ထို့ပြင် အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးမောင်မောင်ဝင်းကလည်း ယခုလို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလမှာ ပင်စင်လစာအတွက် ထုတ်ယူကြသည့် အငြိမ်းစားဝန်ထမ်းများအနေဖြင့် ရောဂါကူးစက်မှုအန္တရာယ်မှ ကင်းဝေးစေရန်နှင့် သက်သောင့်သက်သာ ထုတ်ယူနိုင်စေရန်အတွက် အထက(၁) ကျောင်း၌ စီစဉ်ပေးခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအတိုင်း အိမ်မှာပဲ နေထိုင်ကြရန်နှင့် မဖြစ်မနေ အပြင်ထွက်ရန် အကြောင်းကိစ္စ ပေါ်ပေါက်ပါကလည်း နှာခေါင်းစည်း တပ်ဆင်ကြရန် အကြံပြုတိုက်တွန်း ပြောကြားသည်။

ယခုကဲ့သို့ အထက(၁)၌ ပင်စင်လစာများ ပြောင်းရွှေ့ထုတ်ပေးရာတွင် လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်(၁) ဝန်ထမ်းများနှင့်အတူ သက်ဆိုင်ရာမြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် နန်းရှေ့လူမှုကူညီရေးအသင်းများက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ့စီးပွားရေးဘဏ်(မြိတ်)ဘဏ်ခွဲ၌ ပင်စင်လာရောက်ထုတ်ယူသူများအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် စနစ်တကျ ဆောင်ရွက်လျက်ရှိ

**မြိတ် မေ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်(မြိတ်)ဘဏ်ခွဲ၌ မေ ၂၁ ရက် နံနက်ပိုင်းမှစတင်ကာ ပင်စင်လာရောက်ထုတ်ယူသူများအား စနစ်တကျလက်ဆေးစေခြင်း၊ ကိုယ်အပူချိန်တိုင်းကိရိယာဖြင့် ကျန်းမာရေး စစ်ဆေးခြင်းနှင့် လူစုလူဝေးမဖြစ်စေရေး ဆောင်ရွက်လျက်ရှိသည်။

"ပင်စင်စားတစ်ယောက် ဘဏ်ကို ရောက်လာပြီဆိုတာနဲ့ လက်ဆေးဖို့ စနစ်တကျလုပ်ပေးထားပါတယ်။ ပြီးရင် ကိုယ်အပူချိန်တိုင်းပါတယ်။ အလှည့်ကျစနစ်နဲ့ ဝင်လို့ရအောင် တိုကင်ပေးတဲ့စနစ်ကို ကျင့်သုံးပါတယ်။ တုံကင်နံပါတ်အရခေါ်ပြီး စနစ်တကျ တန်းစီတော့ ကွန်ပျူတာနဲ့ ခတ်ပုံရိုက်ခြင်း၊ ပြီးရင်ငွေထုတ်ပေးခြင်းလုပ်ပြီး စနစ်တကျ ပြန်လည်ထွက်ခွာနိုင်ဖို့ ဘဏ်ဝန်ထမ်းတွေနဲ့ ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်းပြီး စီစဉ်ဆောင်ရွက်ပေးပါတယ်။

"လောလောဆယ် ရပ်ကွက်အလိုက်ထုတ်ယူဖို့ ဒေသအာဏာပိုင်နဲ့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့ ကြေညာပြီး ဆောင်ရွက်ထားပါတယ်။ လက်ရှိအချိန်မှာတော့ ခါတိုင်းလတွေမှာ လူတွေစုပြုံပေမယ့် အခုလမှာ စနစ်တကျ လာရောက်ထုတ်ယူခြင်းအားဖြင့် အရင်လကထက်မနည်း ပင်စင်စားများကို ထုတ်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ အခုလက်ရှိ နံနက် ၇ နာရီကတည်းက ထုတ်ပေးနေတာ၊ ညနေ ၃ နာရီအထိ ပင်စင်စား ၅၀၀ခန့် ထုတ်ပေးမှာဖြစ်ပါတယ်" ဟု မြန်မာ့စီးပွားရေးဘဏ် (မြိတ်)ဘဏ်ခွဲ ခရိုင်မန်နေဂျာ ဦးထွန်းစိုးလွင်က ပြောသည်။

မြန်မာ့စီးပွားရေးဘဏ် (မြိတ်)ဘဏ်ခွဲ၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပင်စင်ထုတ်ပေးသည့်အချိန်တွင် လူစုလူဝေးမဖြစ်စေရန်၊ ဘဏ်အတွင်းအပြင် ပင်စင်စားများ နားနေနိုင်ရန်၊ လူစုလူဝေးမဖြစ်စေရန် ကြိုတင်စီစဉ် ဆောင်ရွက်ထားရှိကြောင်း၊ မြိတ်ဘဏ်ခွဲတွင် လစဉ် ပင်စင်လာရောက် ထုတ်ယူသူ ၂၃၀၀ ကျော်ရှိကြောင်း၊ ပင်စင်ထုတ်ယူလိုသူများအနေဖြင့် မေ ၂၁ ရက်မှ စတင်ကာ ဘဏ်ဖွင့်သည့်ရက်များ၌ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။


**ခိုင်ထူး (ပြန်/ဆက်)**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**



# ပြည်နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/ ၂၀၂၀) ကျင်းပ




ပြည်နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀) ကျင်းပစဉ်။

လွိုင်ကော် မေ ၂၁

ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများဆောင်ရွက်နိုင်အတွက် ပြည်နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀) ကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကိုဗစ်-၁၉နှင့် ပတ်သက်၍ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်းဖြစ်ပြီး ပြည်နယ်အတွင်း ယနေ့အချိန်အထိ ပိုးတွေ့လူနာ မတွေ့ရှိရသေးကြောင်း၊ စီမံသင့်သည်များကို အချိန်နှင့်တစ်ပြေးညီ စီမံနိုင်ရန်အတွက် ပြုလုပ်ခြင်းဖြစ်ပြီး ပိုးမတွေ့သည့် အခြေအနေတွင် ဝမ်းသာနေရမည်ဖြစ်သော်လည်း တွေ့ရှိလာသည်ဆိုသည့် အခြေအနေတွင် မြေပြင်၌ အန္တရာယ်များစွာ ရှိနိုင်သည်များကို တင်ပြလိုကြောင်း၊ မိမိတို့အနေဖြင့် ဦးစွာ ပြည်နယ်အဝင်/အထွက် ဂိတ်များကို စတင် ပြုလုပ်ဆောင်ရွက်ခဲ့ပြီး လုံခြုံမှုမည်မျှအထိ လုပ်ဆောင်နိုင်ခဲ့သည်ကို သုံးသပ်ရာတွင် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် များစွာ အရေးကြီးကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ စွမ်းဆောင်ရည်ပေါ်မူတည်၍ များစွာအကျိုး သက်ရောက်မှုရှိနိုင်ကြောင်း၊ မိမိတို့မြို့နယ်များ အလိုက် နေရပ်ပြန်လာသူများ ဝင်ရောက်မှုများကို အချိန်နှင့်တစ်ပြေးညီ စိစစ်ပြီး တင်ပြနိုင်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ကျန်းမာရေးရှုထောင့်မှသာ ကြည့်ရှု၍ မိမိတို့ လုပ်ငန်းတာဝန်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ခရိုင်/ မြို့နယ်/ မြို့အုပ်ချုပ်ရေးမှူးများမှ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်၊ ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အခက်အခဲများ၊ လိုအပ်ချက်များနှင့် ဆောင်ရွက်ချက်များကို တင်ပြကြရာ ပြည်နယ် ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူး၊ လွိုင်ကော် ပြည်သူ့ဆေးရုံအုပ်ကြီး၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် မြို့အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထွန်းလေး (ပြန်/ဆက်)

# ကျောက်ဆည်မြို့ စိန်ရွှေအောင်မြင်အထည်ချုပ်စက်ရုံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဝတ်စုံများနှင့် နှာခေါင်းစည်းများ ထုတ်လုပ်ရောင်းချမည်

ကျောက်ဆည် မေ ၂၁

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်သည် ယမန်နေ့က ကျောက်ဆည်မြို့ စက်မှုဇုန်နယ်မြေအတွင်းရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမှတ်(၃)စက်မှုလုပ်ငန်း၊ အပ်ချုပ်စက်ရုံ (ကျောက်ဆည်) စိန်ရွှေအောင်မြင်အထည်ချုပ် စက်ရုံသို့ သွားရောက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးသုံး တန်ဖိုးသင့် ရောဂါကာကွယ်ရေးဝတ်စုံများနှင့် နှာခေါင်းစည်းများ ထုတ်လုပ်ရောင်းချနိုင်ရေး တာဝန်ရှိသူများနှင့် ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများ လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် စက်ရုံမှတာဝန်ရှိသူများက တန်ဖိုးသင့် ရောဂါကာကွယ်ရေးဝတ်စုံများနှင့် နှာခေါင်းစည်းများ ထုတ်လုပ်ရောင်းချပေးစေလိုကြောင်း ဆွေးနွေးခဲ့ပြီး စက်ရုံတာဝန်ရှိသူများက လက်ရှိချုပ်လုပ်ထားသည့် ရောဂါကာကွယ်ရေးဝတ်စုံ နမူနာနှစ်စုံနှင့် နှာခေါင်းစည်းနမူနာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **သက်မောင်(ကျောက်ဆည်)**



# မလှိုင်မြို့နယ်အုတ်ဖိုကန် အသွားအလာကန့်သတ်စောင့်ကြည့်စင်တာ၌ သောက်သုံးရေပေးဝေ

မလှိုင် မေ ၂၁

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မလှိုင်မြို့နယ် အုတ်ဖိုကန်အုပ်စုရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေး စင်တာမှ လူများအတွက် သောက်သုံးရေပြည့်စုံစေရန် လိုအပ်နေမှုများကို မြို့အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစောင့်ရှောက်ရေးအဖွဲ့ လူမှုရေးအသင်းနှင့် ပူးပေါင်း၍ ယမန်နေ့က ဆောင်ရွက်ကြသည်။

မလှိုင်မြို့ အုတ်ဖိုကန်အုပ်စုရှိ အုတ်ဖိုကန်ကျေးရွာ၊ အုပ်နဲ့စုကျေးရွာနှင့် ကျင်းရွာများရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာထားရှိသည့် စာသင်ကျောင်းများမှ လူ ၁၅ ဦးအတွက် သောက်သုံးရေ ပြည့်စုံစေရန် ရေဂါလန် ၈၀၀ ပေးပို့ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကျေးရွာများရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးထားရှိသည့် လူများမှာ အသစ်ထပ်မံရောက်ရှိလာကြခြင်းဖြစ်ပြီး ၎င်းတို့အတွက် သောက်သုံးရေပြည့်စုံစေရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ ပို့ဆောင်ပေးခဲ့ပြီး အစားအသောက်အတွက် ထမင်းဟင်း၊ မုန့်နှင့် ကြံရည်တို့ကို မလှိုင်မြို့ အသွားအလာကန့်သတ်စောင့်ကြည့်ရေး စောင့်ရှောက်ရေး လူမှုရေးအဖွဲ့မှ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

ဘိုဘို(မလှိုင်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁- ၄ - ၂၀၂၀

ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၄၅/၄၈၀ | ကျပ် | ၄၆၀/၄၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၅၅/၄၉၀ | ကျပ် | ၄၇၅/၅၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၁၀/၃၅၀ | ကျပ် | ၃၅၀/၃၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၄၀/၅၀၀ | ကျပ် | ၄၉၅/၅၆၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၉ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၉ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၁ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၁ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၀၀ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၁ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၀၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၃၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၅၄၀၀၀၀၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၂၈၁၆ | ၁၀၂၉၄၂၅၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၈ | ၁၇၂၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၂၀၉ | ၅၈၅၂၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - ဝင်းကျော်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ခင်ရတနာ
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# စိုင်းစိုင်းခမ်းလှိုင်က ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အလှူငွေ ကျပ်သိန်း ၃၀၀ ကနဦး လှူဒါန်းထား

နှစ်စဉ်ကျင်းပသော အဆိုတော် စိုင်းစိုင်းခမ်းလှိုင်၏ မွေးနေ့ရှိုးပွဲကို ယခုနှစ်တွင် အွန်လိုင်းမှဖျော်ဖြေသည့် ပုံစံဖြင့် အခမဲ့ ကျင်းပခဲ့သော်လည်း




စိုင်းစိုင်းခမ်းလှိုင်၏ ပရိသတ်များနှင့် မိတ်ဆွေများ၏ ဝိုင်းဝန်းလှူဒါန်းမှုမှ ယခုအချိန်ထိ အလှူငွေ ကျပ်သိန်း ၈၀၀ ခန့် ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရရှိသော အလှူငွေများထဲမှ ကျပ်သိန်း ၃၀၀ ကို ကိုဗစ်-၁၉ အရေးပေါ် တုံ့ပြန်ရေးကော်မတီထံသို့ စိုင်းစိုင်းခမ်းလှိုင်က ဧပြီ ၁၄ ရက်က လှူဒါန်းခဲ့သည်။

"ဒီအလှူငွေတွေဟာ ကပ်ရောဂါ ထိန်းချုပ်ရေးနဲ့ အလုပ်နားကာလမှာ ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစား အိမ်ထောင်စုတွေအတွက် ရိက္ခာဝေငှရေးထဲကို ရောက်ရှိမှာဖြစ်ပါတယ်၊ ကျန်တဲ့ အလှူငွေကိုလည်း လိုအပ်တဲ့ နေရာတွေကို ဆက်လက်လှူဒါန်းသွားမှာပါ၊ Birthday Show ကနေတစ်ဆင့် ရန်ပုံငွေ ရှာဖွေခဲ့တဲ့ အစီအစဉ်မှာ ကျွန်တော်နဲ့အတူ ပူးပေါင်းပါဝင်ခဲ့ကြတဲ့ သူငယ်ချင်းများ၊ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များနဲ့ ပရိသတ်များ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု စိုင်းစိုင်းခမ်းလှိုင်က ပြောကြားသည်။

ကိုလင်း

# ဖြူဖြူကျော်သိန်းက Stay Home ကာလအတွင်း ပရိသတ်များအတွက် သီချင်းသစ်များဖန်တီးနေ



အဆိုတော်ဖြူဖြူကျော်သိန်း အနေဖြင့် ယခုနှစ်တွင် ကိုဗစ်-၁၉ ကြောင့် သင်္ကြန်ဖျော်ဖြေရေး အစီအစဉ်များ မရှိခဲ့သော်လည်း မိမိအိမ်တွင်သာ နေထိုင်ရင်း တေးသီချင်းသစ်များကို ဖန်တီးလျက်ရှိကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ငါးနှစ်ကနေ ဒီကြားထဲမှာ ဖြူဖြူက April Fool တို့၊ Mini Album တို့၊ Remix 2019 တို့ လုပ်ခဲ့တာကြောင့် တစ်ကိုယ်တော် Solo Album အခွေကို အချိန်ပေးပြီး မလုပ်နိုင်ခဲ့ဘူး။ ခုချိန်မှာတော့ ကိုဗစ်-၁၉ ကြောင့် အကုန်လုံး ရပ်နားထားတဲ့အချိန်ဆိုတော့ သီချင်းသစ်တွေကို Solo Album အတွက် စဉ်းစားဖြစ်တယ်။ လက်ရှိမှာ သီချင်း ခြောက်ပုဒ်၊ ခုနစ်ပုဒ်တော့ ရှိပြီးသားပါ။ 'မိန်းကလေးတစ်ယောက် အသည်းကွဲနေတယ်' အခွေထဲကလို လမ်းခွဲခါနီး ချစ်သူနှစ်ဦးအကြောင်းကို အလွမ်းအဆွေး သံစဉ်ခပ်မိုက်မိုက်လေး ပါမယ်။ ကိုဖိုးကာ ရေးပေးထားတဲ့ ကိုယ်ပိုင်သံစဉ် အချစ်သီချင်းလေး တစ်ပုဒ်ပေါ့။ ဒီသီချင်းနာမည်ကိုတော့ ကိုဖိုးကာက 'ကတိ'လို့ ပေးထား တယ်။ ဖြူဖြူကတော့ 'ချည်မထားကြကြေး' လို့ နာမည်လေး ပေးမယ်ပေါ့။ အချစ်သီချင်းတွေ ပါဝင်မှာပါ"ဟု ဖြူဖြူကျော်သိန်းက ပြောသည်။

အဆိုပါအခွေတွင် တေးရေးများ အနေဖြင့် ဖိုးကာ၊ အောင်လတို့နှင့်အတူ အခြား တေးရေးများစွာလည်း ပါဝင်မည်ဖြစ်ပြီး သီချင်းအမျိုးအစားများ အနေဖြင့် အချစ်၊ အလွမ်း၊ အဆွေး ရသမျိုးစုံ ကိုယ်ပိုင်သံစဉ်သီချင်းများ ပါဝင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တေးရေး ဖိုးကာ ရေးပေးသည့် အချစ်သီချင်းသစ်များကို Immortal Band ဖြင့် အသံသွင်းနေကြောင်း သိရသည်။

ကိုလင်း

# "ဇာတ်ကားတိုင်း ဇာတ်ရုပ်တိုင်းဟာ ကိုယ့်အတွက် စိန်ခေါ်မှုတွေပါပဲ"

## ရဝမ်တိုင်းရင်းသူ သရုပ်ဆောင် ဆာရာဆောင်းဦးနှင့် တွေ့ဆုံမေးမြန်းခြင်း

........................................................................

ကိုလင်း

ငယ်စဉ်ကပင် စင်မြင့်တေးသီချင်းဖျော်ဖြေမှုများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည့် ဆာရာဆောင်းဦးအနေဖြင့် ရုပ်ရှင်သရုပ်ဆောင်နယ်ပယ်ဘက်သို့ ဝင်ရောက်ပြီးနောက်တွင် နိုင်ငံကြီးသား ရုပ်ရှင်ဇာတ်ကားကြီးကြောင့် ပရိသတ်များ၏ ပိုမိုသတိထား အားပေးမှုကို ရရှိလာခဲ့သည်။ ရဝမ် တိုင်းရင်းသူလေး တစ်ဦးဖြစ်သည့် သရုပ်ဆောင် ဆာရာဆောင်းဦးနှင့် တွေ့ဆုံ၍ လတ်တလော အနုပညာလှုပ်ရှားမှုများနှင့် ရှေ့ဆက် လုပ်သွားမည့် အနုပညာအလုပ်များ အကြောင်းကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ အနုပညာနဲ့ပတ်သက်ပြီး ဘာတွေလုပ်ဖြစ်လဲ။**

ဖြေ။ ။ အခုတော့ ရုပ်ရှင်ကားကြီး မရိုက်ဖြစ်သေးဘူး။ အလှဓာတ်ပုံတွေ ရိုက်ဖြစ်တယ်။ ရိုက်ထားတဲ့ ဇာတ်လမ်းတွဲလေးတွေကတော့ MRTV ကနေ လွှင့်မယ်ပြောတယ်။ ဘယ်တော့လောက် ဖြစ်မလဲတော့ မပြောတတ်သေးဘူး။ ဒီလထဲမှာ မြစ်ကြီးနားကို သွားဖို့လည်း ရှိပါတယ်။

**မေး။ ။ ရဝမ်တိုင်းရင်းသူလည်းဖြစ်တယ်။ စကားပြောရင်လည်း ဝဲတယ်ဆိုတော့ သီချင်းဆိုရင် အခက်အခဲဖြစ်တာမျိုးရှိလား။**

ဖြေ။ ။ သီချင်းကတော့ ငယ်ငယ်ကတည်းက ဆိုခဲ့တာလေ။ အဆင်ပြေတယ်လို့တော့ ထင်ပါတယ်။ သရုပ်ဆောင်အလုပ်ကတော့ ဝါသနာပါလွန်းလို့ လုပ်တာပဲရှိတာပါ။ သီချင်းကတော့ အသက် သုံးနှစ်သမီး အရွယ်လောက်ကတည်းက စင်ပေါ်ရောက်နေတာဆိုတော့ စင်ကြောက်တာ၊ ကြောင်တာမျိုးတွေတော့ မရှိပါဘူး။ အသံဝဲတာကလည်း အဆွဲသံတွေကျရင်သာ ပေါ်လာတာဆိုတော့ ပြဿနာတော့ သိပ်မရှိပါဘူး။ အဆင်ပြေအောင်တော့ ဆိုနိုင်ပါတယ်။

**မေး။ ။ အနုပညာအလုပ်လုပ်ပြီး စကားနည်းတယ်ဆိုတော့ ဘယ်လို ဇာတ်ကားတွေက ကိုယ့်အတွက် စိန်ခေါ်မှုဖြစ်စေသလဲ။**

ဖြေ။ ။ ဇာတ်ကားတိုင်းကတော့ ကိုယ့်အတွက် စိန်ခေါ်မှုတွေပါပဲ။ ကာရိုက်တာ တစ်ခုချင်းစီက အပြင်က ကိုယ့်ရဲ့ပုံစံနဲ့မတူဘဲ သူ့ဇာတ်ကောင်ရဲ့ ပုံစံအတိုင်း ရိုက်ရတာဆိုတော့ ညီမအတွက် စိန်ခေါ်မှုဖြစ်စေတယ်။ ပြီးတော့ ပြင်ဆင်မှုပိုင်းဆိုင်ရာကို သေချာလုပ်ရတာကလည်း စိန်ခေါ်မှုဖြစ်စေတာပဲ။ ကိုယ်က စကားနည်းတယ်၊ စကားဝဲတယ်ဆိုတော့ ပြောရရင် အားနည်းချက်တွေ ပိုများတယ်လေ။ အဲဒါတွေကြောင့် သူများတွေထက် အလုပ်ကို ပိုပြီး ဂရုစိုက်ပြီး လုပ်ရပါတယ်။ စကားပြောရင်လည်း အရင်ကတော့ ထိန်းပြီး



ပြောဖြစ်တယ်။ နောက်ပိုင်းကျတော့ ကိုယ်က တိုင်းရင်းသားဖြစ်လို့ စကားဝဲတာဆိုတော့ ဝဲနေတာကို ပျောက်ဖို့ထက် ကိုယ့်ရဲ့အသံကို လူတိုင်းနားလည်ပြီး အဆင်ပြေတဲ့ အနေအထားတစ်ခုပဲ ဖြစ်ချင်တော့တယ်။ ဆောင်းက ရဝမ် တိုင်းရင်းသူပါ။ နယ်က လာတာလည်းဖြစ်တယ်။ ကိုယ်နဲ့ လုံးဝမနီးစပ်တဲ့ အသိုင်းအဝိုင်းတစ်ခုထဲကို ရောက်လာရတာဖြစ်တဲ့အတွက် နှစ်ဖက်လုံး အဆင်ပြေအောင်တော့ ပြင်ဆင်ရပါတယ်။ အခု ဆောင်းပြောနေတဲ့အသံကို နားလည်တယ်ဆိုရင်တော့ ကျေနပ်ပါပြီ။ ဒီထက်ပိုပြီး အဆင်ပြေအောင်လည်း ကြိုးစားသွားမှာပါ။

**မေး။ ။ သီချင်းဆိုတဲ့အပေါ် ပရိသတ်တွေရဲ့ အားပေးမှုအခြေအနေကရော ဘယ်လိုရှိလဲ။**

ဖြေ။ ။ တချို့က သီချင်းခွေ ထုတ်စေချင်ကြတယ်။ တစ်ပုဒ်ချင်းစီ လုပ်ဖို့လည်း တိုက်တွန်းကြတယ်။ ဟိုတုန်းက ကိုနီတာ၊ ကိုဆိုတေးတို့နဲ့ အတွဲခွေတွေမှာ ဆိုထားခဲ့ဖူးတာကို မှတ်မိနေတဲ့ ပရိသတ်တွေလည်းရှိတယ်။ သူတို့က ညီမကို ရော့ခ်သီချင်းနဲ့ မလိုက်ဘူး၊ ရော့ခ်သီချင်း မဆိုစေချင်ဘူး၊ ပေ့ါပ်သီချင်း ချိုချိုလေးတွေကိုပဲ ဆိုစေချင်တယ်လို့လည်း ပြောကြတယ်။

**မေး။ ။ ပွဲတွေမှာ ဘယ်သူ့သီချင်းတွေကို အများဆုံး ဆိုဖြစ်လဲ။**

ဖြေ။ ။ တော်တော်များများတော့ ဆိုဖြစ်ပါတယ်။ မဆုန်သင်းပါရ်ရဲ့သီချင်း ချိုချိုလေးတွေ၊ မဟေမာနေဝင်းတို့၊ မလေးလေးဝါးတို့ရဲ့ ဟိုးတုန်းက သီချင်းတွေကိုလည်း ပြန်ရှာပြီး ဆိုဖြစ်ပါတယ်။ အဓိကကတော့ ကိုယ့်အသံနဲ့ လိုက်တဲ့ သီချင်းတွေ ဆိုဖြစ်ပါတယ်။

**မေး။ ။ ဆာရာဆောင်းဦးကို သီချင်းလေးတွေနဲ့ ပတ်သက်ပြီးတော့လည်း ထပ်ပြီး အားပေးရဦးမယ်ပေ့ါ။**

ဖြေ။ ။ ဟုတ်ပါတယ်။ ဝန်းရံပေးဦးနော်။ မကြာခင် ပရိသတ်တွေနဲ့ ဆုံရမှာပါ။ သီချင်းတွေက ၂၀၁၇၊ ၂၀၁၈ လောက်ကတည်းက အတီးပိုင်းတွေ လုပ်ထားတာရှိတယ်။ အဆိုပိုင်းဖြည့်ဖို့ပဲ ကျန်နေတာ။ အဆိုပိုင်းဖြည့်ပြီးရင် ပရိသတ်လက်ထဲ ထည့်လို့ရပါပြီ။ အဆိုပိုင်း မဖြည့်ဖြစ်တာကလည်း နယ်နဲ့ ရန်ကုန်ကို ကူးနေရတာကတစ်ကြောင်း၊ ပြီးစလွယ် မလုပ်လိုက်ချင်တာက တစ်ကြောင်းပေ့ါနော်။ တချို့သီချင်းတွေကျတော့လည်း တေးရေးကို စောင့်နေရတာတွေပါ။ အခုတော့ တီးထားပြီးတဲ့ သီချင်းတွေကို အချောပြန်ဆိုပြီး နားထောင်ချင်တဲ့သူတွေအတွက် တင်ပေးဖို့ရှိပါတယ်။

**မေး။ ။ သရုပ်ဆောင်ပိုင်းမှာ ပရိသတ်တွေကို ဘယ်လိုကာရိုက်တာမျိုး လုပ်ပြချင်တာရှိလဲ။**

ဖြေ။ ။ ပရိသတ်ကို ဘယ်လိုကာရိုက်တာ လုပ်ပြချင်တယ်ဆိုတာထက် ကာရိုက်တာပေါင်းစုံကို ပရိသတ်ကြီးကို တင်ဆက်ပြချင်ပါတယ်။ အနုပညာနဲ့ပတ်သက်တာမှန်သမျှကို လုပ်ပြချင်တယ်။ ကိုယ်ဝါသနာပါတာ ငယ်ငယ်ကတည်းကဆိုပေမယ့် ကျောင်းပြီးမှပဲ စပြီး လုပ်ခွင့်ရတာဆိုတော့ ညီမအနေနဲ့ ပရိသတ်ကို ကာရိုက်တာတစ်ခုပြီးတစ်ခု လုပ်ပြသွားနိုင်ဖို့ ကြိုးစား သွားပါမယ်။

**မေး။ ။ ရှေ့ဆက်မယ့် အနုပညာလမ်းအတွက် ဘာတွေ ကြိုတင်ပြင်ဆင်ထားတာ ရှိနေသေးလဲ။**

ဖြေ။ ။ ရှေ့ဆက်လျှောက်ရမယ့် လမ်းကြောင်းမှာ ကိုယ့်ရဲ့စိတ်က အခုထက် ပိုပြီး သန်မာရမယ်၊ ပိုပြီး ပါးနပ်ရမယ်လို့ ထင်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ အကျိုးပြုတဲ့သူပဲ ဖြစ်ချင်တာပါ။ ကိုယ့်ကြောင့် တစ်ဖက်သားကို အနှောင့်အယှက် မဖြစ်သွားစေချင်ဘူး။ ကိုယ့်စိတ်ဓာတ်ကို ပြင်ဆင်ရမှာက နံပါတ်(၁) ပေ့ါနော်။ ပြီးရင်တော့ ကိုယ့်ရဲ့ အနုပညာကို ဝမ်းစာပြည့်အောင် ဖြည့်ရမှာပေ့ါနော်။ ။

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုကျင်းပတဲ့ ပွဲမှာ လေဒီဂါဂါ ပါဝင်သီဆို

အဆိုတော်လေဒီဂါဂါဟာ ဧပြီ ၁၈ ရက်က ပြုလုပ်ခဲ့တဲ့ One World: Together at Home ဆိုတဲ့ အဆိုတော်တွေ နေအိမ်ကနေ သီဆိုတာကို တိုက်ရိုက်ထုတ်လွှင့်တဲ့ အစီအစဉ်မှာပါဝင်ခဲ့ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ Global Citizen အဖွဲ့တို့ ပူးပေါင်းပြီး ဒီပွဲကို ပြုလုပ်ဖို့ စီစဉ်ခဲ့ကြတာပဲဖြစ်ပါတယ်။ အဲဒီအစီအစဉ်ဟာ အသက်အန္တရာယ်ကြားကနေ လူနာတွေကိုကယ်တင်ဖို့ ကြိုးစားနေကြသော ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကျန်းမာရေးလုပ်သားတွေကို ချီးကျူးဂုဏ်ပြုတဲ့အနေနဲ့ ပြုလုပ်ခဲ့တာပဲဖြစ်တယ်လို့ အဆိုတော် လေဒီဂါဂါက ပြောပါတယ်။

ဂရမ်မီဆုရှင် လေဒီဂါဂါဟာ အဲဒီနေ့က Smile ဆိုတဲ့သီချင်းသီဆိုရင်း ပါဝင်ခဲ့ပါတယ်။ နာမည်ကျော်အနုပညာရှင်တွေနဲ့ အဆိုတော်ပေါင်း ၇၀ ကျော်နဲ့အတူ အဲဒီနေ့ကပြုလုပ်တဲ့တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်မှာ လေဒီဂါဂါလည်း ပါဝင်ခဲ့တာဖြစ်ပါတယ်။ ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းကနေ လှုပ်ရှားနေကြတဲ့ ကျန်းမာရေးလုပ်သားတွေအတွက် ရည်ရွယ်ပြီး ကျင်းပပေးခဲ့တဲ့ အစီအစဉ်လည်းဖြစ်ပါတယ် ။ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကနေ ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် အလှူငွေပေါင်း ၁၂၈သန်း ရရှိခဲ့ပါတယ်။ အဲဒီနေ့က ဖျော်ဖြေပွဲမှာ နာမည်ကျော်တွေ ဖြစ်ကြတဲ့ အယ်တန်ဂျွန်၊ ဆလင်းဒီယွန်၊ တေလာဆွစ်ဖ်၊ ဂျနီဖာလိုပက်ဇ်တို့လည်း ပါဝင်ခဲ့ကြပါတယ်။

**နယူးယောက်တိုင်းမ်စ်ဒေ့ါကွန်း**




နေအိမ်မှသီချင်းသီဆိုရင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် လေဒီဂါဂါကို တွေ့ရစဉ်။

### ကိုဗစ် -၁၉ ရောဂါခံစားရစဉ်က အတွေ့အကြုံများကို မင်းသား တွမ်ဟန့် ပြန်ပြောပြ

ရုပ်ရှင်မင်းသားကြီးတွမ်ဟန့် ဟာ သူတို့ဇနီးမောင်နှံ ကိုဗစ် -၁၉ ကပ်ရောဂါကို ရင်ဆိုင်ရစဉ်အခါက အတွေ့အကြုံတွေကို ပြန်ပြောပြခဲ့ပါတယ်။ မင်းသားကြီး တွမ်ဟန့်ဟာ ဇနီးဖြစ်သူ ရီတာ ဝေလ်ဆင်လောက် ရောဂါလက္ခဏာပြင်းပြင်းထန်ထန် မခံစားခဲ့ရဘူးလို့ ပြောပါတယ်။

သူဟာ လွန်ခဲ့တဲ့လက ဩစတြေးလျနိုင်ငံ ကွင်းစလန်းမှာရှိတဲ့ ဆေးရုံတစ်ရုံက သီးခြားကုသရေးဌာနမှာ ဆေးရုံတက်ခဲ့ရပါတယ်။ ဆေးရုံတက်နေစဉ်အတွင်း တွမ်ဟန့်ကတော့ လေ့ကျင့်ခန်း ၁၂ မိနစ်လောက် လုပ်ပြီးရင် အိပ်ရာပေါ်တက်ပြီး ပြန်အိပ်ပါတယ်။ လေ့ကျင့်ခန်းကိုပြီးအောင် မလုပ်နိုင်ပါဘူး။ သူ့ထက်အခြေအနေပိုဆိုးတာကတော့ ဇနီးဖြစ်သူ ရီတာပါပဲ။ ရီတာကို ငှက်ဖျားဆေးဖြစ်တဲ့ ဟိုက်ဒရိုဆီကလိုရိုကွင်း ဆေးပေးတဲ့အခါမှာ ဆေးအရှိန်ကြောင့် ဆိုးဆိုးရွားရွား အော့အန်ခဲ့ပြီး လမ်းတောင် ကောင်းကောင်း မလျှောက်နိုင်ခဲ့ဘူးလို့ ပြောပါတယ်။

ဒါကြောင့် ရီတာဟာ သူ့ထက်ပိုပြီးအခြေအနေဆိုးဆိုးနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ တွမ်ဟန့်က ပြောပါတယ်။ ရီတာဟာ အဲဒီတုန်းက အဖျားကြီးသလို အနံ့အရသာတွေ ပျောက်ဆုံးသွားခဲ့ပါတယ်။ ခဏခဏ အော့အန်တဲ့အတွက် အိပ်ရာဆီကနေ ဆေးရုံအထိရောက်အောင် တွားသွားခဲ့ရတယ်လို့ ရီတာက သူ့ရဲ့အတွေ့အကြုံကို စီဘီအက်စ် သတင်းဌာနကိုပြောပြခဲ့ပါတယ်။ မတ်လနှောင်းပိုင်းမှာတော့ သူတို့စုံတွဲဟာ ပြန်လည် ကျန်းမာလာခဲ့ပြီး လော့စ်အိန်ဂျလိစ်မြို့က သူတို့ရဲ့နေအိမ်ဆီ ပြန်သွားနိုင်ခဲ့ပါတယ်။ **အေဘီစီနယူးစ်**




ရုပ်ရှင်မင်းသားကြီး တွမ်ဟန့်နဲ့ဇနီးမောင်နှံကို တွေ့ရစဉ်။

---

ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၁၆)

# ကူးစက်ရောဂါ ကာကွယ်ပါ



## ဦးဟန်ညွန့် (ဥပဒေ)

**အမိန့်တွေထုတ်**

"ယခုတလောအမိန့်တွေထုတ်တာ များလှတယ် ဆရာကြီး။ TV နဲ့ သတင်းစာတွေမှာ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး သိစရာတွေ၊ မှတ်စရာတွေ၊ နားထောင် စရာတွေ စုံစုံလင်လင်ဖော်ပြနေကြလို့ အတော်မျက်စိလည်စရာဖြစ်နေတယ်။ ဒေသန္တရအမိန့်ထုတ်တာတွေလည်း များလှတယ်။ ဥပဒေရှုထောင့်က ဆရာကြီး ရှင်းပြပါဦး" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ကျွန်တော့်အား မေးခွန်းထုတ်နေလေသည်။

**လုပ်ပိုင်ခွင့်**

"ဒီလိုရှိတယ်မောင်ပျင်းရိရဲ့။ အမိန့်ထုတ်တယ်ဆိုတာ ရည်ညွှန်းဥပဒေရှိရတယ်။ ကိုယ့်ဝန်ကြီးဌာနနဲ့ ကိုယ် လုပ်ပိုင်ခွင့်တွေ သတ်မှတ်ပေးထားတယ်။ သက်ဆိုင်ရာဥပဒေမှာ လုပ်ပိုင်ခွင့်ပုဒ်မ ပြဋ္ဌာန်းထားတယ်။ အဲဒီပုဒ်မကိုညွှန်းပြီး တာဝန်ရှိတဲ့ ဝန်ကြီးက လက်မှတ်ထိုးပြီး အမိန့်ထုတ်တာပါ" ဟု ရှင်းပြလိုက်ရပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

သာဓကအားဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၁၈-၄-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်အမှတ် ၃၈/၂၀၂၀ ကို ရည်ညွှန်းပါသည်။ အဆိုပါအမိန့်မှာ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ တိတိကျကျ ရေးရလျှင် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အဆိုပါအမိန့်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပေသည်။

**ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)**

ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ) တွင်-

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်

(ခ) ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် ကျန်းမာရေး ဦးစီးဌာနသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ဖော်ပြထားပါသည်။

**အသွားအလာ တားမြစ်ပိတ်ပင်**

"ကျွန်တော်တို့ကို ဘယ်မသွားရ၊ ညာမသွားရ၊ ညအပြင်မထွက်ရ စတာတွေ၊ အသွားအလာတားမြစ် ပိတ်ပင်တာတွေကိုရော အမိန့်ထုတ်ပြန်နိုင်ပါသလား။ ဥပဒေရှိပါသလား။ ရှင်းပြပါဦး" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ထပ်ပြီးမေးနေလေသည်။ ဤအချက်ကို အောက်ပါအတိုင်း ဖြေကြားပါသည်။

**ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ(၁၉၉၅)**

၁၉၉၅၊ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ၊ အခန်း(၇)၊ ပုဒ်မ ၁၄ တွင် အသွားအလာတားမြစ် ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပေသည်-

ကျန်းမာရေးဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်း ခံရသောအဖွဲ့အစည်း သို့မဟုတ် အရာရှိသည် အောက်ပါ ကိစ္စရပ်များအတွက် တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့်အမိန့် ထုတ်ပြန်နိုင်သည်-

(က) အဓိကကူးစက်မြန်ရောဂါဖြစ်ပွားနေသူအား နေအိမ်မှထွက်ခွာသွားလာခွင့်

(ခ) အဓိကကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းရှိသူများကို ပြင်ပသို့ ထွက်ခွာသွားလာခွင့်

(ဂ) ပြင်ပလူများအား အဓိကကူးစက်မြန်ရောဂါ ဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်

(ဃ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ် သို့မဟုတ် အခြားယာဉ်တစ်မျိုးဖြင့် ရောက်ရှိလာသူများအနက် အဓိက ကူးစက်မြန်ရောဂါဖြစ်ပွားနေသူ ပါရှိလာပါက ယင်းရောဂါဖြစ်ပွားနေသူအား ကျန်းမာရေးစစ်ဆေးရန်အလို့ငှာ သီးခြားထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သောအချိန်အထိ ပြင်ပသို့ထွက်ခွာသွားလာခွင့်

(င) ပွဲလမ်းသဘင်ကျင်းပနေစဉ် အဓိကကူးစက်မြန်ရောဂါဖြစ်ပွားလာပါက အများပြည်သူတို့အား ပွဲလမ်းသဘင်ကျင်းပရာနေရာသို့ သွားလာခွင့် နှင့် ပွဲလမ်းသဘင်ကို ဆက်လက်ကျင်းပခွင့်

(စ) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိသည့် တိရစ္ဆာန် သို့မဟုတ် ယင်းတိရစ္ဆာန်ထွက်ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက် သွားလာခွင့် ပြင်ဆင်ထားသည်။

သတိပြုရန်မှာ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေကို ၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပြင်ဆင်ထားခြင်းပင်ဖြစ်သည်။ ပြင်ဆင်ချက်နှင့် ပူးတွဲ ဖတ်ရှုမှသာ ဥပဒေအနှစ်သာရ ပီပြင်မည်ဖြစ်သည်။ အထူးသဖြင့် ပြစ်ဒဏ်များကို ပြင်ဆင်ထားသည်။ ပြင်ဆင်ချက် ပြစ်ဒဏ်များအတိုင်း စီရင်ဆောင်ရွက်ခွင့်ရှိသည်ကို သတိပြုစေလိုပါသည်။ ငွေဒဏ်များ တိုးမြှင့်ထားခြင်းသာ ဖြစ်ပါသည်။

ဥပဒေပညာရှင်များ၊ ရှေ့နေများ၊ ကုမ္ပဏီဥပဒေအကြံပေးများသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဥပဒေအကြံပေးခြင်း၊ ပညာပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။

**ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း**

ဥပဒေပုဒ်မ ၃ (က) ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(၁) ကလေး သူငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း

(၂) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း




(၃) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

(၄) ကူးစက်ရောဂါနှင့် စပ်လျဉ်း၍ စောင့်ကြည့်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

(၅) နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ဝင်ပေါက်နှင့် ထွက်ပေါက်၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်၊ အခြားလိုအပ်သော လေဆိပ်၊ ရေဆိပ်နှင့် ကားရပ်နားစခန်းများတွင် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း

(၆) နေအိမ်အဆောက်အအုံ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် အသွားအလာတားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း

(၇) ကူးစက်ရောဂါ ဖြစ်ပွားသူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေသည်ဟု သံသယရှိသူများအား သီးခြားထားရှိ ကုသခြင်း

**စာမျက်နှာ ၂၃ သို့**

**"မြန်မာပြည်သူတို့သည် တရားဥပဒေကို စောင့်ထိန်းလိုက်နာသူများဖြစ်ကြသည်။ အရေးအကြောင်းရှိလျှင် ညီညွတ်ကြသည်။ စည်းကမ်းရှိကြသည်။ နိုင်ငံနှင့်လူမျိုးကို မထိခိုက်စေရ။ ကမ္ဘာနှင့်တစ်ဝန်းဖြစ်ပွားနေသော ရောဂါကပ်ဆိုးကြီးကို တရားဥပဒေ၊ စည်းကမ်းများ လိုက်နာစောင့်ထိန်းခြင်းဖြင့် ကာကွယ်ကျော်လွှားနိုင်မည် ဖြစ်ပေသည်"**

# သတင်းတိုများ

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး PPE ဝတ်စုံများ၊ ဆေးနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်း

**မင်းကင်း မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ အသုံးပြုနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးသုံး PPE ဝတ်စုံများ၊ ဆေးဝါးနှင့် စားသောက်ကုန်များကို တပ်မတော်က မေ ၂၀ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

နယ်မြေခံတပ်မှ ဗိုလ်မှူးဆန်းဌေးမောင်နှင့် အဖွဲ့က ဆေးရုံသို့လာရောက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးတွင် အသုံးပြုရန်အတွက် PPE ဝတ်စုံ ၂၀ ၊ ဆေးဝါးအမျိုးမျိုးနှင့်အတူ စားသောက်ကုန်များဖြစ်သော ကြက်ဥ အလုံး ၂၀၀၊ ပေါင်မုန့်အလုံး ၂၀၀၊ ကုလားပဲ ငါးပိဿာတို့ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆန်းဗိုလ်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ခင်သူသူလွင်တို့ထံ ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **ချင်းတွင်းသား**

## ကျွန်းစုမြို့နယ်၌ ကျေးရွာခြောက်ရွာသို့ လှည့်လည်၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး

**ကျွန်းစု မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ကရုဏာ နာရေးကူညီမှုအသင်း၊ ကြက်ခြေနီအသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၁၉ ရက်က ကျေးရွာ ခြောက်ရွာ၌ လှည့်လည်ဆောင်ရွက်ခဲ့သည်။

ကရုဏာ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးသန်းဇော်နှင့် အသင်းဝင်များ၊ ကျွန်းစုမြို့နယ် ကြက်ခြေနီအသင်းမှ တပ်ခွဲမှူး ဦးသက်လှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စုစုပေါင်း ၁၅ ဦးပါဝင်သည့် အဖွဲ့က အထက်ပိကြပ်ကျေးရွာ၊ အောက်ပိကြပ်ကျေးရွာ၊ မရွှေဦးကျေးရွာ၊ ပသုတ်ကျွန်းကျေးရွာ၊ ပရည်ကျွန်းကျေးရွာနှင့် မစမ်းပါးကျေးရွာများသို့ လှည့်လည်သွားရောက်၍ ရောဂါကာကွယ်ရေး အသိပညာပေး ဗီနိုင်းများကပ်ခြင်း၊ ဒေသခံပြည်သူများအား ရောဂါကာကွယ်ရေးအတွက် လိုက်နာရမည့်အချက်များ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များနှင့် လက်သန့်ဆေးရည်များ ဖြန့်ဝေပေးခြင်း၊ အဝတ်ဖြင့်ချုပ်ထားသည့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စည်သူရအောင်(ကျွန်းစု)**

## မိုင်းရှူးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လူစည်ကားသောနေရာများ၌ အသိပညာပေး

**မိုင်းရှူး မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့တွင်း လူစည်ကားသော လမ်းဆုံနေရာများနှင့် မြို့နယ်စည်ပင်သာယာဈေး ဝန်းကျင်၌ သွားလာလျက်ရှိသော ပြည်သူများအား ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မေ ၂၀ ရက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်နှင့် ဝန်ထမ်းများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်း၍ ပြည်သူများအနေဖြင့် လမ်းများပေါ်တွင် နှာခေါင်းစည်းတပ်ပြီးမှသာ သွားလာရန်၊ ဈေးရောင်း/ဈေးဝယ်ပြုလုပ်ရာတွင် သတ်မှတ်ထားသည့် အကွာအဝေးအတိုင်း ရောင်းဝယ်ကြရန်နှင့် ရောဂါကာကွယ်ရေးနှင့်ပတ်သက်သော ထုတ်ပြန်ချက်များကို တိကျစွာလိုက်နာကြရန် အသိပေးပြောကြားပြီးနောက် နှာခေါင်းစည်းလိုအပ်သော ပြည်သူများအား နှာခေါင်းစည်းများ လှူဒါန်းပေးခဲ့ကြောင်းနှင့် အလားတူ အသိပညာပေးမှုများကို မေလအတွင်း အရှိန်အဟုန်မြှင့်၍ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိန်လှိုင်(ပြန်/ဆက်)**

## ဟိုပုံးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး

**ဟိုပုံး မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများအား အသိပညာပေးသည့် လုပ်ငန်းများကို မေ ၂၀ ရက်က ပြည်ထောင်စုလမ်းမကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဆုံ၌ ဆောင်ရွက်ခဲ့သည်။

ပြည်သူများအနေဖြင့် ကျန်းမာရေးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများက ထုတ်ပြန်သည့် ညွှန်ကြားချက်များကို သိရှိလိုက်နာနိုင်ရေးအတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဟိုပုံးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း လိုက်လံနှိုးဆော်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများတပ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေမင်းထွန်း(ဟိုပုံး)**

# ချောင်းဦးမြို့ ဇရိပ်မွန်-၂ သို့ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ပေးပို့လှူဒါန်း

**ချောင်းဦး မေ ၂၁**

သီတဂူဆရာတော်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း စားသောက်ရေးအဆင်ပြေစေရန်အတွက် ချောင်းဦးမြို့ ဇရိပ်မွန်-၂ မိန်းကလေးကျောင်းသို့ ဆန်နှင့် စားသောက်ကုန် ပစ္စည်းများကို ယမန်နေ့ ညနေပိုင်းက ပေးပို့လှူဒါန်းခဲ့ကြောင်း ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။



ထိုသို့ လှူဒါန်းရာတွင် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များက သီတဂူဆရာတော်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ပေးပို့လှူဒါန်းသည့် ဆန် ၈၈ တင်း၊ ဆီ ၈၈ ပိဿာ၊ ပဲ ပိဿာ ၂၄၀ ၊ ကြက်သွန်နီ ၈၈ ပိဿာ၊ ဆား ၄၄ ပိဿာတို့ကို ဇရိပ်မွန်-၂ မိန်းကလေးကျောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းအုပ်ဆရာလေးတို့ထံ ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာလေး ဒေါ်ပညာစာရီက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ယမင်း(ရွှေဦးမြေ)**

# ဟားခါးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဟားခါး မေ ၂၁**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလတွင် ချင်းပြည်နယ်အတွင်းမှ ပြည်သူများအား ရောဂါအကြောင်းနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေး အသိပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်က ချင်းပြည်နယ်နှင့် ဟားခါးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ဟားခါးမြို့တွင်း၌ ပြည်သူများအား အသိပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။



ဟားခါးမြို့ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် သွားလာလျက်ရှိသော ပြည်သူများအား အမှတ်(၁၆)ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ကိုကိုမောင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက မလိုအပ်ဘဲ အိမ်ပြင်သို့ မထွက်ကြရန်၊ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်စီးဦးထုပ် စနစ်တကျဆောင်းရန်၊ နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်အသုံးပြုရန်၊ လက်အိတ်များ ဝတ်ဆင်ရန် စသည်တို့ကို အသိပညာပေးပြောကြားပြီး ပြည်နယ်ပြန်/ဆက်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပုမ်ခန့်နွမ်နှင့် တာဝန်ရှိသူများက ပြည်သူများ ရောဂါကူးစက်မှုမရှိစေရေး ရည်ရွယ်လျက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများ၊ ပန်ကြားချက်များအကြောင်းကို ပြည်သူများအား ရှင်းလင်းပြောကြားကာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ပေးပို့လှူဒါန်းထားသည့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြသည်။ **မြင့်နိုင်စိုး(ပြန်/ဆက်)**

# ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်သို့ ဖြတ်သန်းဝင်ရောက်မည့် မော်တော်ယာဉ် မောင်းနှင်သူများနှင့် ခရီးသွားပြည်သူများအား ဒလမြို့အဝင် ပျော်ဘွယ်လေးကျေးရွာအုပ်စုအနီးရှိ စုပေါင်းစစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် စစ်ဆေးသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စုပေါင်းစစ်ဆေးရေးဂိတ်တွင် မြို့နယ်အတွင်းသို့ ဖြတ်သန်းဝင်ရောက်ကြမည့် မော်တော်ယာဉ် မောင်းနှင်သူများနှင့် ခရီးသည်များအား ကိုယ်အပူချိန်တိုင်းခြင်း(ယာပုံ)၊ နှာခေါင်းစည်းမပါသော ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းနှင့် စနစ်တကျ လက်ဆေးစေခြင်းတို့ကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအတွက် အားဖြည့်အချိုရည်၊ ရေသန့်ဘူးများ၊ မုန့်များကို လွှတ်တော်ကိုယ်စားလှယ်များနှင့် အထောက်အကူပြုကော်မတီမှ တာဝန်ရှိသူများက မေ ၂၀ ရက်က လာရောက်လှူဒါန်းခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် ပျော်ဘွယ်ကြီးစံပြကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၊ ရွှေလှေချောင်ကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၊ မြို့မ(၄)ရပ်ကွက်ရှိ ဓမ္မာရုံ စသည့်စောင့်ကြည့်ရေး စခန်းနေရာများ၌ ပြည်တွင်း ပြည်ပမှ ပြန်လာသူများအား စောင့်ကြပ်ကြည့်ရှုနေမှု အခြေအနေကို သွားရောက်ကြည့်ရှုခဲ့ပြီး အားဖြည့်အချိုရည်နှင့် ၄က်ပျောသီးများ လှူဒါန်းပေးခဲ့ကြသည်။

လက်ရှိအချိန်တွင် ဒလမြို့နယ်အတွင်း၌ ပြည်တွင်းမြို့နယ်အသီးသီးမှပြန်လည်ရောက်ရှိလာကြသူ ၅၁ ဦးအား စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ၅၇ ဦးအား စောင့်ကြည့် ၁၄ ရက်ပြည့်၍ ပြန်လွှတ်ထားပြီဖြစ်ကြောင်း၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာကြသူ ၂၀၄ ဦးရှိရာ နေအိမ်များ၌ ၁၀ ဦး၊ ဘာသာရေးအဆောက်အအုံ၌ ၁၄ ဦး၊ စာသင်ကျောင်း၌ ၃၇ ဦး စုစုပေါင်း ၆၁ ဦး တို့အား စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ၁၅၀ အား စောင့်ကြည့်ရက်ပြည့်၍ ပြန်လွှတ်ပြီးဖြစ်ကြောင်း၊ စောင့်ကြည့်ရေးစခန်းများရှိ ပြည်သူများအားလုံး ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။ **နိုင်လင်းကျော်(ပြန်/ဆက်)**




ဒလမြို့နယ်အတွင်း ဝင်မည့်သူတစ်ဦးအား ဆင်ဆာစနစ်ဖြင့် အပူချိန်တိုင်းနေစဉ်။

## ဖလမ်းခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်လျက်ရှိ

**ဖလမ်း မေ ၂၁**- ချင်းပြည်နယ် ဖလမ်းခရိုင်အနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ခရိုင်အဆင့်လုပ်ငန်းကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေး နိုင်ငံတော်အစိုးရမှ ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီများကို ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၁၂၀၅၃ စုထံသို့ မေ ၁၉ ရက်အပြီး ဖြန့်ဝေပေးနိုင်ခဲ့သည်။ ရောဂါကူးစက်ပြန့်ပွားမှုကာကွယ်နိုင်ရန် ဖလမ်းမြို့၌ မြို့အဝင်/ထွက်၊ နေရာများ၌ ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်ဆေးစေခြင်း၊ ကျန်းမာရေးအသိပညာပေး ရှင်းလင်းခြင်းများ နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ **ဝွန်( ပြန်/ဆက်)**

# နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၊ အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေသရ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ တုတ်ကိုင်းကျေးရွာ၊ ခမည်းတော် ဦးညီငယ်၊ မယ်တော် ဒေါ်ပုမ တို့မှ ၁၂၉၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် တုတ်ကိုင်းကျေးရွာကျောင်း ဆရာတော် ဘဒ္ဒန္တ သံဝရထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ခဲ့ပြီး ၁၃၀၉ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၈ နာရီ ၂၅ မိနစ်တွင် တုတ်ကိုင်းကျေးရွာကျောင်း၊ ခဏ္ဍသိမ်၌ မြတ်စွယ်တော်တောရကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝံသ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် တုတ်ကိုင်းကျေးရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ သံဝရ၊ သရက်မြို့နယ်၊ တောကျောင်းကျေးရွာ၊ ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မာစိဏ္ဏ၊ သရက်မြို့၊ အောင်မင်္ဂလာ စာသင်တိုက် လူပြန်တော် ပိဋကတ်ပညာရှင် ဆရာကြီး ဦးကျော်မင်း၊ မန္တလေးမြို့၊ ဆီးဘန်နီတိုက် ဆရာတော်ဘဒ္ဒန္တအာစာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ တောင်ထီးလင်းဆရာတော် ဘဒ္ဒန္တဝဇိရဗုဒ္ဓိ၊ ဘဒ္ဒန္တပုညာနန္ဒ၊ ညောင်ကန်တိုက်ဆရာတော် ဘဒ္ဒန္တဉာဏဝရ (အဂ္ဂမဟာပဏ္ဍိတ)၊ စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံဆရာတော် ဘဒ္ဒန္တက္လန္ဒက(အဂ္ဂမဟာ ပဏ္ဍိတ)၊ ကမ္ဘမြို့၊ ကျောက်စောင်းရွာ၊ ပြည်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ (အဂ္ဂမဟာပဏ္ဍိတ)၊ ရန်ကုန်အလယ်တောရ စာချပါဠိ တက္ကသိုလ်ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (အဂ္ဂမဟာအကျော်၊ အဂ္ဂ မဟာပဏ္ဍိတ)၊ ကထိက ဘဒ္ဒန္တပညာသာရ၊ ဘဒ္ဒန္တသုမနာဘိဝံသ၊ဘဒ္ဒန္တစရိယ၊ပခုက္ကူမြို့၊မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုနန္ဒရ မဟာထေရ်(အဘိဓဇမဟာရဋ္ဌဂုရု)၊ တိုက်အုပ်ဆရာတော်ဘဒ္ဒန္တဂန္ဓမာ၊ ဘဒ္ဒန္တမာဃိန္ဒ၊ ဘဒ္ဒန္တနန္ဒိယ၊ စာချဆရာတော် ဘဒ္ဒန္တနာယက၊ ဘဒ္ဒန္တတေဇနိယ၊ ဘဒ္ဒန္တပညိန္ဒ စသော ဆရာတော်များထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းအဖြာဖြာတို့ကို လေ့လာသင်ယူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၃၂၄ ခုနှစ်မှစ၍ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီး တန်းနှင့် ဓမ္မာစရိယတန်းဆိုင်ရာ ကျမ်းစာများကို သင်ကြားပို့ချခြင်း၊ စာစပ်နိယံအဖြေကျမ်း၊ မြန်မာနာမ်ဝိဘတ်နက်များကျမ်း၊ ဟောပြောကျင့်သုံးစရာ တရားဒေသနာများကျမ်း၊ မြန်မာသဂြိုဟ်ဆိုရိုးကျမ်းစသော ကျမ်းစာ များ ပြုစုတော်မူခဲ့ပြီး ၁၉၈၀၊ ၁၉၈၁ တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖြစ်လည်းကောင်း၊ ၁၉၈၁ မှ ၂၀၀၅ အထိ နိုင်ငံတော်သံဃမဟာနာယကအဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ယနေ့ထိနိုင်ငံတော်ဩဝါဒါစရိယအဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူရဟန်းရှင်တို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိ မာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ (၃)ပါးတို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါအရ ၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ၁၉-၄-၂၀၂၀၊ တနင်္ဂနွေနေ့၊ ၉ နာရီ ၄၃ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

## ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် မေ ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၊ အောင်မင်္ဂလာ ကျောင်းတိုက်၊ ဦးစီးပဓာနနာယက၊ နိုင်ငံတော် ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဆရာတော်ဘဒ္ဒန္တကေသရ မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂) ဝါအရ ၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ၁၉-၄-၂၀၂၀၊ တနင်္ဂနွေနေ့၊ (၁၃း ၄၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**

## တောင်တွင်းကြီးမြို့နယ်တွင် ယာယီပျံကျဈေး ဖွင့်လှစ်

**တောင်တွင်းကြီး မေ ၂၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လူစုလူဝေးမဖြစ်စေရန်နှင့် ပြည်သူများ စားသောက်ကုန်များကို အဆင်ပြေစွာ ဝယ်ယူနိုင်စေရန် ရည်ရွယ်၍ ယာယီပျံကျဈေးများကို ရခိုင်ဘုရားကြီးဈေးနှင့် ဥဗုဒ်ဈေးတို့၌ ယနေ့နံနက် ၆ နာရီက ဖွင့်လှစ်သည်။

ယာယီပျံကျဈေးများအတွင်း ရောင်းချ သည့် ဈေးသည်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ နှာခေါင်းစည်းတပ်ဆင်ပြီးမှ ရောင်းချခွင့်ပြုကြောင်း၊ ဈေးဝယ်လာသည့် ပြည်သူများကိုလည်း နှာခေါင်းစည်းတပ်ဆင်ပြီးမှသာ ဈေးဝယ်ယူခွင့်ပြုထားကြောင်းနှင့် ယာယီပျံကျဈေးအား နေ့စဉ် နံနက် ၆ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာယီပျံကျဈေးများကို တောင်တွင်းကြီးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ ကြီးကြပ်လျက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများက ဈေးသည်တစ်ဦးလျှင် ခြောက်ပေခြား နေရာချစီစဉ်ဆောင်ရွက်ပေးခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက စနစ်တကျ စောင့်ကြပ်ကြည့်ရှု၍ ကျန်းမာရေးအသိပညာပေးမှုကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အေးမိုးမိုးမြင့်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေများ နေအိမ်အရောက် သွားရောက်ပေးဝေ

**ပြင်ဦးလွင် မေ ၂၁**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေသည့် ရေအေးသောက်ခြင်း၊ ရေနွေးသောက်ခြင်း ၊ လက်ဆေးခြင်းများနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ နေ့စဉ်ပြုလုပ်ဆောင်ရွက်နိုင်ရန် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက် / ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် နေအိမ်များအရောက် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ဖြန့်ဝေပေးလျက်ရှိသည်။

နေအိမ်များအရောက် သောက်သုံးရေများဖြန့်ဝေပေးနိုင်ရေး ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်း ဦးဆောင်၍ ခရိုင်/ မြို့နယ်မီးသတ်ဦးစီးဌာန မှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရပ်ကွက် /ကျေးရွာများ၏ လိုအပ်ချက်အရ ရေဂါလန်များကို လိုက်လံပို့ဆောင်ပေးဝေခဲ့သည်။

**ဇော်မျိုးထိုက်( ပြန်/ဆက်)**

## ပခုက္ကူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ မီတာခပေးသွင်းသည့် ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး စနစ်တကျဆောင်ရွက်ထားရှိ

**ပခုက္ကူ မေ ၂၁**

ပခုက္ကူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ မီတာခပေးသွင်းရန် လာရောက်ကြသည့် ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး စနစ်တကျ ဆောင်ရွက်ထားရှိကြောင်း ယမန်နေ့က အဆိုပါရုံးမှ သိရသည်။



အဆိုပါရုံးသို့ မီတာခလာရောက်ပေးဆောင်ကြသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများ ကာကွယ်နိုင်ရေးတို့အတွက် လူစုလူဝေးမဖြစ်ပေါ်စေရေး လူတစ်ဦးနှင့်တစ်ဦး ခြောက်ပေခန့်အကွာတွင် တန်းစီ၍ ဝင်ရောက်နိုင်ရန် နေရာသတ်မှတ်ပေးခြင်း၊ လက်ဆေးစင်များ ထားရှိပေးခြင်း၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအဖြစ် ပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ နှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်သည့် မေ ၁၀ ရက်မှ ၁၇ ရက်အထိ ငွေလက်ခံကောင်တာများ ပိတ်ထားခဲ့ပြီး မေ ၁၈ ရက်မှ မေ ၂၀ ရက်အထိ နေ့စဉ် ပိတ်ရက်မရှိ ဖွင့်လှစ်ကောက်ခံမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ ဦးစောဝေက ပြောသည်။

**ဆလိုင်းကိုကီး**

စာမျက်နှာ ၂၁ မှ

(၈) ကူးစက်ရောဂါအလိုက် လိုအပ်သော ကာကွယ်နှိမ်နင်းရေးအတွက် ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း

(၉) အများပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်သည့် လုပ်သားများအား ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်ဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့် သုံးရေရရှိရေး အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများအား အကြံပြုခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

(၁၀) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်ငန်းများကို ဆောင်ရွက်ခြင်း

(ခ) ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါမှာ တစ်နိုင်ငံမှတစ်နိုင်ငံသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားစေနိုင်ကြောင်းတွေ့ရှိလျှင် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

အများပြည်သူတို့သည် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့၏ ဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

**ပြည်သူတို့၏ တာဝန်**

မြန်မာပြည်သူတို့သည် တရားဥပဒေကို စောင့်ထိန်းလိုက်နာသူများ ဖြစ်ကြသည်။ အရေးအကြောင်းရှိလျှင် ညီညွတ်ကြသည်။ စည်းကမ်းရှိကြသည်။ နိုင်ငံနှင့် လူမျိုးကို မထိခိုက်စေရ။ ကမ္ဘာနှင့်တစ်ဝန်း ဖြစ်ပွားနေသောရောဂါကပ်ဆိုးကြီးကို တရားဥပဒေ၊ စည်းကမ်းများ လိုက်နာစောင့်ထိန်းခြင်းဖြင့် ကာကွယ်ကျော်လွှားနိုင်မည် ဖြစ်ပေသည်။

**စေတနာ**

အမိန့်၊ စည်းကမ်း၊ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာရသောအခါ စိတ်ပျက်ခြင်း၊ ညည်းညူ ခြင်း၊ အားငယ်ခြင်း မဖြစ်စေလိုပါ။ ဤစေတနာကို တွေးခေါ် မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၂)

# ရွေးကောက်ပွဲ ဘယ်တော့ကျင်းပမှာလဲ



မောင်စာဂ

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဘယ်တော့ကျင်းပမှာလဲ သိချင်နေကြသည်။ ၂၀၂၀ ပြည့်နှစ်အတွင်းကျင်းပမည်ကို သိနေကြသော်လည်း ဘယ်ရက်မှာ ကျင်းပမည်။ ဘယ်ရက်မှာ အသိပေးကြေညာလိမ့်မည်ကို သိလိုကြသဖြင့် မေးမြန်းနေကြခြင်းဖြစ်သည်။ ယခင်ကျင်းပပြီးစီးခဲ့သည့် အထွေထွေရွေးကောက်ပွဲများ ဘယ်နေ့ကျင်းပခဲ့သလဲ။ ဘယ်လိုကြေညာပေးခဲ့သလဲ။ အနှစ်ချုပ်၍ မျှဝေပါရစေ။

### ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၁-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် ၈၅ / ၂၀၁၀ ၊ ၈၆/ ၂၀၁၀၊ ၈၇/ ၂၀၁၀ နှင့် ၈၈ / ၂၀၁၀ တို့ဖြင့် ရွေးကောက်ပွဲ ကျင်းပမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ၆၆၀ နေရာနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် တို့ကို ကြေညာပေးခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၃-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် ၈၉/ ၂၀၁၀ ဖြင့် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက် **(တနင်္ဂနွေနေ့)** တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သတ်မှတ် ကြေညာပေးခဲ့သည်။ ရွေးကောက်ပွဲကျင်းပမည့် ရက်မတိုင်မီ ၂ လ နှင့် ၂၄ ရက် အလိုတွင် ကြေညာခဲ့ သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၃-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် ၉၀/ ၂၀၁၀ ဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက်နှင့် နောက်ဆုံးတင်သွင်းနိုင်သည့်နေ့ရက် (၁၆-၈-၂၀၁၀ မှ ၃၀-၈-၂၀၁၀ ထိ)၊ ကိုယ်စားလှယ်လောင်းတင်သွင်းလွှာများကို စိစစ်မည့် နေ့ရက် ( ၆-၉-၂၀၁၀ မှ ၁၀-၉-၂၀၁၀ထိ)၊ ကိုယ်စားလှယ်လောင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုလျှင် ရုပ်သိမ်းလိုသည့် နောက်ဆုံးနေ့ရက် (၃-၉-၂၀၁၀) တို့ကို ကြေညာပေးခဲ့သည်။

### ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် ၂၂/၂၀၁၅၊ ၂၃/၂၀၁၅၊ ၂၄/၂၀၁၅၊ ၂၅/၂၀၁၅ တို့အရ ရွေးကောက်ပွဲကျင်းပမည့် ပြည်သူ့ လွှတ်တော် မဲဆန္ဒနယ် ၃၃၀ နေရာ၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၆၈ နေရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၄၄ နေရာ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နေရာကို သတ်မှတ်ကြေညာပေးခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက် နေ့စွဲပါ ကြေညာချက် အမှတ် ၂၈/၂၀၁၅ အရ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက် **(တနင်္ဂနွေနေ့)** တွင် လွှတ်တော်အသီးသီးအတွက် အထွေထွေရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သတ်မှတ် ကြေညာပေးခဲ့သည်။ ရွေးကောက်ပွဲကျင်းပမည့်ရက် မတိုင်မီ လေးလအလိုတွင် ကြေညာခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့စွဲပါ ကြေညာချက် အမှတ် ၂၉/၂၀၁၅ အရ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက်နှင့် စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက် ( ၂၀-၇-၂၀၁၅ ရက်နေ့မှ ၈-၈-၂၀၁၅ ရက်နေ့အထိ)၊ အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့်နောက်ဆုံးနေ့ရက် (၁၁-၈-၂၀၁၅ ရက်နေ့)၊ အမည်စာရင်းတင်သွင်းလွှာ များကို စိစစ်မည့်နေ့ရက် (၁၂-၈-၂၀၁၅ရက်နေ့မှ ၂၁-၈-၂၀၁၅ ရက်နေ့) တို့ကို ကြေညာပေးခဲ့သည်။

မြန်မာနိုင်ငံတော်တစ်ဝန်းလုံး ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှု များ စသည့် သဘာဝဘေးအန္တရာယ်များကြောင့် ကိုယ်စားလှယ်လောင်းများအမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်၏ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့စွဲပါ ကြေညာချက်အမှတ် ၄၁/၂၀၁၅ အရ ပြင်ဆင်သတ်မှတ် ကြေညာပေးခဲ့သည်။ သို့ရာတွင် ရွေးကောက်ပွဲကျင်းပ မည့်ရက်ကို ပြင်ဆင်သတ်မှတ်ခြင်း မရှိခဲ့ပါ။

### ရွေးကောက်ပွဲ ဘယ်တော့ကျင်းပမှာလဲ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော် များ၏သက်တမ်းသည် ငါးနှစ် သတ်မှတ်ထားသည်။ ငါးနှစ်ကိုရေတွက်ရာ၌ ပြည်သူ့လွှတ်တော် အစည်းအဝေး စတင်ကျင်းပမည့်ရက်မှစ၍ ရေတွက်သည်။ ငါးနှစ် ပြည့်လျှင် သက်တမ်းကုန်ဆုံးသည်။ ထို့ပြင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြီးသည့် နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်အစည်းအဝေးများကို ခေါ်ယူကျင်းပသည်။ ဖော်ပြပါသတ်မှတ်ချက်များအပေါ် ရှုထောင့် ပေါင်းစုံမှ စိစစ်သုံးသပ်မှုများ ပြုလျက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ်အထွေထွေ ရွေးကောက်ပွဲကို ယင်းနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် လည်းကောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ယင်းနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် လည်းကောင်း ကျင်းပပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကိုလည်း ယခင်ရွေးကောက်ပွဲ များကျင်းပခဲ့သည့်ကာလအတိုင်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်းမှာပင် ကျင်းပလိမ့်မည်ဟု မျှော်လင့်ရပါသည်။

### ရွေးကောက်ပွဲ ကျင်းပမည့်ရက် ဘယ်တော့ကြေညာမှာလဲ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲတစ်ခုကျင်းပတော့မည်ဆိုလျှင် ယခင်ကျင်းပ ခဲ့သည့်ရွေးကောက်ပွဲများတွင် ဆောင်ရွက်ခဲ့သည့် လုပ် နည်းလုပ်ဟန်များအတိုင်း စံနမူနာထား၍ လိုက်နာဆောင်ရွက်ခဲ့သည် ကိုလည်း လေ့လာသိရှိရသည်။ ယခု ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့် ရက်ကိုလည်း ယခင်ဆောင်ရွက်ခဲ့သည့် ထုံးနည်းများကို အမှီသဟဲ ပြု၍ သင့်လျော်မည့်ရက်တွင် ထုတ်ပြန် ကြေညာပေးလိမ့်ဟု မျှော်လင့်ရသည်။

### ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပါဝင်ပူးပေါင်းဆောင်ရွက်မှုများ

ရွေးကောက်ပွဲတစ်ခုကျင်းပရာတွင် မဲဆန္ဒရှင်ပြည်သူများ ချောမော အဆင်ပြေစွာ ဆန္ဒပြုမဲပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့်အတူ သက် ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများက ဘက်စုံထောင့်စုံမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရသည်။ ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်ခြင်း၊ အချိန်ဇယားရေးဆွဲသည်မှ လူဦးရေနှင့် မဲစာရင်းပြုစုခြင်း၊ မဲရုံများကြီးကြပ်ခြင်း၊ မဲရလဒ်ရေတွက်ခြင်းနှင့် ကြေညာပြီးသည်အထိ စသည် စသည် ပြုဖွယ်တွေက များလှသည်။ သူ့ကဏ္ဍနှင့်သူ တက်ညီလက်ညီ ဆောင်ရွက်ကြမှသာ ရွေးကောက်ပွဲတစ်ခု အောင်မြင်စွာ ပြီးမြောက်နိုင်ပါမည်။

ယင်းသို့သော ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပြန်ကြားရေးဝန်ကြီးဌာန က ပါဝင်ဆောင်ရွက်ရမှုအခန်း ကဏ္ဍသည် မြင့်မားပါသည်။ အရေးကြီးပါသည်။ အဓိကအခန်းကဏ္ဍတစ်ရပ်မှ တာဝန်ယူဆောင်ရွက်ပေးရသည်ဟုလည်း ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ပါနည်း။ ရွေးကောက်ပွဲတွင် အဓိကကျသည့် ဆန္ဒမဲလက်မှတ်များ ကိုတာဝန်ယူ၍ ရိုက်နှိပ်ပေးရသည်။ စက္ကူသားကောင်းရန် လိုသည်။ ဆေးမင်ကောင်းရသည်။ လုံခြုံမှုရှိရသည်။ ဆန္ဒမဲလက်မှတ် ၅၀ ကိုတစ်အုပ်၊ အဖုံးနှင့်တကွ စနစ်တကျချုပ်ပေးသည်။ ကြိုတင်မဲလက်မှတ်အတွက် စာအိတ်ကြီး စာအိတ်ငယ်၊ လွှတ်တော်အလိုက် မဲပုံးများတွင် ကပ်ရသည့်စာရွက်များ ( အစိမ်းရောင်၊ အပြာရောင်၊ ခရမ်းရောင်) ရိုက်နှိပ်ပေးရသည်။ လိုအပ်သည့်အရေအတွက်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရသည်။

ထို့ပြင် ရေဒီယို ၊ ရုပ်မြင်သံကြား၊ နေ့စဉ်ထုတ်သတင်းစာများမှနေ၍ ရွေးကောက် ပွဲ အသိပညာပေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးရသည်။ တေးသီချင်းများ၊ ဇာတ်လမ်းတိုများ၊ မဲဆန္ဒရှင် အသိပညာပေးစာတမ်းများ ထုတ်လွှင့်ပေးရသည်။ မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံရေးပါတီများ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တို့ကို နိုင်ငံရေးပါတီအလိုက် ရေဒီယိုနှင့် ရုပ်မြင်သံကြားများမှ ထုတ်လွှင့်နိုင်ရန် စီစဉ်ပေးရသည်။ အခြားအသေးစိတ် လုပ်ငန်းများ ဆောင်ရွက်ရသည်လည်းရှိသည်။

ဤသို့သောအခြေအနေတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဦးဆောင်လျက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူး ချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယအမြဲတမ်းအတွင်းဝန် တို့သည် ၁၃-၃-၂၀၂၀ ရက်နေ့၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတို့နှင့် တွေ့ဆုံကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအတွက် ဆောင်ရွက်ရန်ရှိသည်များ၊ ကြိုတင်ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ထားရှိမှုများကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ အားရကျေနပ်စရာအဖြစ် ရှုမြင်ရသည်။

### ပြောသင့်သည့်အချိန် ပြောပါမည်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ဘယ်နေ့ ကျင်းပမည်လဲ။ ဘယ်ရက်တွင် ကြေညာပေးမည်လဲ ဆိုသည့် မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ယခင်က ကျင်းပပေးခဲ့သည့်ရက်၊ ယခင်ကကြေညာပေးခဲ့သည့် ရက်များကို လေ့လာမှတ်သား၍ ဖော်ပြလိုက်ရခြင်းဖြစ်သည်။ ပြောသင့်သည့်အချိန်တွင် ပြောစရာရှိသည်ကိုပြောပါမည်။ ဆန္ဒစော၍လည်းမရပါ။ နောက်ကျ၍လည်း မဖြစ်ပါ။ မည်သည့်အကြောင်းကိစ္စမဆို သူ့အချိန်နှင့်သူ ချိန်ကိုက်လုပ်ဆောင်ကြရသည်။ သူ့အပိုင်းနှင့်သူ။ သူ့ ကဏ္ဍနှင့်သူ၊ ပြုဖွယ်မှန်သမျှကို ပစ္စုပ္ပန် တည့်တည့်ကြည့်၍ ပြီးမြောက်အောင် လုပ်ဆောင်ကြခြင်းဖြင့် လုပ်ငန်းစဉ်ကြီး တစ်ခုလုံး ချောမောအောင်မြင်မည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ထုတ်ပြန်သင့်သည့် အချိန်တွင် ထုတ်ပြန်စရာရှိသည်များကို ထုတ်ပြန်ပေးလိမ့်မည်ဟု မျှော်လင့်ရသည်။ လုပ်ငန်းစဉ်တစ်လျှောက် ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ကြသည့် ဌာန၊ အဖွဲ့ အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အရပ်ဘက် အဖွဲ့အစည်းများ၊ ရွေးကောက်ပွဲစိတ်ဝင်စားသူများ၊ ပြည်သူများနှင့် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မိမိတို့ဆောင်ရွက်ရန်ရှိသည်များကို အဆင်သင့်ပြင်ဆင်ဆောင်ရွက်ပြီးစီးထားရန် လိုအပ်ကြပါမည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ တစ်ဦးချင်း တစ်ဖွဲ့ချင်း ပြည်သူအားလုံး သာယာချမ်းမြေ့ အောင်မြင်မှုတွေ ရရှိကြစေလိုကြောင်းပါ။

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းစဉ်များကို ထုတ်ပြန်သင့်သည့်အချိန်တွင် ထုတ်ပြန်ကြေညာပေးနိုင်ပါစေ၊**
- **နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဝင်မည့် ပုဂ္ဂိုလ်များ ဆောင်ရွက်ရန်ရှိသည်များကို ပြီးစီးအောင် ပြင်ဆင်ဆောင်ရွက်ထားနိုင်ကြပါစေ၊**
- **ပြည်သူအားလုံး ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့်အတူ ကျန်းမာပျော်ရွှင် သာယာချမ်းမြေ့ အောင်မြင်မှုတွေရကြပါစေ။**

“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲတစ်ခု ကျင်းပတော့မည်ဆိုလျှင် ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် ဆောင်ရွက်ခဲ့သည့် လုပ်နည်းလုပ်ဟန်များအတိုင်း စံနမူနာထား၍ လိုက်နာဆောင်ရွက်ခဲ့သည်ကိုလည်း လေ့လာသိရှိရ။ ယခု ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ရက်ကိုလည်း ယခင် ဆောင်ရွက်ခဲ့သည့် ထုံးနည်းများကို အမှီသဟဲပြု၍ သင့်လျော်မည့် ရက်တွင် ထုတ်ပြန်ကြေညာပေးလိမ့်ဟု မျှော်လင့်”

## ငါးမွေးမြူရေးကန်များ အပူချိန်မြင့်ထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှု ဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူ ဆောင်ရွက်ရန် လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

ယနေ့အချိန်တွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများကို အမျိုးသားအဆင့် ဆောင်ရွက်လျက်ရှိရာတွင် တောင်သူလယ်သမားဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများ အချိန်မီဆောင်ရွက်ရန် အခက်အခဲများ တွေ့ကြုံလာနိုင်ပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်မှု မထိခိုက်စေရန်တို့အတွက် လူအင်အား အနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်ရေး၊ စိုက်ပျိုးရေးနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြရန်အလို့ငှာ စက်မှုလယ်ယာဦးစီးဌာနက စွမ်းအားရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တောင်သူဦးကြီးများနှင့် စိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် နီးစပ်ရာစက်မှုလယ်ယာစခန်းများတွင်လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့လည်းကောင်း ဆက်သွယ်အကူအညီ ရယူနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

ညွှန်ကြားရေးမှူးချုပ် - ၀၉-၅၀၀၇၅၇၆
၀၆၇-၃၄၃၁၂၁၀
ဒုတိယညွှန်ကြားရေးမှူးချုပ် - ၀၉-၂၅၀ ၂၈၉ ၂၉၉
၀၆၇-၃၄၃၁၂၁၂
ညွှန်ကြားရေးမှူး(လုပ်ငန်း) - ၀၉-၄၂၂ ၀၀၀ ၂၂၁
ညွှန်ကြားရေးမှူးချုပ်ရုံး - ၀၆၇-၃၄၃၁၂၃၄
စက်မှုလယ်ယာဦးစီးဌာန(လုပ်ငန်းဌာနခွဲ) - ၀၆၇-၃၄၃၁၂၁၈
တိုင်းဒေသကြီးနှင့် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနရုံးများ
မြို့နယ်စက်မှုလယ်ယာစခန်းများ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အပင်မျိုးသစ်များ၏ ထူးခြားမှု၊ ညီညာမှုနှင့် တည်ငြိမ်မှုတို့ကို စမ်းသပ်စစ်ဆေးခြင်း သုတေသနဆောင်ရွက်

**နေပြည်တော် မေ ၂၁**

အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၂၉) ဖြင့် အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သည်။

ဥပဒေတွင် အပင်မျိုးမွေးမြူသူများက အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့် ရယူမည်ဆိုပါက လျှောက်ထားသည့် အပင်မျိုးသစ်သည် ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိ မရှိကို စိုက်ပျိုးစစ်ဆေးခြင်း၊ မှတ်တမ်း အချက်အလက်များကို စစ်ဆေးခြင်း၊ အပင်မျိုးမွေးမြူသူ၏ စိုက်ကွင်းသို့ စစ်ဆေးခြင်းနှင့် စစ်ဆေးပြီးရလဒ်အဖြေများကို ဝယ်ယူစစ်ဆေးခြင်းဟူသော နည်းလမ်းလေးသွယ် အနက်မှ သင့်တော်သည့် နည်းလမ်း အသုံးပြု၍ သုတေသနပြု စစ်ဆေးပေးခြင်းကို စိုက်ပျိုးရေးသုတေသန ဦးစီးဌာန အပင်မျိုးသစ် အကာအကွယ်ပေးရေး ဌာနစုမှ သုတေသနပညာရှင်များက သုတေသန ပြုစစ်ဆေးပေးလျက်ရှိသည်။ **(အပေါ်ယာပုံ)**



အပင်မျိုးသစ် အကာအကွယ်ပေးရေးဌာနစု၏ ကွင်းသုတေသနစမ်းသပ်ကွက်တွင် အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသည့် စပါးမျိုးသစ် သုံးမျိုးဖြစ်သော De You- 8၊ De You- 12 နှင့် De You- 16 တို့၏ ထူးခြားမှု၊ ညီညာမှု၊ တည်ငြိမ်မှုတို့ကို စမ်းသပ်စစ်ဆေးသည့် စမ်းသပ်ကွက်ကို သုတေသနပြု ဆောင်ရွက်ထားရှိကြောင်း၊ အဆိုပါ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသည့် စပါးမျိုး သုံးမျိုးကို အကိုးအကားပြုမျိုး ၂၂ မျိုးနှင့် နှိုင်းယှဉ်၍ ထပ်ပြုကြိမ် နှစ်ကြိမ်ဖြင့် သုတေသနပြု စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး မှတ်တမ်းအချက်အလက် ၆၅ ခုကို အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေးအဖွဲ့ (UPOV) က ပြုစုထားသည့် စံချိန်စံညွှန်း သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အညီ ကောက်ယူ၍ တိုက်ဆိုင်စစ်ဆေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန အပင်မျိုးသစ် အကာအကွယ်ပေးရေးဌာနစုမှ သိရသည်။

အပင်မျိုးသစ် အကာအကွယ်ပေးရေးစနစ် ကျင့်သုံးခြင်းဖြင့် အပင်မျိုးမွေးမြူသူများအနေဖြင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ရရှိခံစားနိုင်ခြင်းနှင့် အပင်မျိုးသစ်များကို ပိုမိုမွေးမြူထုတ်လုပ်ခြင်း၊ အပင်မျိုးမွေးမြူခြင်း လုပ်ငန်းတွင် ပြည်တွင်း/ ပြည်ပမှ ပိုမိုရင်းနှီးမြှုပ်နှံလာခြင်းဖြင့် တောင်သူများ မျိုးသစ်၊ မျိုးဆန်း၊ မျိုးကောင်း၊ မျိုးသန့်များ ရရှိစိုက်ပျိုးလာမည် ဖြစ်သောကြောင့် နိုင်ငံတော်၏ စိုက်ပျိုးစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်သည်။

ယခုလက်ရှိတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန အပင်မျိုးသစ် အကာအကွယ်ပေးရေး ဌာနစုသို့ စပါးအပါအဝင် သီးနှံအမျိုးမျိုး၏ အပင်မျိုးသစ် ၁၇ မျိုးကို အပင်မျိုးသစ်ကာကွယ်ခွင့် လျှောက်ထားပြီးဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

**မေမိုးသဲ**

## ဓာတုဆေးကင်းသည့် သန့်ရှင်းလတ်ဆတ်သော သီးနှံများ စားသုံးသူထံရောက်ရှိရေး အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်

**မန္တလေး မေ ၂၁**

မန္တလေးမြို့ အမရပူရမြို့နယ်တွင် နှမ်းစပါး၊ မိုးစပါးနှင့် အခြားသီးနှံများကို နှစ်စဉ် လျာထားချက်များ ကိုက်ညီစေရန် စိုက်ပျိုးခြင်းများနှင့်အတူ ဟင်းသီးဟင်းရွက်စိုက်ခင်းများ ဥယျာဉ်ခြံများကိုလည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စနစ်ဖြင့် စိုက်ပျိုးမှု များပြားလာစေရန် စိုက်ပျိုးရေး ဦးစီးဌာနမှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းဖြိုးထံမှ သိရသည်။

လက်ရှိကာလတွင် မန္တလေးမြို့ အမရပူရမြို့နယ် ယဉ်တော်ကျေးရွာမှ တောင်သူ ဦးမျိုးဇော်ထွန်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စနစ်ဖြင့် စိုက်ပျိုးထားသော ဓာတုဆေးကင်းသည့် သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ထိုဟင်းသီးဟင်းရွက်များ စားသုံးသူထံ ရောက်ရှိရေး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ မိမိတို့ အိမ်တွင် နေထိုင်စဉ် စိုက်ပျိုးလိုပါက ဟင်းသီးဟင်းရွက် မျိုးစေ့များ ဆက်သွယ်ဝယ်ယူနိုင်ရန် ကူညီပေးလျက်ရှိသည်။




အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်သူများထံ သီးနှံများ မော်တော်ယာဉ်ဖြင့် လာရောက်ရောင်းချပေးစဉ်။

အမရပူရမြို့နယ်တွင် လယ်မြေ၊ ယာမြေ၊ ကိုင်း/ကျွန်း၊ ဥယျာဉ်မြေများ မြေယာအသုံးချမှု စာရင်းအရ ၅၁၂၆၈ ကေရှိပြီး လယ်မြေ ၁၇၀၂၄ ကေ၊ ယာမြေ ၃၇၄၂ ကေ၊ ကိုင်းကျွန်းမြေ ၆၈၀၈ ကေ၊ ဥယျာဉ် ၃၁၇၉ ကေနှင့် အခြားမြေများပါဝင်သည်။ အမရပူရမြို့နယ်တွင် ဆည်တော်ကြီးဆည်ရေမှ ပေးလွှတ်သော ရေဖြင့် နွေစပါး ကေ ၇၄၈၀ နှင့် နှမ်း ကေ ၄၈၀၀ ကို လျာထားစိုက် ပျိုးလျက်ရှိပြီး ဥယျာဉ်ခြံများကိုလည်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စနစ်ဖြင့် စိုက်ပျိုးကာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိအမှတ်ပြု လက်မှတ်ရရှိရေးအတွက် စိုက်ပျိုးရေးဌာနမှ ပူးပေါင်းဆောင်ရွက်ပေးသည်။

အဓိကအားဖြင့် သရက်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုများတွင် စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံး စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာပေးစင်တာများအလိုက် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းဖြိုးက ပြောသည်။

**တိမ်တမန်**

## အငြိမ်းစား ဝန်ထမ်းများအား ပင်စင်လစာငွေ စနစ်တကျထုတ်ပေးနေ

**ရေတာရှည် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ ယနေ့နံနက်ပိုင်းမှစတင်၍ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများကို လူစုလူဝေးမဖြစ်စေဘဲ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း မန်နေဂျာ ဒေါ်ကြည်ကြည်သန်းက ပြောသည်။

ပင်စင်လစာငွေ လာရောက်ထုတ်ယူကြသူများအား တစ်ဦးနှင့်တစ်ဦး သုံးပေခွာ၍ နေထိုင်စရာနေရာများ စီစဉ်ပေးခြင်း၊ ဝင်ပေါက် ထွက်ပေါက်မှ နှာခေါင်းစည်း အကာအကွယ်တပ်ဆင်လျက် တစ်ဦးချင်းဝင်ရောက်စေပြီး ကျန်းမာရေးဌာနမှ ကိုယ်အပူချိန်တိုင်းခြင်းတို့ကိုပါ ဆောင်ရွက်နေသည်ကို မြင်တွေ့ခဲ့ရသည်။

"အရင်တုန်းကဆိုရင်တော့ တစ်ရက်ကို ဦးရေ ၆၀၀ ကျော်လောက်ရှိပါတယ်။ ခုတော့ လူအတော်နည်းသွားတယ်။ တစ်ရက်ကို လူ ၂၀၀ ဝန်းကျင်ပဲရှိမယ်၊ ငွေထုတ်ပေးတဲ့ လုပ်ငန်းစဉ်တွေမှာ ဝန်ထမ်းတွေရဲ့ ကျန်းမာရေးကိုလည်း အထူးဂရုပြုပြီး စီစဉ်ပေးထားပါတယ်"ဟု ဒေါ်ကြည်ကြည်သန်းက ဆက်လက်ပြောသည်။

ပင်စင်လစာငွေ လာရောက်ထုတ်ယူသူများအနေဖြင့်လည်း အချိန်ကြန့်ကြာမှုမရှိဘဲ အဆင်ပြေပြေ ငွေထုတ်နိုင်ခြင်းနှင့်ပတ်သက်၍ "အရင်တုန်းက လူများတော့ စောင့်ရတာပေ့ါ၊ ခုချိန်မှာက လူလည်းနည်းတယ်၊ ကျန်းမာရေးအရလည်း စီစဉ်ထားတာတွေ အကုန်ကောင်းတယ်။ ငွေထုတ်ပေးတာလည်းမြန်တော့ အဆင်ပြေတာပေ့ါ"ဟု အငြိမ်းစားဝန်ထမ်းတစ်ဦးက ပြောသည်။

**သန်းလွင်**

ထာဝရ ကုသိုလ်ရယူဖို့ ၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# စစ်ကိုင်းသီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရက ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်းအတွက် အခြေခံစားသောက်ကုန် ငါးမျိုး လှူဒါန်း

**ရွှေဘို ဧပြီ ၂၁**

စစ်ကိုင်းသီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရက ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်းအတွက် အခြေခံစားသောက်ကုန် ငါးမျိုးကို ဧပြီ ၁၉ ရက်က လှူဒါန်းခဲ့ကြောင်း လူငယ် ဖွံ့ဖြိုးရေးစခန်းကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်း ထံမှ သိရသည်။

အဆိုပါ စားသောက်ကုန် ငါးမျိုးကို ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်း၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့်အဖွဲ့က ဆရာတော်ကြီးကိုယ်စား လာရောက်လှူဒါန်းရာ လူငယ်ဖွံ့ဖြိုးရေးစခန်းကော်မတီဥက္ကဋ္ဌနှင့် လူငယ်ဖွံ့ဖြိုးရေးစခန်း ကျောင်းအုပ်ကြီး ဒေါက်တာ ဦးသန်းထွန်းတို့က လက်ခံယူသည်။

ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်းအတွက် ဆရာတော်ကြီး လှူဒါန်း ကုသိုလ်ပြုသော စားသောက်ကုန် ငါးမျိုးမှာ ဆန် ၅၅ တင်း၊ ဆီ ၅၅ ပိဿာ၊ ကြက်သွန်နီ ၅၅ ပိဿာ၊ ပဲ ၁၆၅ ပြည်၊ ဆား ၂၈ ပိဿာ တို့ဖြစ်သည်။

ဆရာတော်က ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်း အပါအဝင် ရွှေဘိုမြို့နယ်အတွင်းရှိ မေတ္တာရိပ် အမျိုးသမီးစောင့်ရှောက်ရေးဂေဟာ၊ သီရိမင်္ဂလာ ဘိုးဘွားရိပ်သာနှင့် ရွှေဘိုမြို့ အမှတ် (၄) ရပ်ကွက်၊ ဒိုင်အိုကျောင်းဝင်းအတွင်းရှိ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ပရဟိတဂေဟာ တို့တွင်လည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး လက်ဆေးကန်များတပ်ဆင်ပေး

**ကျောက်ပန်းတောင်း ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျေးရွာများရှိ လူစည်ကားရာနေရာများတွင် လက်ဆေးကန်များ တပ်ဆင်ပေးလျက်ရှိရာ ယမန်နေ့က ကန် ၃၀ တပ်ဆင်ပြီးစီးသည်။

ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်၊ ကာကွယ်ရေးအထောက်အကူဖြစ်စေရန် မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ ကျန်းမာရေးအသိရှိပြီး အလွယ်တကူ လက်ဆေးနိုင်ခြင်းဖြင့် ကူးစက်ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် မြို့နယ်ဦးစီးမှူး ဒေါ်တင်ယုမေနှင့် ဝန်ထမ်းများက ကျေးရွာများသို့ သွားရောက်ကာ လူအဝင်အထွက်များ၍ လူစည်ကားသည့်နေရာများတွင် လက်ဆေးရေကန်များတပ်ဆင်ပြီး အမှိုက်ပုံး၊ တစ်ရှူးများနှင့် ဆပ်ပြာများအဆင်သင့်ထားရှိပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ ပညာပေးဗီနိုင်းများ ချိတ်ဆွဲပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လက်ဆေးရေကန်ဆင်ခြင်းကို ဖိုစုကျေးရွာ၊ အင်ချောင်းကျေးရွာ၊ ကံဇာနက်ကုန်းကျေးရွာ၊ တံခါးကြီး ကျေးရွာ၊ တင့်ကန်ကျေးရွာ၊ စီးမကျေးရွာ၊ ဆည်ကျေးရွာ အစရှိသည့် ကျေးရွာပေါင်း ၃၀ ရှိ ရွာအဝင်နှင့် အခြား လူစည်ကားရာနေရာများတွင် တပ်ဆင်ပေးခဲ့ပြီး ရပ်မိရပ်ဖများထံ အပ်နှံပေးခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ဝါးခယ်မတွင် ကိုဗစ် -၁၉ ကြိုတင်ကာကွယ်မှုများနှင့်အညီ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာများ ထုတ်ပေးလျက်ရှိ


**ဝါးခယ်မ ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်မှုများနှင့်အညီ ယနေ့နံနက်ပိုင်းကစကာ ပင်စင်လစာများ ထုတ်ပေးလျက်ရှိသည်။

ပင်စင်လစာ လာရောက် ထုတ်ယူသူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဒေါ်မြကေသီနှင့် ဝန်ထမ်းများက ကြီးကြပ်ပြီး လက်ဆေးခြင်း၊ ကျန်းမာရေး ဝန်ထမ်းများက အပူချိန်တိုင်းစစ်ဆေးခြင်း၊ တစ်ဦးနှင့် တစ်ဦး ခြောက်ပေကွာဖြင့် စနစ်တကျ တန်းစီကာ ပင်စင်လစာများ ထုတ်ပေးလျက်ရှိသည်။

ပင်စင်လစာများကို ဧပြီ ၂၁ ရက်မှ ၂၄ ရက်အထိ ကျုံမငေးမြို့ ရွှေလောင်းကျေးရွာအုပ်စုအပြင် ကျန်ရှိသော ကျေးရွာအုပ်စုများအား ထုတ်ပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိသော မြို့ပေါ် ၁၄ ရပ်ကွက်ကို ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ထုတ်ပေးမည်ဖြစ်ကြောင်း၊ ယင်းသို့ ထုတ်ပေးရခြင်းမှာ လူစုလူဝေး မဖြစ်ပေါ်စေရေးနှင့် ကိုဗစ်- ၁၉ ရောဂါကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ခွဲခြားသတ်မှတ်ပေးရခြင်းဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ် ဝါးခယ်မ ဘဏ်ခွဲမှ မန်နေဂျာ ဒေါ် မြကေသီ ပြောပြချက်အရ သိရသည်။**လွှမ်းသီဟ (ပြန်/ဆက်)**






# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် ဧပြီ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဧပြီ ၂၅ ရက်(စနေနေ့)တွင် ထုတ်ဝေမည့်ရွှေသွေးဂျာနယ်တွင် ကမ္ဘာ့အလုပ်သမားနေ့သမိုင်းကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားပြီး မိုဘိုင်းဖုန်းကို အကျိုးရှိရှိအသုံးချသင့်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် ဆရာနိုးနိုး၏ "တန်ဖိုးရှိသောဖုန်းလေး" မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များ ဗဟုသုတတိုးပွားစေရန်အလို့ငှာ အမေရိကန်က မြွေပွေးအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "အမေရိကန်က မြွေပွေးအကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ရန်နှင့် ရေချိုးရန်ပျင်းသော သားဖိုးဇော်၏အဖြစ်ကို ဟာသရေးဖွဲ့ထားသည့်"ဖိုးဇော်-လေ့ကျင့်ခန်း"နှစ်မျက်နှာ ကာတွန်း၊ သူတစ်ပါးပိုင် ဥစ္စာပစ္စည်းကို မတရားလိုချင် တပ်မက်ခြင်းကြောင့် ဒုက္ခရောက်ရသော ကျားဆိုးကြီးအကြောင်းကို ရေးဖွဲ့ထားသည့် ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ဉာဏ်စမ်း၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

**နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း**

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# သင်္ကြန်အပြီး မိုးကြိုကာလရာသီတွင် ကွမ်းရွက်ဈေးနှုန်းများ မြင့်တက်လာ



**မန္တလေး ဧပြီ ၂၁**

မန္တလေးမြို့ရှိ ကွမ်းဈေးကွက်တွင် သင်္ကြန်အပြီး မိုးကြိုကာလရာသီ၌ မိုးခေါင်မှုကြောင့် အထွက်နှုန်း နည်းပါးကာ ကွမ်းရွက်ဈေးနှုန်းများ တရိပ်ရိပ် မြင့်တက်လာကြောင်း ကွမ်းဖြန့်ချိရေး ဆိုင်များမှ သိရသည်။

ကွမ်းဈေးကွက်တွင် သင်္ကြန် မတိုင်မီ ကာလများ၌ ကွမ်းရွက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အတွင်း၌သာ ပုံမှန်ရှိခဲ့ရာမှ ဧပြီလဆန်းမှစ၍ ကွမ်းရွက် ဈေးနှုန်းများ တရိပ်ရိပ်မြင့် တက်လာကာ ဧပြီ ၂၀ ရက်တွင် အရည်အသွေး အကောင်းဆုံး ဖြစ်သည့် ရေဦးမြို့နယ်မှ ထွက်ရှိသည့် ကွမ်းရွက် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်းအထိ မြင့်တက်လျက်ရှိကြောင်း မန္တလေးမြို့ ရန်ကင်း ကွမ်းရွက်ဖြန့်ချိရေးအရောင်းဆိုင်မှ ကိုကျော်သင်းက ပြောသည်။

"ဒီ ဧပြီလထဲမှာတော့ ကွမ်းရွက်ဈေးက မငြိမ်ဘူး။ တစ်ရက်တစ်ဈေးနဲ့ အတက်ဘက်ကို ဦးတည်နေတယ်။ သင်္ကြန်မတိုင်ခင် ကာလနဲ့ နှိုင်းယှဉ်ရင် တစ်ပိဿာကို ငွေကျပ် ၁၀၀၀ နဲ့ ၁၅၀၀ လောက် ဈေးတက်သွားတယ်။ ကွမ်းစိုက်တောင်သူတွေက အခုလို မိုးကြိုကာလမှာ မိုးကိုမျှော်ကိုးပြီး ကွမ်းပင်ကို သက်တမ်းတိုးတဲ့အနေနဲ့ အရွက်ကို မခူးဘဲ အပင်သက်တမ်းရှည်အောင် ပြုစုတဲ့ကာလဖြစ်တဲ့အတွက် ကွမ်းရွက်အထွက်နည်းတယ်။ ဒါကြောင့် အထွက်နည်းတော့ ဈေးလည်းမြင့်တက်လာတယ်ပေါ့။ ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် ကွမ်းဈေးနှုန်းကို မထိခိုက်ပေမယ့် ကွမ်းခြံရှိတဲ့ ရွာတွေထဲကို အဝင်အထွက် ခက်ခဲတဲ့အတွက် ပစ္စည်းတင်ပို့မှု လျော့ကျသွားတာကြောင့် ရောင်းအားလည်း ပုံမှန်ထက်တော့ ထက်ဝက်လောက်ကျဆင်းသွားပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့ရှိ ကွမ်းဖြန့်ချိရေးဆိုင်ကြီးများမှာ မတ္တရာ၊ ကျောက်ဆည်၊ ရေဦး၊ တန့်ဆည်၊ ရွှေဘို စသည့် မြို့နယ်များမှ စိုက်ပျိုးထွက်ရှိသည့် ကွမ်းများအား အထက်မြန်မာနိုင်ငံ မြို့ကြီးများသို့တစ်ဆင့် ဖြန့်ချိရောင်းချပေးလျက်ရှိပြီး ရေဦးနှင့် တန့်ဆည်မြို့နယ်များမှ ထွက်ရှိသည့် ကွမ်းရွက်များမှာ ဈေးကွက်တွင် အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သရက်ခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ၁၅ လမ်းဖောက်လုပ်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**သရက် ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့နယ်ငါးမြို့နယ်ရှိ ဒေသခံတောင်သူများ၏ ဒေသထွက်ကုန် ပစ္စည်းများ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက် ကုန်ထုတ်လမ်း ၁၅ လမ်းကို ငွေကျပ် ၇၂၈ ဒသမ ၁၅၈ သန်း အသုံးပြုကာ ဖောက်လုပ်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် သရက်ခရိုင်အတွင်း သရက်၊ ကံမ၊ မင်းတုန်း၊ မင်းလှ၊ အောင်လံစသည့် မြို့နယ်ငါးမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ၁၅ လမ်း၊ အရှည် ၂၄ မိုင် ၀ ဒသမ ၉ ဖာလုံနှင့် ကုန်ထုတ် တံတားအဖြစ် ရေစုတ်ပြွန် ၂၀ ခု၊ ရေကျော်ခြောက်ခု၊ ရေပြွန် ၃၂ ခုကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၇၂၈ ဒသမ ၁၅၈ သန်း အသုံးပြုကာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအား ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ကာ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးနေပြီ ဖြစ်ကြောင်း ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးမင်းဇော်ဟန်ထံမှ သိရသည်။

"အခုလိုမျိုး ကျွန်တော်တို့ ခရိုင်အတွင်းမှာ ကုန်ထုတ်လမ်း၊ တံတားတွေ ဖောက်လုပ်ပေးနေတာဆိုရင် ဒေသတွင်း စိုက်ပျိုးရေး တောင်သူတွေ အကျိုးစီးပွားအတွက် လုပ်ဆောင်ပေးနေတာပါ၊ အခုလို ဖောက်လုပ်ပေးနေတာကလည်း မြို့နယ်အလိုက် ဒေသခံတောင်သူတွေ တောင်းဆိုတဲ့အတွက်ကြောင့် လုပ်ဆောင်ပေးနေတာပါ၊ ကုန်ထုတ်လမ်း ဖောက်လုပ်တဲ့အခါမှာ ကျောက်ရောမြေ တစ်ပေထုနဲ့ မြေနီ ကျောက်စရစ် ကိုးလက်မထုနှစ်လွှာခင်းပေးတာပါ၊ မြေသားလမ်းဖြစ်တဲ့အတွက် ပျက်စီးမှုနည်းအောင်၊ သတ်မှတ်တဲ့ သိပ်သည်းထုရအောင်လည်း လုပ်ဆောင်ပေးထားတာပါ" ဟု ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင် ဦးစီးမှူးက ပြောပြသည်။

အဆိုပါ ကုန်ထုတ်လမ်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၃၁၄၉ အိမ်၊ လူဦးရေ ၁၁၁၈၂ ဦးတို့၏ စိုက်ပျိုးမြေဧက ၇၃၁၆ ဧက အကျိုးပြုနိုင်မည်ဖြစ်ပြီး ယင်းစိုက်ပျိုးမြေများမှ လယ်ယာထုတ်ကုန်/ထွက်ကုန်များနှင့် လယ်ယာသုံးစက်ကိရိယာများ အလွယ်တကူ သယ်ပို့သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



တာဝန်ရှိသူတို့ ကျေးလက်ကုန်ထုတ်လမ်းများ အရည်အသွေးပြည့်မီရေး ကွင်းဆင်းဆောင်ရွက်စဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး၌ တန်ဖိုးနည်းပြည်တွင်းဖြစ်နှာခေါင်းစည်းများ ထုတ်လုပ်လျက်ရှိ

**မုံရွာ ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဆည်ကြီးတောကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေး တန်ဖိုးနည်း ပြည်တွင်းဖြစ် နှာခေါင်းစည်းများ ထုတ်လုပ်လျက်ရှိကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၏ ပြောကြားချက်များအရ သိရသည်။

"ချည်မျှင်နှင့် အထည်လုပ်ငန်းရှင်များအသင်းက ထုတ်လုပ်တဲ့ နှာခေါင်းစည်းတွေကို သုံးစွဲတဲ့ ပြည်သူတွေ ဘေးအန္တရာယ်မဖြစ်စေဖို့ ပိုးသတ်တဲ့လုပ်ငန်းကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး လုပ်ဆောင်တယ်၊ စနစ်တကျ ထုပ်ပိုးပြီး မြို့နယ်တိုင်းက စည်ပင်သာယာရေး ကော်မတီတွေဆီ ပေးပို့ပြီး ဖြန့်ဝေရောင်းချပေးမှာ ဖြစ်ပါတယ်။ တစ်ခုကို ငွေကျပ် ၁၅၀ နှုန်းနဲ့ လူတစ်ဦးကို နှစ်ခုနှုန်းနဲ့ ရောင်းချပေးနိုင်ဖို့ လုပ်ဆောင်နေတာဖြစ်တယ်။ နောက်ပြီး ပြန်လည်လှူဒါန်းလိုတဲ့သူတွေ၊ လူမှုရေးအသင်းအဖွဲ့တွေကို လိုသလောက် ရောင်းပေးမှာဖြစ်ပေမယ့် တစ်ဆင့်ပြန်လည် ရောင်းချမယ့်သူတွေကိုတော့ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးနိုင်မယ်ဆိုတဲ့ အာမခံချက်ပေးနိုင်မှရောင်းချပေးမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ညွှန်ကြားရေးမှူးက ပြောသည်။

ပြည်တွင်းဖြစ် နှာခေါင်းစည်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် တိုင်းဒေသကြီး ချည်မျှင်နှင့်အထည်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းထုတ်လုပ်ခြင်းဖြစ်ပြီး ယင်းတန်ဖိုးနည်း ပြည်တွင်းဖြစ် နှာခေါင်းစည်းများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်ရှိ စည်ပင်သာယာရေး ကော်မတီများမှတစ်ဆင့် ပြည်သူများသို့ ဖြန့်ဝေရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ဝင်းဦး(ဓေယျာတိုင်း)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုး သိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ခာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

## ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး၊ လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနအတွက် ရုံးသုံး၊ လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများကို ပြည်တွင်းသုံးမြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Desktop Computer | 6 Nos |
| 2 | Colour Printer | 4 Nos |
| 3 | Perforation Machine | 30 Nos |
| 4 | Inverter( 2KVA) | 2 Nos |
| 5 | CCTV | 2 Sets |
| 6 | Hand Tools | 2 Sets |

၂။ အိတ်ဖွင့်တင်ဒါများကို ၂၂-၄-၂၀၂၀ရက်မှ ၂၀-၅-၂၀၂၀ရက်အထိ နေ့စဉ် နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို ၁၅-၅-၂၀၂၀ရက်တွင်လည်းကောင်း၊ ဈေးနှုန်းပါသော Specification & Catalogue များကို ၂၀-၅-၂၀၂၀ ရက်တွင်လည်းကောင်း နံနက် ၉:၃၀နာရီမှ ညနေ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ထုတ်လုပ်မှုဌာနသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄ ၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅** |

## တင်ဒါကြော်ငြာခြင်း

ကျောက်ဖြူမြို့၊ ကျောက်တစ်လုံးနောက်ကျောရှိ မြေကွက်လပ်တွင် အဝေးပြေးကားဂိတ်တစ်ခုကို စိတ်ဝင်စားသည့် ပြည်တွင်းလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံ၍ အကောင်အထည်ဖော်လိုပါက တင်ဒါစနစ်ဖြင့် ခေါ်ယူရွေးချယ်သွားရန်ဖြစ်၍ အောက်ဖော်ပြပါလိပ်စာများသို့ တင်ဒါလျှောက်ထားနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

(က) တင်ဒါစည်းမျဉ်းများနှင့် တင်ဒါလျှောက်လွှာများကို လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တစ်စုံလျှင် ငွေကျပ် ၁၅၀၀၀ (ကျပ်တစ်သောင်းငါးထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

(ခ) တင်ဒါများကို ၂၁-၅-၂၀၂၀ရက် ညနေ ၄နာရီတွင် ပိတ်မည်ဖြစ်ပြီး သတ်မှတ်ထားသော တင်ဒါအာမခံကြေးကို တင်ဒါတင်သွင်းစဉ် တင်သွင်းလွှာနှင့်အတူ ပူးတွဲတင်ပြရပါမည်။

(ဂ) တင်ဒါနှင့်ပတ်သက်၍ သိရှိလိုသော အချက်များရှိပါက ရုံးချိန်အတွင်း ဖုန်း-၀၄၃-၂၂၆၆၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါ သည်။

**တင်ဒါကော်မတီ**

## CLAIMS DAY NOTICE
### MV-VIKING OCEAN- V.701

Consignees of cargo carried by MV-VIKING OCEAN- V.701 are here by notified that the vessel will arrive on about 20-04-2020 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00)AM to (11:20)AM and (12:00) NOON to( 04:00) PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

- ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ် လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများအား ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) စက္ကူ (၁၃) မျိုး
(ခ) မင် (၁၀) မျိုး
(ဂ) ပုံနှိပ်ရေးပစ္စည်း (၃၃) မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို (၂၂-၄-၂၀၂၀)ရက်မှ (၁၂-၅-၂၀၂၀)ရက်အထိ နေ့စဉ်နံနက် ၀၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁၈-၅-၂၀၂၀)ရက်တွင် နံနက် ၀၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၇၄** |

## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး (ရန်ကုန်)
### တင်ဒါခေါ်ယူခြင်း

၁။ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးရှိ 11/0.4kv,750KVA Transformer (OLTC)နှင့် ဆက်စပ်ပစ္စည်းတပ်ဆင်ခြင်းလုပ်ငန်းနှင့် 400V Line အတွက် ဆောင်ရွက်လိုသူ တရားဝင်အသိအမှတ်ပြုလိုင်စင်ရကုမ္ပဏီများထံမှ တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းနှင့်လျှောက်လွှာများကို ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လျှောက်လွှာစတင်ရောင်းချမည့်နေ့** - ၉-၄-၂၀၂၀ ရက်
**လျှောက်လွှာပိတ်မည့်နေ့ရက်၊ အချိန်** - ၇-၅-၂၀၂၀ ရက် ညနေ (၄ နာရီ)

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၁-၉၆၉၉၄၁၀**

### ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (သန်လျင်)တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေ နိုင်ငံတော်ဘတ်ဂျက်ဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို ဆောက်လုပ်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)

Lot(1) ဆရာ/ဆရာမဆောင် RC (၄)ခန်းတွဲ (၄)ထပ် (၈၂'x၅၇')(၁)လုံး (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain၊ ရေလှောင်ကန် ၆၀၀၀ ဂါလန်အပါအဝင်)

| | |
|---|---|
| ၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) |
| **တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** | - ရုံးချိန်အတွင်း |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၂၅-၅-၂၀၂၀ ရက်(တနင်္လာနေ့) ညနေ ၄:၀၀ နာရီ |
| **တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းရမည့်နေရာ** | - အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၂၆-၅-၂၀၂၀ ရက်(အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီ (တင်ဒါဖွင့်မည့်ရက်/အချိန်ပြောင်းလဲပါက အချိန်မီ အသိပေးအကြောင်းကြားပါမည်) |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) ဖုန်း-၀၁-၃၆၄၁၆၉၆
ဖုန်း-၀၉-၄၀၀၄၃၁၁၀၉

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်

ကျွန်ုပ် Ms Thin Zar Htun 12/ OKT (N)138196 သည် ကျန်းမာရေးအရ BAYON Microfinance Co.,Ltd ၏ Director အဖြစ်မှ ၃-၄-၂၀၂၀တွင် နုတ်ထွက်စာ တင်ပြအနားယူပြီဖြစ်ပါကြောင်းနှင့် ကုမ္ပဏီ၏ ကိစ္စအားလုံးနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Ms Thin Zar Htun (Director)**
**BAYON Microfinance Co.,Ltd**

## မိခင်အမည်မှန်

စစ်တွေမြို့၊ အထက (ခွဲ)စက်ရုံစု၊ န၀မတန်းမှ မမြင့်ဇင်လှိုင်၏မိခင် ဒေါ်လေးလေးဝင်း၏ အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ မမီမီဝင်း ၁၁/စတန(နိုင်)၀၇၀၀၂၈ ဖြစ်ပါကြောင်း။

**မမီမီဝင်း**

ဖ်ာ် SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းဇော် ၁၂/သဃက(နိုင်)၁၄၅၃၁၉၏ CDC ၁၁၁၇၀၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၆၁၉၈၂၅

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အမှတ်တံဆိပ်နှင့် အမည်စာတမ်းအမှတ်အသား မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ အမှတ်(၂၉၈)တွင် တည်ရှိသော အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်(SMALL & MEDIUM ENTERPRISES DEVELOPMENT BANK)သည် ယခင် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(SMALL & MEDIUM INDUSTRIAL DEVELOPMENT BANK)အမည်ဖြင့် ဖော်ပြပါအမှတ်တံဆိပ် (Logo)အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (စာချုပ်အမှတ် -၄/၂၈၈/၂၀၁၈)ဖြင့် မှတ်ပုံတင် တင်ထားရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အမည်အား အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် အမည်အဖြစ် ပြောင်းလဲအသုံးပြုရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏၂၁-၈-၂၀၁၉ရက်နေ့၊ ရက်စွဲပါ စာအမှတ်၊မဗဘ/MB/FIR/ ဘဏ်စိစစ်/ထွေ(၄၆၅/၂၀၁၉)ဖြင့် ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါသည်။

SME- Development Bank
Dependable Financial Partner
အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်

၂။ အထက်တွင်ဖော်ပြထားသည့် အမှတ်တံဆိပ်အမည်စာတမ်းအမှတ်အသားဖြင့် မိမိတို့ဘဏ်က လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သော ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်၊ ငွေပေးချေမှုစနစ်တွင် အသုံးပြုရန်၊ ဘဏ်ကတ်များဖြင့်ချိတ်ဆက်အသုံးပြုရန်၊ ငွေရေးကြေးရေးလုပ်ငန်းပေးချေမှုအရပ်ရပ်အား ဝန်ဆောင်မှုပေးရန်၊ နိုင်ငံတကာကွန်ရက်တွင် ချိတ်ဆက်အသုံးပြုရန်၊ ဘဏ်လုပ်ငန်းနှင့်ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်းများအားလုံး၊ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများအားလုံး၊အင်တာနက်ဘဏ်ဝန်ဆောင်မှုလုပ်ငန်းနှင့်ယင်းလုပ်ငန်းနှင့် ဆက်စပ်သောဝန်ဆောင်မှုလုပ်ငန်းများတွင်အသုံးပြုမည့် ဘဏ်ကတ်များ၊ လုပ်ငန်းသုံးငွေသွင်းငွေထုတ်စက်များ၊ ငွေပေးချေသောစနစ်သုံးစက်ပစ္စည်းကိရိယာအမျိုးမျိုး၊ အီလက်ထရွန်နစ်စက်အမျိုးမျိုး၊ လုပ်ငန်းနှင့်ဆက်စပ်သောကုန်ပစ္စည်းများ၊ ဈေးကွက်ရှာဖွေခြင်းလုပ်ငန်းများတို့တွင်အသုံးပြုမည်ဖြစ်ပါသည်။ထို့ပြင် ယင်းလုပ်ငန်းများ တွင်အသုံးပြုမည့်ပစ္စည်းကိရိယာများအိတ်မျိုးစုံ၊အဝတ်အထည်များ၊ဦးထုပ်များ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ ရင်ထိုး၊ကပ်ခွာတံဆိပ်၊ စာအုပ်၊ မဂ္ဂဇင်း၊ ပို့စကပ်၊ ပြက္ခဒိန်၊ အလံ၊ ရုံးသုံးစာရွက်စာတမ်းများ၊အမှတ်တရလက်ဆောင်ပစ္စည်းများ၊ အထိမ်းအမှတ်ပစ္စည်းများ စသည့် ပစ္စည်းအမျိုးမျိုးတို့တွင်လည်းကောင်း၊ ဆိုင်းဘုတ်အမျိုးမျိုး၊ တိုက်နံရံဆိုင်းဘုတ်၊ ဘလောက်တံဆိပ်တုံး၊ ပြေစာဖြတ်ပိုင်းများ၊Letter Headများ၊သတင်းစာကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ လက်ကမ်းစာစောင်၊စာစောင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းအမျိုးမျိုးတို့တွင်လည်းကောင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားဗွီဒီယို၊ ဗွီစီဒီ၊ဒီဗွီဒီ၊ အင်တာနက်နှင့်အခြားလူထုဆက်သွယ်ရေးယန္တရားများတွင်လည်းကောင်း၊LEDမီးလုံးဖြင့်လည်းကောင်း၊ Vinylဖြင့်လည်းကောင်း၊ Printed Mediaဖြင့်လည်းကောင်း၊ ဆက်သွယ်ရေးမီဒီယာဖြင့်လည်းကောင်း၊ အင်တာနက်ဝက်ဆိုက်များ၊ အင်တာနက်စာမျက်နှာများ၊ (Webpage) များ၊လူမှုကွန်ရက် (Social Network)များ၊ Online Bank Marketing System အစရှိသော အင်တာနက် မီဒီယာများနှင့်မိုဘိုင်းဖုန်းအမျိုးမျိုးတို့တွင် အသုံးပြုနိုင်သော Applicationများ၊ Softwareများ အစရှိသောDigitalမီဒီယာလုပ်ငန်းအမျိုးမျိုးတို့တွင်ထည့်သွင်းအသုံးပြုကြေညာ၍ မိမိဘဏ်၏ မူပိုင်အမှတ်တံဆိပ် အမည်စာတမ်းအမှတ်အသားဖြင့် အရွယ်အစားအမျိုးမျိုး၊အရောင်အမျိုးမျိုးဖြင့် သုံးစွဲသွားမည်ဖြစ်ပါသည်။

ထို့ပြင် မိမိတို့ဘဏ်နှင့်ပတ်သက်သော ပစ္စည်းအားလုံးတို့တွင် ဘဏ်၏ မူပိုင်အမှတ်တံဆိပ်အမည်စာတမ်းအမှတ်အသားဖြင့် ရိုက်နှိပ်၍လည်းကောင်း၊ ကပ်နှိပ်၍လည်းကောင်း၊ ဖိနှိပ်၍လည်းကောင်း သုံးစွဲသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအမှတ်တံဆိပ်အမည်စာတမ်းအမှတ်အသားကို မိမိတို့ဘဏ်မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ ဆင်တူယိုးမှားသော်လည်းကောင်း၊ ပုံတူထင်ယောင်ထင်မှားသော်လည်းကောင်း၊အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြစ်စေ၊ သံတူကြောင်းကွဲဖြစ်စေ၊ တုပသုံးစွဲအသုံးပြုပါကဥပဒေနှင့်အညီ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်**
**အမှတ်(၂၉၈)၊ အနော်ရထာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ (၂)ရပ်ကွက်**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၃၀၂၄၁၈၊ ၀၁-၂၃၀၂၃၃၇**

**မန္တလေးမြို့နေ ဦးထွန်းထွန်း (အဘ-ဦးသိန်းအောင်) ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော် ရှေ့နေ (စဉ်-၁၁၉၆၂) ဦးမိုးမြင့်(ခ) ဦးမိုးမြင့်သူ၏ (၈.၄.၂၀၂၀) နေ့စဉ်ထုတ် မြန်မာ့အလင်း သတင်းစာပါကြော်ငြာချက်အပေါ် အသေးစားနှင့် အလတ်စားလုပ်ငန်း များဖွံ့ဖြိုးရေး ဘဏ်လီမိတက်၏ တုံ့ပြန်ကြေငြာချက်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်(က-၄)၊ ဦးပိုင်အမှတ်(၇၉+၉၀)၏ ပိုင်ဆိုင်မှု စာချုပ်စာတမ်းနှင့်မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ် (၆၅၄) ၊ ဦးပိုင်အမှတ်(၄၅/င) နှင့်(၄၅/စ)မြေကွက်များ၏ ပိုင်ဆိုင်မှု စာချုပ်စာတမ်းများကိုကွယ်လွန်သူ ဦးသိန်းအောင် သက်ရှိထင်ရှားသတိကောင်းစွာရှိနေချိန်၌ ကာယကံရှင်၏ သဘောတူညီချက်ကိုရယူ၍ ဘဏ်သည် မိမိ၏အကျိုးစီးပွားကို ကာကွယ်ရန်အလို့ငှာ လဲလှယ်ခဲ့ခြင်းဖြစ်ပြီး ထိုသို့လဲလှယ်ရခြင်းမှာ လည်း ဦးသိန်းအောင်ရင်ဆိုင်နေရသည့် လင်မယားကွာရှင်းမှုနှင့် ပစ္စည်းခန်းခွဲဝေမှုဆိုင်ရာ အထက်တရားရုံး၏ အမိန့်ဒီဂရီစီရင်ချက်ပါအတိုင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် သည် တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း သာဖြစ်ပါသည်။ ထိုသို့လဲလှယ် ပြီးချိန်မှစ၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ အပေါင်တင်သွင်းသူလက်ဝယ်သို့ ပြန်လည်ရောက်ရှိပြီး ဖြစ်ပါ၍၊ ယင်းမူရင်းစာချုပ်လက်ဝယ်ရရှိသူမှ မိမိလက်ရှိလက်ဝယ်၌ ပိုင်ဆိုင်မှုစာချုပ်စာတမ်းအား တင်ပြ၍ကန့် ကွက်ချက်များကိုကျော်လွှားရန် တာဝန်မှာလက်ဝယ်ထားရှိသူ၏ တာဝန်သာဖြစ်ပါသည်။ စာချုပ်စာတမ်းများလဲလှယ်မှုပြုခဲ့စဉ်က ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၅)ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဦးထွန်းထွန်းမှ လက်မှတ်ရေးထိုးအသိအမှတ်ပြု၍ ဥပဒေနှင့်အညီဆောင်ရွက်မှု ပြုလုပ်ရာ၌ ဦးထွန်းထွန်းကိုယ်တိုင် ကတိခံဝန်ချက်များရှိပါသည်။ ယခုကဲ့သို့ အများသိစေရန် လိုအပ်ချက်မဟုတ်ဘဲ သတင်းစာမှ ကြေငြာရခြင်းမှာ တမင် သက်သက် ဘဏ်၏ဂုဏ်သိက္ခာအား ထိပါးခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ ဆက်သွယ်မှုဆိုင်ရာ ခက်ခဲမှုလုံလောက်သောအထောက်အထားမရှိဘဲ အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ ကောင်းသောသတင်း ကျော်ဇောခြင်းအား အများပြည်သူ ထင်မိယောင်မှား၊ ထင်ယောင်ထင်မှား ဖြစ်စေရန်အလို့ငှာ နိုင်ငံပိုင် သတင်းစာမှ ကြေငြာထည့်သွင်းခြင်းကြောင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်တွင် ပြန်လည်ကုစားရန်ခက်ခဲသော ဆုံးရှုံးမှုများ ပေါ်ပေါက်နိုင်သည့်အထိနစ်နာချက်ရှိပါ၍ ယနေ့မှစ၍ (၁၄)ရက်အတွင်း ဦးထွန်းထွန်းမှ အထက်ပါ သတင်းစာတွင် မလိုအပ်ဘဲ ကြော်ငြာခဲ့ခြင်းဖြစ်ကြောင်းကို သတင်းစာမှ တစ်ဆင့် ပြန်လည်တောင်းပန်ခြင်းပြုရန် အသိပေးအပ်ပါသည်။ ထို့အတူဘဏ်၏ တာဝန်ရှိ ပုဂ္ဂိုလ်မှ လုပ်ငန်းတာဝန် အရဆောင်ရွက်ချက်တွင် တာဝန်အရဆောင်ရွက်သူ ဒေါ်သိမ့်သိမ့်ဌေး ၏အမည်အား မလိုအပ်ဘဲ ထည့်သွင်းဖော်ပြကြေငြာခြင်းမှာ နိုင်ငံသားများ၏ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်မှုအား ထိပါးရာရောက်ပါသဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဦးထွန်းထွန်းအနေဖြင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေအရ ထိထိရောက်ရောက် အရေးယူရလိမ့်မည်ဖြစ်ပါကြောင်း။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Thayae Khitaya Chanmyae Co.,Ltd. ၏ ပို့ကုန်လိုင်စင်အမှတ် MSE Q EL 5 192000292 (21-1-2020) နှင့်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးခဲ့သော မျှောစာအမှတ် ၂၀၂၀(၀၇၀)တို့မှာ ပို့ကုန်လိုင်စင်များဆောင်ရွက်နေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၇၇၀၂၀၇

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး**
**နာယက၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**ဝန်ထမ်းဟောင်းများအသင်း**
**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အိမ်အမှတ်(၉) ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ချစ်လှစွာသော ခင်ပွန်း၊ မိမိ၏သားတပည့်ဖြစ်သူ ဦးမြင့်သောင်း (ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

သံအမတ်ကြီး ဒေါက်တာလှမောင် မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း
**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး**
**အသက် (၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ ဦးမြင့်သောင်း (စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး)သည် ၂၀-၄-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဂေါပကအဖွဲ့
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း
**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး**
**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၉၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသော ခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမြင့်သောင်း(ဝန်ကြီး)ကောင်းရာသုဂတိလားပါစေ။

Mottama Holdings Limited. မိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခိုင်သင်းသင်း
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့နေ (ဦးဦးခိုင်-ဒေါ်အုန်းကြူ)တို့၏သမီး၊ (ဦးမောင်မောင်-ဒေါ်ထွေး)တို့၏သမီးချွေးမ၊ ဗိုလ်ကြီးဝင်းဇော်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ [ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(လေ)(ငြိမ်း)]-ဒေါ်တင်တင်စိန်၊(ဒေါက်တာ ကြည်ကြည်ခိုင်)တို့၏ညီမ၊ (လေယာဉ်မှူးကြီး ဦးသန့်ဇင်)၊ ဦးမျိုးခိုင်-ဒေါ်ကြည်ကြည်ညွန့်လွင်တို့၏အစ်မ၊ ဦးသီဟ-ဒေါ်စန္ဒီစိမ့်၊ ဗိုလ်ချုပ်မြင့်အောင်(ငြိမ်း)-ဒေါ်သဇင်ခိုင်တို့၏မိခင်၊ ဇာနည်မြင့်အောင်-သန္တာဦး၊ထက်မြင့်အောင်၊ ထူးမြင့်အောင်တို့၏ အဘွားသည် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့)ညနေ ၄:၄၅ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၂၀ရက်(အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက် ၂၁-သင်္ဂဟလမ်းနေ ဦးကံညွန့် ၁၂/တမန(နိုင်)၀၃၂၁၅၉-ဒေါ်ခင်မမ ၁၂/တမန(နိုင်)၀၃၁၇၈၄ တို့၏သမီး မခင်နှင်းယု (ခ) မမျိုးမျိုး ၁၂/လသယ(နိုင်)၀၃၃၃၀၃ အား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကံညွန့်-ဒေါ်ခင်မမ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေရိယာ ၀ဒသမ၀၅၅ ကေရှိ ဦးသန်းထွေး ၉/ပမန(နိုင်)၂၀၀၂၇၃(ဘ)ဦးမောင်ကို အမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ-၄၀၇၉)ကို ဦးရဲမောင် ၈/ပမန(နိုင်)၀၇၇၅၉၄(ဘ) ဦးဘိုမင်းမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူနှင့်ဝယ်ယူသူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချုပ်ထားပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဦးရဲထွတ်ထွန်း(လေထီး Force 136 )
## လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)
## (နာယက၊ ဇီဝိတဒါန သံဃာ့ဆေးရုံ)
## အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ခေမာသီရိလမ်း(၉)မိုင်၊ အမှတ် ၁၄၆N2 နေ ဦးအောင်ကျော်စိုး-ဒေါ်ဝါဝါ၊ ဦးနေဝင်း-ဒေါ်သီရိအောင်၊ ဦးမင်းဇော်-ဒေါ်ခင်အေးလွင်တို့၏ဖခင်၊ မသက်ဇံဖြူ၊ ဦးဇော်ရဲဟိန်း- ဒေါ်ပြည့်ပြည့်မင်းဇော်၊ မောင်သီဟမင်းဇော်တို့၏အဘိုး၊ ဒေါ်ခင်မာမာ၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၆:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးမြင့်သောင်း**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးမြင့်သောင်း**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ
ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးမြင့်သောင်း**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့**
**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့**
**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၉)၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး) သည် ၂၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
အကောက်ခွန်ဦးစီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးနု - ဒေါ်မြရီ ဖောင်ဒေးရှင်းမှ အခမဲ့ခြေတုတပ်ဆင်ပေးခဲ့သော ၂၀၁၇ မှ ၂၀၂၀ အထိ စဉ်ဆက်မပြတ် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အကူအညီပေးခဲ့သော စီမံ/ဘဏ္ဍာဝန်ကြီး ဦးမြင့်သောင်း ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သန်းသန်းနု(ဥက္ကဋ္ဌ)
ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်း

### ဝမ်းနည်းကြေကွဲခြင်း
**ဆရာကြီး ဦးဗိုလ်ကလေး(ခ)ဗောလနက်(အတ္တရိုင်း)**
**မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဝိဇ္ဇာစရ တိုင်းရင်းဆေး၊ ဝေဒပညာရှင်၊**
**မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ**
**သာသနာနုဂ္ဂဟအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်**

မော်လိုက်မြို့၊ တပ်ဦးကျောင်းနှင့် မန္တလေးမြို့၊ ကျွဲဆည်ကန်၊ ကေတုမတီမော်လိုက်တပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဝါယမ မဟာသဒ္ဓမ္မဇောတိကဓဇ၏ နောင်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့၊ သရက်ကုန်းရပ်ကွက်၊ ကလေးခရိုင်၊ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်၊ နယ်မြေ(၆)နေ ဆရာမကြီး ဒေါ်မာလာ၏ခင်ပွန်း၊ ကိုနိုင်နိုင်မင်း-မရွှေစင်ဦး(ခ)အင်ဒရား၊ ကိုဇာနည်ဗိုလ်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၆-၄-၂၀၂၀ ရက်(သောကြာနေ့) နံနက် ၈:၃၀ နာရီတွင် ကလေးမြို့နေအိမ်၌ ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာသုဂတိလားပါစေ။

ဦးအောင်သိန်းဦး(ညွှန်ကြားရေးမှူး)-ဒေါ်ချိုချိုမိသားစု
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း
**အသက် (၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး (ဦးမြင့်သောင်း) အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း
**အသက် (၇၃)နှစ်**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

ဦးမြင့်သောင်း၊ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် ၂၀-၄-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်

### ဝမ်းနည်းကြေကွဲခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဇီးအုပ်ကျေးရွာနေ ဦးငွေဝင်းမောင်၊ ဒေါ်နော်ထီးမူတို့၏ သားငယ်၊ မဇူဇန်ဝင်းမောင် ၏မောင်၊ ရွှေတောင်မြို့ အထက အောင်သုခကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်စိုးမိုးစံ၏ခင်ပွန်း၊ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ ဒေသဆိုင်ရာပိုလီယိုပပျောက်ရေးအရာရှိရုံးမှ WHO ယာဉ်မောင်း ဦးပြည့်စုံဝင်းမောင် အသက် (၂၈)နှစ်သည် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းအတွက် ပြည်သူ့ကျန်းမာရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ရင်း ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၁ရက် နံနက် ၀၀:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရကြောင်းနှင့် နိုင်ငံအကျိုး/ပြည်သူ့ကျန်းမာရေးအကျိုး သယ်ပိုးထမ်းဆောင်ရင်း ကွယ်လွန်သွားခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ စစ်တွေမြို့
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ် (၁၈၈)နေ ဦးခင်မောင်ဇော် ၉/မနတ(နိုင်)၀၃၃၀၂၄ ၏သား မောင်အာကာဇော် ၉/အမဇ(နိုင်)၀၀၄၉၂၁သည် မိဘ၏ဆုံးမစကားကိုနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးခင်မောင်ဇော်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း အသက် (၇၃)နှစ်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် ၉၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း ၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးလှမြင့်**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

---

## ဦးမြင့်သိမ်း
## အသက်(၇၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ တိုက် N-2၊ အခန်း 204 နေဦးအောင်သိန်း-ဒေါ်အေးလှတို့၏သား၊ ဒေါ်အမာကြည်၏ခင်ပွန်း၊ကိုပြည့်ဖြိုးဟိန်း-မရည်မာမြင့်တို့၏ဖခင်သည် ၂၁-၄-၂၀၂၀ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၂၀ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးကျော်စွာလင်း
## (လင်းလင်း)
**ညီနောင် ကျောက်ထုတ်လုပ်ရေး**
**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၅၃/စီနေ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း (ငြိမ်း-ရေ)-(ဒေါ်ခင်ထူး-တောင်ကြီး) တို့၏သား၊ ဒေါ်ခင်စန္ဒာဝင်း(MPT)၏မောင်၊ Mr. Parambir Ahuja-ဒေါ်ခင် နန္ဒာဝင်း (Sydney)၏ အစ်ကို၊ (ဦးအောင်သိမ်း)-ဒေါ်စိန်စိန်(TTC ၊ငြိမ်း)တို့၏သားသမက်၊ ဒေါ်သီတာအောင်သိမ်း၏ ချစ်လှစွာသောခင်ပွန်း၊ မသွန်းပန်းချီ၊မခေတ်ပန်းချီတို့၏ ချစ်လှစွာသောဖခင်သည် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့)ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

---

## ဒေါ်တင်တင်အုံး (ပန်းတောင်းမြို့)
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၃လမ်း၊ အမှတ် ၇၈၈(ခ)နေ ဗိုလ်မှူးတင်စိန်(ငြိမ်း) ၏ဇနီး၊ ဒေါ်နီနီစိန်-ဦးညွန့်သိန်း၊ ဦးအောင်ကျော်မြင့်-ဒေါ်ဝင်းမင်းထိုက်၊ ဒေါ်သီလွာစိုး(MRTV) -ဦးရွှေသွင်၊ ဒေါ်နမ့်ပန်(မန်နေဂျာ၊ ငြိမ်း၊ MFTB)-(ဦးထွန်းအောင်)၊ ဦးသက်အောင်(တပ်မတော်-ရေ)-ဒေါ်သင်းသင်းသွယ်၊ ဦးပြည့်ဖြိုးအောင် (ဒု-အကောက်ခွန်မှူး၊ အကောက်ခွန် ဦးစီးဌာန)-ဒေါ်အိခိုင်ဇင်(MD Bank) တို့၏မွေးသမိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၂၁-၄-၂၀၂၀ရက် ည ၈:၃၅ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။ (ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်အုံး(ပန်းတောင်းမြို့)
**အသက် (၈၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၃)လမ်း၊ အမှတ်(၇၈၈/ခ)နေ ဒေါ်သီလွာစိုး၊ ဒုတိယညွှန်ကြားရေးမှူး(အသံလွှင့်)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ချစ်လှစွာသောမိခင်သည် ၂၁-၄-၂၀၂၀ရက် (အင်္ဂါနေ့) ည ၈:၃၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**အရာထမ်း၊ အမှုထမ်းများနှင့်ဝန်ထမ်းမိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသောင်းစိန် အသက် (၈၁)နှစ်

ဗိုလ်မှူးကြီးရဲနိုင်(ငြိမ်း)-ဇနီး ဒေါ်အေးဆုမွန်တို့၏ဖခင် ဦးသောင်းစိန် အသက်(၈၁)နှစ်သည် ၁၉-၄-၂၀၂၀ရက်တွင် မအူပင်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တဇ (၁၅)မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ဌေး(ဝါးခယ်မ)
**လ/ထ တိုင်းစီမံကိန်းမှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၃လမ်း၊ အမှတ် ၂၅(မြေညီထပ်)နေ (ဆရာကြီး ဦးဘစိန်-ဒေါ်ကြင်အေး)တို့၏သမီး၊ (ဦးချစ်အောင်-ဒေါ်အေးသန့်)တို့၏ညီမ၊ ဦးကျော်လှိုင်-(ဒေါ်သိန်းရွှေ)တို့၏အစ်မ၊ ကိုကျော်စွာလှိုင်-မဇင်ဝင်းဖြိုး၊ ကိုဟိန်းမင်းအောင် -မကေသီကျော်လှိုင်တို့၏အဒေါ်၊ မဝင့်ဝါထက်၏အဘွားသည် ၁၆-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးအောင်မြင့် (ကွေ့ဝမ်းကျေးရွာ)
**အသက်(၇၀)**

မုဒုံမြို့နယ်၊ ကွေ့ဝမ်းကျေးရွာနေ (ဦးထွန်းဝင်း-ဒေါ်အေးမြိုင်)တို့၏သား၊ (ဦးသောင်းဟိန်-ဒေါ်မအောင်)တို့၏ညီမောင်၊ (ဦးအောင်သန်း)၊ ဦးဟန်သိန်း-ဒေါ်ဖြူဖြူအောင်၊ ဦးရွှေဘ-ဒေါ်ဝင်းသန်း၊ ဦးရွှေဌေး-ဒေါ်တင်တင်ဝေတို့၏ချစ်လှစွာသောအစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ အမှတ် ၁၃၈နေ ဒေါ်စောညွန့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုပြည့်ဖြိုးကျော်-မဝေသီတာ၊ ကိုအေးမင်းထွန်း၊ ကိုမင်းဇင်လတ်-မသင်ဇာမိုး၊ မသင်းမြတ်မိုးတို့၏ဖခင်၊ မောင်ဟိန်းမာန်စစ်၊ မရွှန်းအိန္ဒြေစံတို့၏အဘိုးသည် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁:၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အိမ်အမှတ်(၉) ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်နေ့ ညတွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းမိသားစုများ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး
**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အိမ်အမှတ်(၉) ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဝန်ထမ်းမိသားစုများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း အသက် (၇၃)နှစ်
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး
## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဇော်ဂျီလမ်း အမှတ် ၉နေ ဒေါ်ရီရီသိန်း ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်သောင်း (တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အစ်ကိုကြီး ကောင်းရာသုဂတိလားပါစေ။

**ဦးလှကျော်(ဒုတိယဝန်ကြီး)ဇနီး ဒေါ်သန်းသန်းဌေး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း အသက် (၇၃)နှစ်
## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ရက် ည ၇:၅၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
**အသက် (၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းသည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးမိသားစု**

---

## မမွန်မြတ်သူ အသက်(၂၉)နှစ်
**ဒု-ဦးစီးမှူး**
**မြို့နယ်ရွေးကောက်ပွဲကော်မရှင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကစံလမ်း၊ အမှတ် ၂၂၅(ခြောက်လွှာ)နေ ဦးအောင်မိုး-ဒေါ်မြင့်မြင့်သိန်းတို့၏သမီး၊ ဒေါ်စန်းစန်းရီ(ဒု-ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)၊ ဦးသက်နိုင်-ဒေါ်စန်းစန်းလွင်၊ ဦးရင်ထွေး-ဒေါ်စန္ဒာတို့၏တူမ၊ ကိုကိုဦး၏ညီမ၊ ကိုဘုန်းပြည့်ကျော်၊ မအေးစုလှိုင်တို့၏အစ်မသည် ၂၀-၄-၂၀၂၀ရက် ညနေ ၃:၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး
**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အိမ်အမှတ်(၉) ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက်(၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းခိုင်နှင့် ဇနီးဒေါ်လှလှမူ**
**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း အသက် (၇၃)နှစ်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဒေါ်ရီရီသိန်း၏ချစ်လှစွာသောခင်ပွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ဦးမြင့်သောင်းသည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာသန်းမြင့် (ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်ခင်ဌေး**
**(စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဝန်ထမ်းဟောင်းများ)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း အသက် (၇၃)နှစ်
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး
## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် ၉၊ ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း ၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း(ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း**
**ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်**
**လွှတ်တော်ရုံး ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သောင်း
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အိမ်အမှတ်(၉) ဇော်ဂျီလမ်းနေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်း (တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး) အသက် (၇၃)နှစ်သည် ၂၀-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ထွန်း(ရေစကြို)
**အသက် (၇၁)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ဌာနစုမှူး-၁/ဒုတိယအတွင်းဝန် ဒေါ်အေးသန္တာစိုး၏ဖခင် ဦးတင်ထွန်း အသက်(၇၁)နှစ်သည် ၂၀-၄-၂၀၂၀ရက်တွင် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကံသစ်ရွာနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**အာဆီယံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုကျော်စွာလင်း(ခ)ကိုလင်း အသက်(၄၅)နှစ်
**(တောင်ကြီး)ရန်ကုန်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ မသီတာအောင်သိန်း၏ခင်ပွန်း ကိုကျော်စွာလင်း (ခ)ကိုလင်းသည် ၂၀-၄-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၅:၄၅နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကွယ်လွန်သူ၏ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(ကိုလင်း ကောင်းရာသုဂတိလားပါစေ။)

**ကိုထွန်းသိန်း-ရဲမှူးကြီး ဧရာဝတီတိုင်း သတင်းတပ်ဖွဲ့ တာဝန်ခံ- မသဇင်ငြိမ်းဦး**
**ကိုမျိုးခိုင်-မသီတာလင်း(တောင်ငူ)**
**ကိုခွန်ဇင်-မမီးမီး(ငွေဆောင်ဟိုတယ်)တောင်ငူ**
**မမီးငယ်(စခန်းသာ)၊ မဇင်(တောင်ငူ)**
**ဗိုလ်ကြီးအောင်သူ- မမွန်သော်(ကောင်းကင်စံ ဆောက်လုပ်ရေးကုမ္ပဏီ)တောင်ငူ**


---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုကျော်စွာလင်း(ခ)ကိုလင်း အသက်(၄၅)နှစ်
**(တောင်ကြီး)ရန်ကုန်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ မသီတာအောင်သိန်း၏ခင်ပွန်း ကိုကျော်စွာလင်း (ခ)ကိုလင်းသည် ၂၀-၄-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၅:၄၅နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကွယ်လွန်သူ၏မိသားစု နှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(ကိုလင်း ကောင်းရာသုဂတိလားပါစေ။)

**ကိုထွန်းလင်းနိုင် MD (မြတ်ပန်းဝါ ဆောက်လုပ်ရေးကုမ္ပဏီ)တောင်ငူ**




ပြည်ထောင်စု ဝန်ကြီး ဦးသောင်းထွန်း ကမ္ဘာ့စီးပွားရေး ဖိုရမ်အဖွဲ့က ကြီးမှူး၍ ကျင်းပ သည့် ကိုဗစ်-၁၉ နှင့်စပ်လျဉ်း သည့် အာရှ-ပစိဖိတ်ဒေသ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေး စဉ်။

သတင်းစဉ်

# ကမ္ဘာ့စီးပွားရေးဖိုရမ်က ကြီးမှူး၍ကျင်းပသည့် ကိုဗစ်-၁၉ ဆိုင်ရာ အာရှ-ပစိဖိတ်ဒေသ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ တက်ရောက်

**နေပြည်တော် မေ ၂၁**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ပူးပေါင်း၍ ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) က Video Conference စနစ်ဖြင့် ကျင်းပသည့် ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ အာရှ-ပစိဖိတ်ဒေသ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်သူများ၏ ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးခန်းမှ ပါဝင်တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ တာဝန်ရှိသူများနှင့် အသိပညာရှင် အတတ်ပညာရှင်များ ပါဝင်တက်ရောက်ကြပြီး ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုကြောင့်

*စာမျက်နှာ ၈ ကော်လံ ၁* ●

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုလေးမျက်နှာ ပါရှိ

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ သက်တမ်းကာလအတွင်း တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲ တိုးတက်မှုအခြေအနေများ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## နေပြည်တော် စည်ပင်ဧည့်ရိပ်သာဝင်းအတွင်း ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**နေပြည်တော် မေ ၂၁**

ကိုဗစ်-၁၉ စောင့်ကြည့်သူများ ထားရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် စည်ပင်ဧည့်ရိပ်သာဝင်း အတွင်း ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းကို မေ ၂၁ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။ (ယာပုံ)

စည်ပင်ဧည့်ရိပ်သာဝင်းအတွင်း ပိုးသတ်ဆေးဖျန်းခြင်းကို နယ်မြေခံ တပ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်ခိုင်လင်း ဦးစီးသော တပ်မတော်သားများက ယာဉ်ကြီး သုံးစီး၊ နေပြည်တော်တိုင်း မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်း ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက

*စာမျက်နှာ ၈ ကော်လံ ၄* ❑



**ပို့ကုန်လုပ်ငန်းရှင်များထံမှ ပြည်ပတင်ပို့သည့်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန်အဖြစ် တန်ချိန် ၅၀၀၀၀ ဝယ်ယူရန် ဆောင်ရွက်သွားမည်** စာ ➤ ၄

---

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း** (၂၁-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ စာ ➤ ၁၅

## ဟယ်ရီကိန်းနေရာ ဂျေမီနက်ဖ်ဖြင့် အစားထိုးရန် စပါး စီစဉ်

စပါးနည်းပြ မော်ရင်ဟိုသည် အင်္ဂလန်အသင်း ခေါင်းဆောင် ဟယ်ရီကိန်းအနေဖြင့် အသင်းမှ ထွက်ခွာသွားပါက အဆိုပါကစားသမား၏ နေရာကို ဝုဖ်အသင်းမှ မက္ကဆီကို တိုက်စစ် ကစားသမား ရာအူးလ်ဂျေမီနက်ဖ် (၂၈နှစ်) ဖြင့် အစားထိုးရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မန်ယူအသင်းသည် အပြောင်းအရွှေ့ကာလ ကစားသမားဝယ်ယူမှု ထိပ်ဆုံးစာရင်းတွင် စပါးအသင်းမှ ဟယ်ရီကိန်းကို ထည့်သွင်းထားခြင်းကြောင့် စပါးနည်းပြ မော်ရင်ဟို အနေဖြင့် ဝုဖ်တိုက်စစ်ကစားသမား ရာအူးလ် ဂျေမီနက်ဖ်ဖြင့် အစားထိုးရန် စီစဉ်နေခြင်း ဖြစ်သည်။

စပါးနည်းပြ မော်ရင်ဟိုသည် ဂျေမီနက်ဖ်၏ ခြေစွမ်း ကို ကြိုက်နှစ်သက်သူလည်းဖြစ်သည်။ အသက် ၂၈ နှစ်အရွယ် ဂျေမီနက်ဖ်သည် ဝုဖ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၄၄ ပွဲ ကစားထားပြီး ၂၂ ဂိုး သွင်းယူပေးထားကာ ဂိုးရရှိအောင် ၁၀ ကြိမ် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ❍

## အချိန်အခါမဟုတ် မိုးရွာနိုင်

**နေပြည်တော် မေ ၂၁**

ယနေ့မြန်မာစံတော်ချိန် ၁ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများနှင့် အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် မေ ၂၄ ရက်မှ ၂၉ ရက် အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၁**

Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသန ဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ (၄) ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီး ဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များ အသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် (၁၇) ဦး၊ စုစုပေါင်း (၆၀) ဖြင့် မေ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ ဧပြီ ၂၂၊ ၂၀၂၀

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ သက်တမ်းကာလအတွင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲတိုးတက်မှုအခြေအနေများ

ဆောင်းပါး – နန္ဒာဝင်း၊ ဓာတ်ပုံ – တာရာ

**နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ရန် အထူးလိုအပ်လှသည်။**

**အချင်းချင်း မတူကွဲပြားမှုများကို ပေါင်းစည်းအားအဖြစ်ပြောင်းလဲပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့ကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရကလည်း ဆောင်ရွက်လျက်ရှိသည်။**



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်

အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားများ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသလို တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှမှုရှိစေရေး ကို သမိုင်းတစ်လျှောက် ဦးတည်ကြိုးပမ်း ခဲ့သည်။ တိုင်းရင်းသားရေးရာများကို အလေးထား ဆောင်ရွက်ရာတွင် ၂၀၁၅ ခုနှစ် တိုင်းရင်းသားလူမျိုးများအခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးဥပဒေအရ ၂၀၁၆ ခုနှစ် မတ်လတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို စတင်ဖွဲ့စည်းဆောင်ရွက် ခဲ့သည်။

ထို့အတူ လူမျိုးစုများက တိုက်ရိုက် ရွေးချယ်ထားသည့် ကိုယ်စားလှယ်များကို တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများအဖြစ် ခန့်ထားပြီး သက်ဆိုင်ရာ လူမျိုးစုရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေး ကိစ္စရပ် များတွင် ပါဝင်ကူညီဆောင်ရွက်ပေးရန် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များတွင် တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ၂၉ ဦး ပါဝင်ဖွဲ့စည်းထားသည်။

"ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးသည် ဒွန်တွဲနေသဖြင့် ဖွံ့ဖြိုးတိုးတက်မှ ငြိမ်းချမ်း မည်ဖြစ်ပြီး ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။ ယင်းကို တိုင်းရင်းသားအားလုံး ထဲထဲဝင်ဝင် သိရှိနားလည်သဘောပေါက်ရန် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအနေ ဖြင့် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဖြန့်ဝေပေးရန် လိုအပ်ကြောင်း" နိုင်ငံတော် သမ္မတက လမ်းညွှန်မှာကြားချက်တွင် ထည့်သွင်းပြောကြားထားသည်။

ရှမ်းပြည်နယ် ပင်လုံမြို့ ပင်လုံ ကျောက်တိုင်ရှေ့၌ ကျင်းပသည့် ၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်က "၂၀ ရာစုပင်လုံအစည်းအဝေးတွင် တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ အမြော် အမြင်ကြီးမားစွာနဲ့ ဆွေးနွေးညှိနှိုင်းခဲ့ကြသလို ၂၁ ရာစုပင်လုံမှာလည်း တိုင်းရင်းသားညီအစ်ကို မောင်နှမတွေ အမြော်အမြင်ရှိရှိ စည်းစည်း လုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆွေးနွေးညှိနှိုင်း တိုင်ပင်ကြပါက အားလုံး လိုလားတောင့်တ နေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အောင်မြင်စွာ တည်ဆောက်နိုင်မှာ မလွဲဧကန် ဖြစ်ပါတယ်" ဟု မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့သည်။

၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် **"တိုင်းရင်းသားလူမျိုးများ"** ဆိုသည် မှာ

*အချပ်ပို (ခ) သို့*




၁-၂-၂၀၂၀ ရက်က ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀) သို့ ပါဝင်ဆင်နွှဲကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**"တိုင်းရင်းသားဒေသများရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် နိုင်ငံတော်မှ မူဝါဒများ ချမှတ်အကောင် အထည် ဖော်ဆောင်ရွက် လျက်ရှိသည်။ တိုင်းရင်းသား စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ဒေသတိုးတက် ဖြစ်ထွန်းလာနိုင်သည့် အလား အလာရှိသော ဒေသတွင်း ကုန်ထုတ်လုပ်ငန်းများအပြင် ဝန်ဆောင်မှုလုပ်ငန်းများတွင် လည်း ရင်းနှီးမြှုပ်နှံနိုင်ပြီဖြစ်"**



၂-၁၁-၂၀၁၉ ရက်က ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများက 2019 Mon Business Forum အခမ်းအနားကို ဖွင့်လှစ်ပေးကြစဉ်။

*အချပ်ပို (က) မှ*

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ်သတ်မှတ်၍ စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြသော လူမျိုးများကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင်ဟူ၍ ဖော်ပြထားသည်။

**“တိုင်းရင်းသားရေးရာ”** ဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ ရရှိရေးတို့ အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့် ကိစ္စရပ်များဖြစ်သည်။

### တိုင်းရင်းသားရေးရာများကို အလေးထား

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားရေးရာများကို အလေးထားဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများနှင့်အညီ လိုက်နာအကောင်အထည်ဖော်လျက်ရှိသည်။

တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိစေရန်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ် အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်တို့မှာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေ၏ ရည်ရွယ်ချက်များဖြစ်သည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝရရှိစေရန် စသည်တို့မှာလည်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေ ရည်ရွယ်ချက်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် ဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒ ၄ ရပ် ချမှတ်ထားသည်။

အဆိုပါ မူဝါဒများမှာ တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းရေးနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။

### တန်းတူညီမျှသော အခွင့်အရေးများ

ထို့အတူ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ပန်းတိုင် ၃ ၌ အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးရေးဟူ၍ ချမှတ်ထားသည်။ MSDP ပန်းတိုင် ၃ နှင့်ချိတ်ဆက်၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များတွင် ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်နှင့်အညီ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် Ethnic Sustainable Development Forum ကို ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုတစ်ခုအဖြစ် တိုင်းပြည်၏ စီးပွားရေးသာမက ငြိမ်းချမ်းရေးကို အထောက်အကူပြုစေမည့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကို ၂၀၁၈ ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့သည်။

ထို့ပြင် မွန်တိုင်းရင်းသားလုပ်ငန်းရှင်အသင်းကကြီးမှူး၍ Mon Business Forum ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂ ရက်မှ ၃ ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ကချင်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ Kachin Business Forum ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်မှ ၁၅ ရက်အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့တွင် ကျင်းပခဲ့သည်။

### လွတ်လပ်စွာကျင်းပခွင့်ရှိ

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များတွင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာလူမျိုးစုများ၏ ပွဲတော်များကို ကျင်းပခွင့်ပြုသည့်အပြင် တိုင်းရင်းသားလူမျိုးစုများ ဂုဏ်ပြုအားပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ပွဲတော်အခမ်းအနားများသို့ နိုင်ငံတော်အကြီးအကဲများ တက်ရောက်ခြင်း၊ သဝဏ်လွှာများပေးပို့ခြင်း၊ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ခြင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့များ တက်ရောက်ခြင်း၊ ပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းစဉ်များတွင် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ထောက်ပံ့ငွေများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးနေသဖြင့် တိုင်းရင်းသားလူမျိုးစုများသည် အခွင့်အရေးများ ရရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအပါအဝင် တိုင်းရင်းသားများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ဖော်ဆောင်သည့် “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” Myanmar Ethnics Culture Festival ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့၌ ပထမအကြိမ်အဖြစ် ကျင်းပခဲ့သည်။

သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ နှင့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ကျင်းပရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၃ ရက်၌ ကျင်းပခဲ့ပြီး တိုင်းရင်းသားရေးရာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ခဲ့သည်။

“သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀” ကို မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးကိုအထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပေါင်းစုံသည် ချစ်ကြည်ရင်းနှီးစွာ စည်းစည်းလုံးလုံး နေထိုင်ကြောင်းနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို မြန်မာနိုင်ငံသားများသာမက အခြားနိုင်ငံသားများပါ သိရှိစေရန်၊ မြန်မာနိုင်ငံ၏ လှပသော တောတောင်ရေမြေအလှကို သိရှိစေရန်နှင့် ခရီးသွားလုပ်ငန်းရှင်များ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန်၊ မြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ဒေသထုတ်ကုန်များ၊ ရိုးရာအဝတ်အထည်များကို နိုင်ငံတွင်းမှသည် နိုင်ငံတကာဈေးကွက်များဆီသို့ တင်ပို့ဖြန့်ဖြူးရောင်းချနိုင်ရန်နှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားရန် ဒုတိယသမ္မတက လမ်းညွှန်မှာကြားခဲ့သည်။

### သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀

၂၀၂၀ ပြည့်နှစ်၌ ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးကြိုးပမ်းခဲ့ရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းနှင့် ကယားတိုင်းရင်းသားလုပ်ငန်းရှင်အသင်းတို့က ဦးဆောင်၍ ‘သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀’ ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၇ ရက်အထိ ဒုတိယအကြိမ်အဖြစ် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ထပ်မံကျင်းပနိုင်ခဲ့သည်။

“သွေးချင်းလို့ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့သွေးတွေကို ပြောတာမဟုတ်ပါဘူး။ စိတ်ထဲကနေ စီးဆင်းနေတဲ့သွေးကို ပြောတာပါ။ စိတ်ထဲက သဘောချင်းတူညီမှ တစ်စိတ်တည်း တစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေ ဖြစ်နိုင်မှာပါ” ဟု ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်၌ သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ မုခ်ဦး ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက “နိုင်ငံအတွင်း တိုင်းရင်းသားမျိုးနွယ်စုများ ကွဲပြားနေကြသကဲ့သို့ နောက်ခံသမိုင်းကြောင်းများအရ အတွေးအမြင်မတူညီမှုများလည်း ရှိနိုင်ပါကြောင်း၊ အတွေးအမြင် မတူညီသည်များကို ဘေးဖယ်ထားပြီး တူညီသည်များကိုစုစည်းကာ ရှေ့ဆက်ဆောင်ရွက်ရသည်များရှိသကဲ့သို့ မတူညီသော်လည်း ပေါင်းစပ်ဆောင်ရွက်နိုင်သည်များလည်း ရှိပါတယ်။ ဒါ့ကြောင့် နိုင်ငံတွင် မတူကွဲပြားမှုများ ရှိနေသော်လည်း စုစည်းတည်ဆောက်၍ ရနိုင်ပါကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

### ဓလေ့စရိုက်ကောင်းများကို ဖော်ညွှန်း

မုခ်ဦးဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကေ့ထိုးဘိုး (ခ) ကယားရိုးရာ တံခွန်တိုင်ကို စိုက်ထူပေးခဲ့သည်။ ကေ့ထိုးဘိုး(ခ) ကယားရိုးရာတံခွန်တိုင်အကပွဲတော်သည် ကယားလူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှုနှင့် မေတ္တာစေတနာပြည့်ဝသော ဓလေ့စရိုက်ကောင်းများကို ဖော်ညွှန်းသည့် ပွဲတော်တစ်ခုဖြစ်သည်။

ပွဲတော်ကို မိုးလေဝသမှန်ကန်ကောင်းမွန်စေရန်၊ ဆန်ရေစပါးနှင့် ကောက်ပဲသီးနှံပေါများကြွယ်ဝစေရန်၊ သဘာဝဘေးအန္တရာယ်မှ ကင်းဝေးစေရန်၊ တိုင်းပြည် အေးချမ်းသာယာပြီး တိုင်းရင်းသားများ ပိုမိုချစ်ကြည်ရင်းနှီးစည်းလုံးစေရန်နှင့် မျိုးဆက်သစ်လူငယ်များ မိမိတို့ ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်ကျင်းပကြခြင်းဖြစ်ကြောင်း သိရသည်။

*အချပ်ပို (ဂ) သို့*

*အချပ်ပို (ခ) မှ*

ပွဲတော်ကာလအတွင်း ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ နေထိုင်မှုပုံစံများ၊ ဝတ်စားဆင်ယင်မှု လူနေမှုပုံစံများ၊ အစားအစာများ၊ သမိုင်းဆိုင်ရာများကို တစ်နေရာတည်းတွင် မြင်တွေ့ခွင့်ရသဖြင့် တိုင်းရင်းသားကမ္ဘာကြီး တစ်ခုသို့ ရောက်ရှိသွားသည့်အတိုင်း ခံစားကြရသည်ကိုလည်း သိရသည်။

ထို့ပြင် တိုင်းရင်းသားဒေသများရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသတိုးတက်ဖြစ်ထွန်းလာနိုင်သည့် အလားအလာရှိသော ဒေသတွင်းကုန်ထုတ်လုပ်ငန်းများအပြင် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက တိုင်းဒေသကြီး၊ ပြည်နယ် အသင်းရုံးခွဲများ ဖွင့်လှစ်ပေးခြင်းဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား တိုင်းရင်းသားလုပ်ငန်းရှင်များက တိုင်းရင်းသားဒေသထွက်ကုန်များကို ဖွံ့ဖြိုးပြီးဒေသများသို့ ပြည်တွင်း ပြည်ပ ဈေးကွက်ဝင်စီးပွားရေးလုပ်ငန်းများအဖြစ် ချိတ်ဆက်လုပ်ကိုင်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည်။

ထို့အတူ ဒေသခံတိုင်းရင်းသားများကို အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၌ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် နေ့စားလပေး Teaching Assistant ၅၁၆၁ ဦးနှင့် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာသင် Language Teacher ၇၂၆၃ ဦး တို့ကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းခန့်ထားနိုင်ခဲ့သည်။

မျိုးဆက်သစ်လူငယ်များကို ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း နည်းပညာများ လက်ဆင့်ကမ်းသင်ကြားပေးရန် ရည်ရွယ်၍ ဆုထူးပန်ပညာဒါနဖောင်ဒေးရှင်းမှ တည်ထောင်သည့် ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ရေးနှင့် အသက်မွေးမှုအတတ်ပညာသိပ္ပံကျောင်းတွင် မျိုးဆက်သစ်တိုင်းရင်းသားလူငယ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ ထောက်ခံချက်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ စိစစ်ရွေးချယ်မှုဖြင့် တက်ရောက်စေခဲ့သည်။ သင်တန်းတတ်မြောက်ပြီးပါက အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရေး ဆုထူးပန်ပညာဒါနဖောင်ဒေးရှင်းက ဆောင်ရွက်ပေးခဲ့သည်။

ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ရေးနှင့် အသက်မွေးမှု အတတ်ပညာသင်တန်း အမှတ်စဉ် ၁ ကို ၂၀၁၉ ခုနှစ် ဇွန်လ ၁၈ ရက်မှစတင်၍ တစ်နှစ်ကြာ မန္တလေးမြို့၌ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ကျောက်စိမ်းကွန်ပျူတာပန်းပုပညာ၊ ကျောက်စိမ်းလက်ပန်းပုပညာ၊ ပတ္တမြားနီလာဖြတ်သွေး (အပွင့်)ပညာ၊ စက်ပန်းထိမ်ပညာ၊ လက်ပန်းထိမ်ပညာ၊ ကျောက်စိမ်း(အပွင့်)ပညာ၊ ကျောက်စိမ်းပုတီးပညာ၊ ကျောက်စိမ်းလက်ကောက်ပညာ၊ တရုတ်စာပညာ၊ ကျောက်စီပန်းချီပညာနှင့် ပန်းချီပညာတို့ကို စာတွေ့ ခြောက်လ On Job Training ခြောက်လ အခမဲ့သင်ကြားခွင့် ရရှိခဲ့သည်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၏ ရည်ရွယ်ချက်တွင်ပါရှိသော တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးစုများ၏ ကိုးကွယ်ယုံကြည်မှုများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ပွဲတော်များသည် ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်ကြောင်း ဖော်ပြပါရှိသည်။




၁၉-၉-၂၀၁၉ ရက်က ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ပူးပေါင်း၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ အတွေးအခေါ်၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့နှင့် ပွဲတော်များ စသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး ပြန်လည်အသုံးချနိုင်စေရန်ရည်ရွယ်၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို ၂၀၁၉ ခုနှစ်တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း ထင်ရှားပေါ်လွင်စွာ လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်းခိုင်မာလာစေရန်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက လွှဲပြောင်းယူခဲ့သည်။

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)ကို တိုင်းရင်းသားမျိုးနွယ်စုများ စုစည်းရာနေရာ Ethnic Communication Centre – ECC အဖြစ် သတ်မှတ်အသုံးပြုနိုင်ရေးအတွက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ တိုင်းရင်းသားပြည်သူများ အပန်းဖြေနိုင်ရန် ရည်ရွယ်၍ အပတ်စဉ် ဖျော်ဖြေရေး အစီအစဉ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၏ ရိုးရာယဉ်ကျေးမှု ဖျော်ဖြေတင်ဆက်မှုများ အပါအဝင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအကနှင့် ရိုးရာတူရိယာ အတီးအမှုတ်သင်တန်းများကို ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်)တွင် ဖွင့်လှစ်ခဲ့ပြီး လက်ဆင့်ကမ်းအမွေအနှစ်ရရှိရေး ဆောင်ရွက်နိုင်ခဲ့သည်။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုကို အလေးပေးဆောင်ရွက်ရန်၊ တိုင်းရင်းသားစကား၊ စာပေ တိမ်ကောပပျောက်မှုမရှိစေရေးနှင့် အစဉ်တည်တံ့ခိုင်မြဲစေရန် စသည့်ဦးတည်ချက်များဖြင့် နွေရာသီကာလအတွင်း အခြေခံပညာကျောင်းများ၌ တိုင်းရင်းသား စာပေသင်ကြားမှု၊ ဒေသသင်ရိုးညွှန်းတမ်းရေးဆွဲမှု၊ တိုင်းရင်းသားဘာသာ ၆၄ မျိုး သင်ကြားခွင့်ရရှိစေရန် ဆောင်ရွက်မှု၊ မူကြိုနှင့် KG တန်းများအတွက် တိုင်းရင်းသားဘာသာ မြန်မာဘာသာနှစ်မျိုးဖြင့် ရိုက်နှိပ်ဖော်ပြထားသော ပုံပြပုံပြင်စာအုပ်(ရုပ်ပြ)များကို တိုင်းရင်းသားဘာသာ ၆၆ မျိုး ဘာသာပြန် ပုံနှိပ်ထုတ်ဝေမှုတို့ကို ဆောင်ရွက်ခဲ့သည်။

တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သော တိုင်းရင်းသားစာပေများ၊ လူမျိုးစုတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝပုံစံများ၊ ကိုးကွယ်ယုံကြည်မှုများ၊ ပွဲတော်များကို ကွင်းဆင်းမှတ်တမ်းတင်မှု၊ တိုင်းရင်းသားလူမျိုးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ အသုံးအဆောင်ပစ္စည်းများနှင့် တူရိယာပစ္စည်းများ ခင်းကျင်းပြသမှု၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို တရားဝင်အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခွင့်ရရှိရန် ဆောင်ရွက်မှု၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးစာစောင်များ၊ UNICEF က ထုတ်ဝေသောနှီးဆော်ပညာပေးပိုစတာများကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုမှုများကို ဆောင်ရွက်ခဲ့သည်။

ထို့အတူ ကျန်းမာရေး စံပြုအချက်အလက်များစာအုပ် Version-1 တွင် အာဟာရပြည့်ဝသော တိုင်းရင်းသားရိုးရာအစားအစာ ၃၇၄ မျိုး ထည့်သွင်းဖော်ပြနိုင်ရန် စုစည်းမှု၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့် နည်းဥပဒေများကို တိုင်းရင်းသားဘာသာများဖြင့် ပြန်ဆိုမှုတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးစုများသည် မတူကွဲပြားသော်လည်း အရောင်အသွေးစုံစွာ တစုတစည်းတည်း နေထိုင်လာကြရာ ခေတ်ကာလအလိုက် တိုင်းရင်းသား လူမျိုးစုများ၏ ရိုးရာဝတ်စားဆင်ယင်မှုများ ပြောင်းလဲလာသည်ကို တွေ့မြင်ရသည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးစုံ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို ခေတ်ကာလပြောင်းလဲလာမှုအရ မှတ်တမ်းအဖြစ် ပြုစုထားရှိနိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မှတ်တမ်းတင်ရာတွင် တိုင်းရင်းသားလူမျိုး အမျိုးသား အမျိုးသမီးဝတ်စားဆင်ယင်မှုအားလုံးကို စုံစုံလင်လင် ဝေဝေဆာဆာ မှတ်တမ်းတင်ထားရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် စုဆောင်းထားသည့် မှတ်တမ်းဓာတ်ပုံများကို အပြန်အလှန် ဖလှယ်မှုပြုပြီး စုစည်းလျက်ရှိသည်။

စုစည်းရရှိပြီးသော တိုင်းရင်းသား လူမျိုးစုဓာတ်ပုံများကို တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှုရှုထောင့်ဖြင့် စိစစ်မှတ်တမ်းတင် ပြုစုနိုင်ရေးသာမက မှတ်တမ်းစာအုပ်အဖြစ် ထုတ်ဝေနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၏ မူဝါဒတစ်ရပ်ဖြစ်သည့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းရေးနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ် အတူတကွလက်တွဲ နေထိုင်ရေးဟူသည့် မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်၌ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်မှ ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ တအာင်း၊ လီဆူ၊ ခမီ၊ မြို၊ သက်၊ မရမာကြီး၊ ဒိုင်းနက်၊ အရှိုချင်း၊ မင်းပြားချင်း၊ မြေပုံချင်းနှင့် ရမ်းဖြဲချင်း စသည့် လူမျိုးစုများမှ ၉၄ ဦးတို့ကို ပထမအကြိမ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ဇိုင်ဝါး၊ တိုင်ခမ်းတီ၊ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းလေ၊ တိုင်းဆာ၊ လီဆူ၊ လာချိဒ်၊ လော်ဝေါ်၊ ကိုန်းဖော့၊ ရဝမ်၊ ဗမာ၊ မွန်၊ ကရင်၊ ထားဝယ်နှင့် ဆလုံ စသည့်လူမျိုးစုများမှ ၉၀ တို့ကို ဒုတိယအကြိမ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်မှ ကယား၊ ကယန်း၊ ဂေဘား၊ ကယော၊ ယင်းတလဲ၊ မနုမနော၊ ရှမ်း၊ ပအိုဝ်း၊ ကရင်၊ ဗမာ၊ ဟားခါးချင်း၊ မရာ၊ ဖလမ်း၊ ဟွာလ်ငို၊ ဇိုမီး၊ ဆီးယင်း၊ တွန်းဇံ၊ မတူပီ၊ မတူ၊ ဇိုတုန်၊ ချိုး၊ ကာဏ်းနှင့် ဒိုင် စသည့် လူမျိုးစုမှ ၁၀၇ ဦးကို တတိယအကြိမ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များကို နေပြည်တော် လေ့လာရေးခရီးစဉ်များအဖြစ် စီစဉ်ဆောင်ရွက်ခဲ့သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ချင်း၊ ရှမ်း၊ ကရင်နှင့် ရခိုင် စသည့်လူမျိုးစုများမှ ၁၀၁ ဦးကို စတုတ္ထအကြိမ်နှင့် ၂၀၂၀ ပြည့်နှစ်၌ နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ကယန်း၊ ကရင်ဖြူ၊ အရှိုချင်း၊ ဥ(ပ်)ပူး၊ ဟားခါး(လိုင်)၊ ဇိုတုန်၊ ဒါးရင်ဒူး၊ ချို(ချင်း)၊ ယော၊ ဂုံရှမ်း၊ တိုင်းနေ၊ ရှမ်းကြီး၊ တိုင်းလွယ်၊ လားဟူ၊ လီဆူ၊ တအာင်း (ပလောင်)၊ ဗမာ ၊ "ဝ"၊ အားခေါ၊ အဲန်နှင့် ကွီ စသည့် လူမျိုးစုမှ ၉၂ ဦးတို့ကို ပဉ္စမအကြိမ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များကို နေပြည်တော် အပါအဝင် ရန်ကုန်တိုင်းဒေသကြီးသို့ လေ့လာရေးခရီးစဉ်များအဖြစ် ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ အရှေ့နှင့် အနောက်၊ တောင်နှင့် မြောက်တို့မှ တိုင်းရင်းသားလူမျိုးစုများကို ဖိတ်ခေါ်တွေ့ဆုံမှု ပြုလုပ်ခဲ့သည့်အတွက် တိုင်းရင်းသားအချင်းချင်း ရင်းနှီးစွာတွေ့ဆုံခွင့်ရရှိပြီး ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းလိုစိတ် များပွားများလာခြင်း၊ တစ်ဦးနှင့်တစ်ဦး အမြင်ချင်းဖလှယ်၍ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးပွားလာခြင်း၊ ပြည်ထောင်စု စိတ်ဓာတ်များ ပိုပိုခိုင်မာလာစေခြင်းနှင့် ဒေသန္တရဗဟုသုတများ ရရှိစေခြင်း အကျိုးတရားများ ရရှိစေကာ ငြိမ်းချမ်းရေး ရရှိရန်အတွက် များစွာအထောက်အကူပြုလာမည်ဖြစ်သည်။

တိုင်းရင်းသား စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ၌ တိုင်းရင်းသားအဖွဲ့များ ဖွံ့ဖြိုးစေရန်

*အချပ်ပို (ဃ) သို့*




၂၃- ၇- ၂၀၁၉ ရက်က ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ကိုယ်စားလှယ်တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# တိုင်းရင်းသား စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာ၌ တိုင်းရင်းသားအဖွဲ့များ ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များဖြစ်ကြသော နေပြည်တော်ကောင်စီနယ်မြေမှ ရှစ်ဖွဲ့၊ ကချင်ပြည်နယ်မှ ၁၂ ဖွဲ့၊ ကယားပြည်နယ်မှ ၁၃ ဖွဲ့၊ ချင်းပြည်နယ်မှ ၁၃ ဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ လေးဖွဲ့တို့ကို ထောက်ပံ့ငွေ ကျပ်သန်း ၂၀ ကျော် ပေးအပ်ခဲ့

*အချုပ်ပို (၈)မှ*
ရည်ရွယ်၍ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ ဖြစ်ကြသော နေပြည်တော်ကောင်စီနယ်မြေမှ ရှစ်ဖွဲ့၊ ကချင်ပြည်နယ်မှ ၁၂ ဖွဲ့၊ ကယားပြည်နယ်မှ ၁၃ ဖွဲ့၊ ချင်းပြည်နယ်မှ ၁၃ ဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ လေးဖွဲ့တို့ကို ထောက်ပံ့ ငွေကျပ်သန်း ၂၀ ကျော် ပေးအပ်ခဲ့သည်။

**ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း**

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝရရှိခံစားနိုင်ရေး၊ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈ – ၂၀၃၀ (MSDP)နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တိုင်းရင်းသားများ နေထိုင်ရာဒေသများတွင် တိုင်းရင်းသားရေးရာ အခြေခံအချက်အလက်များနှင့် စစ်တမ်းများ ကောက်ယူခဲ့ပြီး ရလဒ်များအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့၌ နေပြည်တော်တွင် ကျင်းပခဲ့ပြီး တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် စပ်လျဉ်းသည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့သည်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးကို ဥပဒေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပိုမိုရှင်းလင်းလွယ်ကူစွာ လုပ်ဆောင်နိုင်ရန်၊ ဖြစ်ပွားနေသည့် အငြင်းပွားမှုများ ထိရောက်စွာဖြေရှင်းနိုင်ရန် ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၃ ရက်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

အဆိုပါ နည်းဥပဒေကို လွှတ်တော်နှစ်ရပ်သို့ ပေးပို့ခဲ့ပြီး လွှတ်တော်နှစ်ရပ်မှ ဖြည့်စွက် ပြင်ဆင်ချက်အပေါ် အတည်ပြုချက်ရရှိပါက နည်းဥပဒေ၏ ပြင်ဆင်ချက်များကို ထုတ်ပြန် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ အကြောင်းအရာများကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဝန်ထမ်းများက တိုင်းရင်းသားများကို ရှင်းလင်းတင်ပြခြင်း၊ အသိပညာပေးခြင်းတို့နှင့်အတူ တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူမှုကို ၂၀၁၈ – ၂၀၁၉ ခုနှစ်တွင် ၆၄ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

တိုင်းရင်းသားရေးရာ အခြေခံအချက်အလက်များနှင့် စစ်တမ်းကောက်ယူမှုများအရ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၁၉ – ၂၀၂၈ ရေးဆွဲပြီး တိုင်းရင်းသား အခွင့်အရေးများ ရရှိနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ရေး**

ယင်းမဟာဗျူဟာတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးနွယ်စု အမည် မှန်ကန်စွာမှတ်တမ်းပြုရေး၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကာကွယ်ရေး၊ ကျားမတန်းတူညီရေး၊ လူငယ်ရေးရာတွေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရေး၊ ပျောက်ကွယ်လုနီးပါးဖြစ်သော တိုင်းရင်းသားမျိုးနွယ်စုများ တည်တံ့ခိုင်မြဲရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ စီမံကိန်းများဆောင်ရွက်ရာတွင် ဒေသခံများကို ကြိုတင်ညှိနှိုင်းရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံများ ပါဝင်ရေး၊ ဆေးဖက်ဝင်အပင်များကို ထိန်းသိမ်းရေး၊ အငြင်းပွားမှုဖြေရှင်းရေးနှင့် ပဋိပက္ခဖြစ်ပွားမှုကို လေ့လာဆန်းစစ်ရေး စသည့်ကဏ္ဍများ ပါဝင်သည်။

၂၀၁၉ – ၂၀၂၀ ခုနှစ်၌ တိုင်းရင်းသား အခွင့်အရေးဆိုင်ရာ ပညာပေး ဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်စီမံခြင်း အစီအစဉ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အစီအစဉ်တွင် တိုင်းရင်းသားတို့၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒများကို အသိပညာပေးခြင်းနှင့် တိုင်းရင်းသားများ အလုပ်အကိုင် အခွင့်အလမ်းများ လက်လှမ်းမီရရှိစေရန်တို့ ပါဝင်သည်။

ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်ခြင်းမှ ဒေသနှင့် ကိုက်ညီသော သက်မွေးဝမ်းကျောင်းသင်တန်းများ ထွက်ပေါ်လာမည်ဖြစ်ရာ သက်မွေးဝမ်းကျောင်းမှုဆိုင်ရာပညာရပ်များ သင်ယူခွင့် ရရှိပြီး ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်ရန် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့် အငြင်းပွားမှုများ ဖြေရှင်းရာတွင် ကိုးကားအသုံးပြုနိုင်ရေးအတွက် ချင်းတိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေများကို နှိုင်းယှဉ်လေ့လာခြင်း စာတမ်းမူကြမ်းကို ပြုစုခဲ့သည်။

**စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့**

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းများမှ တွေ့ရှိရသော တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာဒေသများနှင့် ဘာသာစကားစာပေများ၊ တိုင်းရင်းသားလူမျိုးများ၏ အာဟာရပြည့်ဝသော ရိုးရာအစားအစာများ၊ တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်များ အခမ်းအနားများနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ပြည်ထောင်စုအတွင်း တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်ပုံ လေ့လာမှုစာတမ်းနှင့် တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်များ၊ ရိုးရာပွဲတော် အခမ်းအနားများ ကျင်းပခြင်းဆိုင်ရာ ဓလေ့ထုံးတမ်းများကို ပြုစုနိုင်ခဲ့သည့်အပြင် တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်ပုံ အစီရင်ခံစာကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနသည် မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ရန် ရှေးဦးစွာ ၂၀၁၇ ခုနှစ်မှ စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဦးစီးဌာနရုံး ၁၄ ရုံး ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ ၂၀၁၈ ခုနှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ရုံးမြေနေရာရရှိပြီးသောနေရာများတွင် ပေ (၈၀ x ၆၀) သံကူကွန်ကရစ်နှစ်ထပ် ဦးစီးဌာနရုံး အဆောက်အအုံသစ်များ တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

၂၀၁၈ ခုနှစ်၌ မွန်ပြည်နယ်ရုံး – မော်လမြိုင်မြို့၊ ကရင်ပြည်နယ်ရုံး – ဘားအံမြို့၊ ကယားပြည်နယ်ရုံး – လွိုင်ကော်မြို့၊ ၂၀၁၉ ခုနှစ်၌ ဧရာဝတီတိုင်းဒေသကြီးရုံး – ပုသိမ်မြို့၊ ပဲခူးတိုင်းဒေသကြီးရုံး – ပဲခူးမြို့၊ ရန်ကုန်တိုင်းဒေသကြီးရုံး – ရန်ကုန်မြို့၊ ၂၀၂၀ ပြည့်နှစ်၌ စစ်ကိုင်းတိုင်းဒေသကြီးရုံး – မုံရွာမြို့နှင့် ချင်းပြည်နယ်ရုံး – ဟားခါးမြို့တို့တွင် ဦးစီးဌာနရုံးများ အဆောက်အအုံသစ်များ ဖွင့်လှစ်နိုင်ခဲ့သည်။

**အဆောက်အအုံသစ်များ တည်ဆောက်**

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်၌ ရခိုင်ပြည်နယ်ရုံး – စစ်တွေမြို့တွင် ရုံးအဆောက်အအုံသစ် ဆောက်လုပ်ခဲ့ပြီးဖြစ်၍ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိသကဲ့သို့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကချင်ပြည်နယ်ရုံး – မြစ်ကြီးနားမြို့၊ တနင်္သာရီတိုင်းဒေသကြီးရုံး – ထားဝယ်မြို့နှင့် မကွေးတိုင်းဒေသကြီးရုံး – မကွေးမြို့တို့တွင် ဦးစီးဌာနရုံး အဆောက်အအုံသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ကို လုပ်ငန်းအပ်နှံခဲ့ပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရုံးအဆောက်အအုံသစ်များတွင် အခမ်းအနားများ၊ အစည်းအဝေးပွဲများ၊ နေ့ထူးနေ့မြတ်ပွဲများ၊ ရိုးရာပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများစသည့် တိုင်းရင်းသားရေးရာကိစ္စရပ်များ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ အပါအဝင် ဒေသခံတိုင်းရင်းသားများ၏ ဆုံစည်းရာနေရာ Ethnic Communication Centre – ECC အဖြစ် အသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ထိရောက်မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်**

တိုင်းရင်းသားရေးရာ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း သိရှိစေရန်နှင့် လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ထိရောက်မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးဌာနရုံးများတွင် တာဝန်ခံအရာရှိများ သတ်မှတ်ခဲ့သည်။

တာဝန်ခံအရာရှိများအနေဖြင့် ဦးစီးဌာနနှစ်ခု၏ တာဝန်ခံဖြစ်ပြီး ဝန်ထမ်းများသည် ဝန်ကြီးဌာနကို ကိုယ်စားပြုသူများ၊ ဝန်ကြီးဌာနအပေါ် တိုင်းရင်းသားပြည်သူများက လေးစားအားကိုးအထင်ကြီးပြီး ဒေသခံများ၏ လိုအပ်ချက်များကို အလျင်မြန်ဆုံးနှင့် အကောင်းမွန်ဆုံး ဝန်ဆောင်မှုပေးနိုင်သူများ၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၏ လက်စွဲများအဖြစ် ဆောင်ရွက်နေပြီဖြစ်သည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အကျိုးစီးပွားဖော်ဆောင်နိုင်ရေးအတွက် တိုင်းရင်းသားရေးရာကိစ္စရပ်များကို နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာကာလတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် တစ်တပ်တစ်အား အထောက်အကူပြု ပါဝင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့

# မြို့ပြဂုဏ်ဆောင်

## အစိမ်းရောင်ဧရိယာတွေ တိုးပွားဖို့ဆိုလျှင်

ဆွေဦးဝေ

ဒီနေ့ခေတ်၊ စနစ်တွေနဲ့အညီ နိုင်ငံတွေကို တိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားဖော်ဆောင်ကြတဲ့အခါ ပြည်သူတွေရဲ့ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းသန့်ရှင်းမှုတွေပါ ပူးတွဲအကောင်အထည်ဖော်လာကြပါတယ်။ မြို့ပြတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပြည်သူတွေအတွက် အစိမ်းရောင် ဧရိယာတွေ တဖြည်းဖြည်းလျော့ပါးလာတာဟာ နိုင်ငံတကာရှိမြို့ကြီးတွေမှာ တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအရှိဆုံးဖြစ်တဲ့ ရန်ကုန်မြို့မှာလည်း အစိမ်းရောင်ဧရိယာတွေ မလျော့ပါးစေဖို့နဲ့ တိုးတက်ဖွံ့ဖြိုးတဲ့ အစိမ်းရောင်မြို့ကြီးအဖြစ် တည်ရှိအောင် ဆောင်ရွက်နေပါတယ်။

"ရန်ကုန်မြို့ကို အစိမ်းရောင်မြို့ကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ကျွန်တော်တို့ကြိုးစားနေပါတယ်" လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောထားပါတယ်။ ဒါ့အပြင် "နိုင်ငံတကာအဆင့်မီ မြို့ကြီးတစ်မြို့အဖြစ် အရှိန်အဟုန်နဲ့ ပေါ်ထွန်းလာနေတဲ့ ရန်ကုန်မြို့မှာ အစိမ်းရောင် ဧရိယာတွေ မလျော့ပါးအောင် ကြိုးစားထိန်းသိမ်းသွားမယ်" လို့လည်း ၎င်းက ဆိုထားပါတယ်။

### စိမ်းလန်းတဲ့ ဧရိယာတွေဆောင်ရွက်

ရန်ကုန်မြို့မှာ အစိမ်းရောင်ဧရိယာတွေအဖြစ် သတ်မှတ်ထားတဲ့ ရန်ကုန်မြို့ရဲ့ မဟာဗန္ဓုလပန်းခြံ၊ သခင်မြပန်းခြံ၊ ပြည်သူ့ဥယျာဉ်၊ ကန်တော်ကြီး၊ အင်းလျားကန် စတဲ့နေရာတွေအပြင် အနီးဝန်းကျင်ဧရိယာတွေကိုလည်း သစ်ပင်၊ ပန်းမန်တွေ ဝေဆာအောင်၊ မြက်ခင်းပြင်တွေ စိမ်းလန်းအောင် ဆောင်ရွက်ထားသလို အမြဲတမ်းပြုပြင်ထိန်းသိမ်းမှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။

အချပ်ပို (ဂ) သို့



## သီလဝါမှာ ဂျပန်ကားတစ်စီးလုံး ထုတ်လုပ်တော့မည်

ဇင်လင်းမြင့်

ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ ကြောင့် နိုင်ငံတိုင်း စီးပွားရေး၊ ကုန်သွယ်ရေး၊ ကျန်းမာရေးနဲ့ လူမှုဘဝနေထိုင်ရေးတွေပါ ရိုက်ခတ်နေချိန် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း စက်ရုံ၊ အလုပ်ရုံ အချို့ထိခိုက်မှုရှိပေမယ့် နိုင်ငံတော်အစိုးရက အလုပ်ရှင်၊ အလုပ်သမားတွေ ထိခိုက် မှု အနည်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ရန်ကုန်မှာလည်း စက်ရုံ၊ အလုပ်ရုံတွေရဲ့ လည်ပတ်မှုကိုကြည့်ရင် သီလဝါအထူးစီးပွားရေးဇုန်မှာ ဆူဇူကီးမော်တာကော်ပိုရေးရှင်းက CKD စနစ် (Welding, Painting, Assembly) စက်ရုံအသစ် တည်ဆောက်ရေးကို ရင်းနှီးမြှုပ်နှံဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

တကယ်တော့ ဆူဇူကီးမော်တာ်ကော်ပိုရေးရှင်းဟာ သီလဝါအထူးစီးပွားရေးဇုန်မှာ SKD (Semi Knocked Down) စနစ်နဲ့ မော်တော်ယာဉ်တွေ တပ်ဆင်ထုတ်လုပ်တဲ့ စက်ရုံတစ်ရုံကို ရင်းနှီးမြှုပ်နှံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ အခုတည်ဆောက်အကောင်အထည်ဖော်မယ့် စက်ရုံက ဆူဇူကီးအတွက် စက်ရုံအသစ် ဖြစ်ပါတယ်။

အချပ်ပို (ဂ)သို့

# ရန်ကုန် ရင်ဆိုင်နေရသော ကိုဗစ်-၁၉ ကာလနှင့် YRTA အထောက်အပံ့

ရှင်နေဒ်၊ ဓာတ်ပုံ – YRTA

**သကြၤန်ကာလ** ရုံးပိတ်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကူညီပံ့ပိုးထောက်ပံ့ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် ကျန်းမာရေးကိစ္စရပ်များ၊ အစားအသောက်ဝယ်ယူခြင်း ကိစ္စရပ်များကြောင့် သွားလာနေကြသော ပြည်သူများ၏ သွားလာမှုကို YBS ယာဉ်လိုင်းများက ပြေးဆွဲ၍ ဝန်ဆောင်မှုပေးခဲ့သည်။

### ယာယီကင်းလွတ်ခွင့်ပြု

အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ဖြစ်ပွားလျက်ရှိသော်လည်း မိမိတို့၏ မူလလုပ်ငန်းများဖြစ်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပြင် YBS သယ်ယူပို့ဆောင်ရေးကုမ္ပဏီများနှင့် တာဝန်ခံယာဉ်လိုင်းများအနေဖြင့် ခရီးသွားပြည်သူများ ရောဂါကူးစက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် လက်ဆေးရေနှင့် လက်ဆေးဆပ်ပြာများ အသုံးပြုစေခြင်း၊ ခရီးသည်တင်ယာဉ်များ၏ ဂိတ်များတွင် ပညာပေး ပိုစတာနှင့် စတစ်ကာများ ကပ်ထားခြင်း၊ ခရီးသည်များအတွက် နှာခေါင်းစည်း၊ တစ်ရှူးများ ဖြန့်ဝေပေးခြင်း၊ အသုံးပြုပြီးသည့် တစ်ရှူး၊ စနိုးတာဝါ၊ ပလတ်စတစ်အိတ်နှင့် ဘူးများကို အမှိုက်ပုံးများအတွင်း စနစ်တကျ စွန့်ပစ်စေခြင်းတို့ကို ဆောင်ရွက်ပေးသည့်အတွက် အသိအမှတ်ပြုသည့်အနေဖြင့် YRTA သို့ ပေးသွင်းရမည့် စီမံခန့်ခွဲမှုရန်ပုံငွေကျပ် ၄၀၀၀ ပေးသွင်းမှုကို မတ် ၂၇ ရက်မှ မေ ၃၀ ရက်အထိ ယာယီကင်းလွတ်ခွင့်ပြုခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) မှ YBS ယာဉ်မောင်းများအား Smart Card များ ထုတ်ပေးထားပြီးဖြစ်ရာ Smart Card ရရှိထားပြီးသော YBS ယာဉ်မောင်း ၈၇၃၅ ဦးတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း အထောက်အပံ့ဖြစ်စေရန်နှင့် သက်သာချောင်ချိမှု ရရှိစေရေးအတွက် ရည်ရွယ်၍ ယာဉ်မောင်းတစ်ဦးလျှင် ဆန်ရှစ်ပြည်နှင့် ဆီတစ်ပိဿာကို YRTA က ထောက်ပံ့ပေးခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သကြၤန်ရုံးပိတ်ရက်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ခြင်း အစီအစဉ်ကာလဖြစ်သည့် မေ ၁၀ ရက်မှ မေ ၁၉ ရက်အထိ YBS ယာဉ်လိုင်း ၈၃ လိုင်းမှ ခရီးစဉ်လမ်းကြောင်းအလိုက် ခရီးသည်သွားလာမှုအခြေအနေအရ ယာဉ်အစီးရေ ညီညွတ်အောင် စီမံပြေးဆွဲမည်ဟု YRTA က ကြိုတင်ကြေညာချက်ထုတ်ပြန်ခဲ့သည်။

### ဆန်၊ ဆီများ ထောက်ပံ့

မေ ၁၁ ရက်တွင် YRTA မှ YBS ယာဉ်မောင်း ၇၄၃၇ ဦးတို့အား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ YBS ယာဉ်မောင်းများနည်းတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၁၁၁၅ ဦးတို့အား တစ်ဦးလျှင် ဆန်ရှစ်ပြည်နှင့် ဆီ တစ်ပိဿာ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့ပြင် ကျောင်းကားယာဉ်မောင်း၊ ယာဉ်မယ် ၅၀ တို့အတွက်လည်း ဆန်၊ ဆီများ ထောက်ပံ့ခဲ့သည်။

မေ ၁၂ ရက်တွင် YRTA ၏ သတင်းထုတ်ပြန်ချက်များအရ မေ ၁၀ ရက်တွင် ယာဉ်လိုင်း ၇၉ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၈၅၇ စီးဖြင့် ခရီးသည် ၆၈၂၀၅ ဦးကို လည်းကောင်း၊ မေ ၁၁ ရက်တွင် ယာဉ်လိုင်း ၈၀ မှ မော်တော်ယာဉ်အစီးရေ ၇၄၈ စီး ဖြင့် ခရီးသည် ၅၂၁၀၂ ဦးကိုလည်းကောင်း၊ မေ ၁၂ ရက်တွင် ယာဉ်လိုင်း ၆၀ မှ မော်တော်ယာဉ် အစီးရေ ၄၂၅ စီးဖြင့် ခရီးသည် ၃၆၅၆၀ ဦး ကိုလည်းကောင်း၊ မေ ၁၃ ရက်တွင် ယာဉ်လိုင်း ၅၀ မှ မော်တော်ယာဉ် အစီးရေ ၂၉၈ စီးဖြင့် ခရီးသည် ၁၈၆၈၅ ဦးကို လည်းကောင်း၊ မေ ၁၄ ရက်တွင် ယာဉ်လိုင်း ၄၃ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၂၂၈ စီးဖြင့် ခရီးသည် ၁၂၁၈၄ ဦးကို လည်းကောင်း၊ မေ ၁၅ ရက်တွင် ယာဉ်လိုင်း ၄၂ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၂၁၁ စီးဖြင့် ခရီးသည် ၁၁၃၅၂ ဦးကို လည်းကောင်း၊ မေ ၁၆ ရက်တွင် ယာဉ်လိုင်း ၄၀ မှ မော်တော်ယာဉ် အစီးရေ ၂၀၆ စီးဖြင့် ခရီးသည် ၉၅၂၄ ဦးကိုလည်းကောင်း၊ မေ ၁၇ ရက်တွင် ယာဉ်လိုင်း ၄၃ လိုင်းမှ မော်တော်ယာဉ် အစီးရေ ၂၅၁ စီးဖြင့် ခရီးသည် ၁၁၂၇၂ ဦးကို လည်းကောင်း၊ မေ ၁၈ ရက်တွင် ယာဉ်လိုင်း ၄၄ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၂၇၅ စီး ဖြင့် ခရီးသည် ၁၂၈၆၆ ဦးကိုလည်းကောင်း၊ မေ ၁၉ ရက်တွင် ယာဉ်လိုင်း ၄၈ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၃၇၄ စီးဖြင့် ခရီးသည် ၁၈၂၇၀ ကိုလည်းကောင်း သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

ယင်းသို့ သယ်ယူပို့ဆောင်ပေးရာတွင် နေ့စဉ်ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းအရေအတွက်နှင့် မော်တော်ယာဉ် အစီးရေမှာ နေ့စဉ်သွားလာလျက်ရှိသော ပြည်သူများ၏ အခြေအနေအရလည်းကောင်း၊ ယာဉ်မောင်းများ၏ ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေအရ လည်းကောင်း စီမံပြေးဆွဲရခြင်းဖြစ်သည်။

### သယ်ယူပို့ဆောင်ပေး

ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေဖြင့် မတ် ၂၉ ရက်တွင် ကျန်းမာရေးဝန်ထမ်းများအတွက် အထောက်အကူပြုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၏ သွားလာရေး၊ နေထိုင်ရေးနှင့် စားသောက်ရေးကိစ္စများ အဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာရေးဝန်ထမ်းများ၏ ကြို/ပို့နှင့် ပစ္စည်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများအတွက် လည်းကောင်း၊ အသွားအလာကန့်သတ်သည့်နေရာများအတွက် လိုအပ်သောပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း YRTA မှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာရေးဝန်ထမ်းများအတွက် အစားအသောက်ဖြန့်ဝေမှုကိုလည်း နံနက်စာ၊ နေ့လယ်စာ၊ ညစာများခွဲ၍ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ပရဟိတအဖွဲ့များအတွက် မီနီဘတ်စ်ယာဉ်များ စီစဉ်ပေးခြင်းနှင့်အတူ ကျန်းမာရေးစင်တာ(ဖောင်ကြီး)ရှိ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် အခြားဝန်ထမ်းများ သွားလာရေးအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များ ထားရှိပြီး စင်တာအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက်လည်း YRTA မှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်လာသူများအား သက်ဆိုင်ရာနေရပ်အသီးသီးသို့ YBS ယာဉ် စုစုပေါင်း ၂၂၁ စီးဖြင့် ပို့ဆောင်ပေးခဲ့သည်။

### ပံ့ပိုးကူညီ

ဤသည်မှာကား ရန်ကုန်တိုင်းဒေသကြီး၏ အသွားအလာကန့်သတ်ရက်များအတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် YRTA ၏ ပံ့ပိုးကူညီဆောင်ရွက်မှုများကို ကောက်နုတ်တင်ဆက်လိုက်ခြင်း ဖြစ်ပါသည်။



YRTA မှ ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား ဆန်၊ ဆီများ ထောက်ပံ့ပေးစဉ်။

**ကျန်းမာရေးစင်တာ(ဖောင်ကြီး)ရှိ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် အခြားဝန်ထမ်းများ သွားလာရေးအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များ ထားရှိပြီး စင်တာအတွက် လိုအပ်သောအထောက်အကူပြုပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက်လည်း YRTA မှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိ**




YRTA မှ YBS ယာဉ်မောင်းများအား ထောက်ပံ့ပေးမည့် ဆန်များ သယ်ယူစဉ်။



YRTA မှ ထောက်ပံ့သည့် ဆီဘူးများ။

### မြို့ပြဂုဏ်ဆောင် အစိမ်းရောင်ဧရိယာတွေ တိုးပွားဖို့ဆိုလျှင် . . . မှ

ဒါပေမယ့် ကန်တော်ကြီး၊ အင်းလျားကန် ဝန်းကျင်တွေမှာ ခေတ်မီမြို့ပြအဆောက်အဦတွေ တည်ဆောက်လာတာမို့ အစိမ်းရောင်ဧရိယာတွေရဲ့ လက်ရှိအနေအထားကို မလျော့ပါး၊ မထိခိုက်အောင် ကြိုးစားနေရတဲ့အခြေအနေရှိနေပါတယ်။

မြို့တစ်မြို့မှာ အစိမ်းရောင်ဧရိယာ အနည်းဆုံး ၃၀ ရာခိုင်နှုန်းရှိဖို့လိုပြီး ဒီလိုရှိနေမှသာ ပြည်သူတွေရဲ့ ကျန်းမာရေးကို အကျိုးပြုနိုင်မယ်လို့ ပညာရှင်တွေက ထောက်ပြထားပါတယ်။ အဆောက်အဦသစ်တွေ တည်ဆောက်မှု တဖြည်းဖြည်းများပြားလာတဲ့ ရန်ကုန်မြို့မှာ သစ်ပင်တွေ ခုတ်လှဲရှင်းလင်းမှုတွေ ရှိလာတာမို့ အစိမ်းရောင်မြို့အဖြစ် ဖော်ဆောင်ထိန်းသိမ်းနေတဲ့ ရန်ကုန်မြို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါတယ်။

#### ရန်ကုန်မြို့ အစိမ်းရောင်ဧရိယာ

ရန်ကုန်မြို့ရဲ့ အထင်ကရပန်းခြံတွေနဲ့ ကန်တော်ကြီး၊ အင်းလျားကန်တို့လို ဧရိယာတွေဟာ ခေတ်မီမြို့ပြလူနေမှုစတိုင်ရဲ့ မျက်စိကျစရာနေရာတွေ ဖြစ်လာတာမို့ အဲဒီနေရာ ဝန်းကျင်တွေမှာ မိုးပျံတိုက်တာအဆောက်အဦတွေ အစီအရီထွက်ပေါ်လာဖို့ တန်းစီနေတဲ့ အနေအထားတစ်ခုကို ရောက်ရှိနေပါတယ်။ ဒီလိုအခြေအနေတွေကို အကောင်းဆုံးဖြေရှင်းနိုင်မှသာ ရန်ကုန်မြို့ရဲ့အစိမ်းရောင်ဧရိယာဟာ ထိန်းသိမ်းနိုင်မယ့် အနေအထားဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ အများပြည်သူတွေအတွက် ပန်းခြံတွေ ပိုမိုဖော်ထုတ်နိုင်ရေးဆောင်ရွက်ဖို့ စီမံနေသလို ရှိပြီးသားပန်းခြံတွေလည်း မလျော့သွားဖို့ လိုအပ်နေပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လက်အောက်မှာ ပန်းခြံ ၆၃ ခု ရှိနေပြီး ကစားကွင်း ၁၁၂ ကွင်းခန့်ရှိနေပါတယ်။ အဲဒီပန်းခြံတွေအနက် အချို့ပန်းခြံတွေကို အဆင့်မြှင့်တင်ပြီး သစ်ပင်ပန်းမန်တွေ ပိုမိုစိုက်ပျိုးထိန်းသိမ်းမှုတွေ ပြုလုပ်နေပါတယ်။

မြို့တစ်မြို့ရဲ့ အစိမ်းရောင်ဧရိယာဟာ အဲဒီမြို့ရဲ့ လေထုအပူချိန်ကို ထိန်းသိမ်းပေးနိုင်သလို ရေအရင်းအမြစ်တွေကိုလည်း ထိန်းသိမ်းပေးနိုင်ပါတယ်။ ဒါ့အပြင် သဘာဝဘေးအန္တရာယ်ကိုလည်း ထိန်းသိမ်းပေးနိုင်သလို မြေအောက်ရေအရင်းအမြစ်တွေ မလျော့အောင် ထိန်းပေးနိုင်ပါတယ်။ ဒီလိုအကျိုးပြုမှုတွေကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးမြို့နယ်တွေမှာ နှစ်စဉ်မိုးရာသီတိုင်းမှာ သစ်ပင်ခြောက်သိန်းကျော် စိုက်ပျိုးနေတဲ့ အစီအစဉ်တွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ စည်ပင်ပန်းခြံတွေ၊ ဥယျာဉ်တွေ၊ ကလေးကစားကွင်းတွေအပြင်၊ ကားလမ်းဆုံအဝိုင်းတွေ၊ တြိဂံကျွန်းတွေနဲ့ လမ်းအလယ်ကျွန်းတွေမှာ သစ်ပင်ပန်းမန်တွေ၊ ပန်းအလှတွေ၊ အရိပ်ရအပင်တွေ စိုက်ပျိုးထားပြီး အမြဲတမ်းထိန်းသိမ်း စောင့်ရှောက်နေတာမို့ ရန်ကုန်မြို့မှာတော့ အစိမ်းရောင်ဧရိယာတွေကို တတ်စွမ်းသမျှကြိုးစားဖော်ဆောင်နေတာ ဖြစ်ပါတယ်။

#### အစိမ်းရောင်ဧရိယာလျော့ပါးမှု တားဆီး

ရန်ကုန်မြို့ရဲ့ အစိမ်းရောင်နယ်မြေတွေမှာ အဆောက်အအုံတွေ ထပ်မံဆောက်လုပ်ခွင့် မပြုဘဲ ပိတ်ပင်ထားလိုက်ပြီမို့ အရေးကြီးတဲ့ ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ကြိုဆိုရမှာ ဖြစ်ပါတယ်။ အဲဒီနယ်မြေဝန်းကျင်တွေမှာ အဆောက်အဦတွေ ဖြစ်ပေါ်လာပါက လူနေတိုးပွားပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ သဘာဝအရင်းအမြစ်ဆုံးရှုံးမှု၊ အစိမ်းရောင်ဧရိယာ လျော့ပါးမှုတွေ ဖြစ်ပေါ်လာမှာမို့ တားဆီးပိတ်ပင်ထားခြင်းလည်း ဖြစ်ပါတယ်။

လက်ရှိ ကန်တော်ကြီးဝန်းကျင်တွင် စားသောက်ဆိုင်များကြောင့် ရေပြင်သန့်ရှင်းမှု၊ ရေသန့်ရှင်းမှုထိခိုက်ပြီး အမှိုက်သရိုက်များ စွန့်ပစ်မှုများကြောင့် စက်ယန္တရားအကူအညီဖြင့် အမှိုက်သရိုက်များကို ဖယ်ရှားရှင်းလင်းခဲ့ရပါတယ်။

ရန်ကုန်မြို့ကို အိမ်နီးချင်းနိုင်ငံများမှ ခေတ်မီမြို့ကြီးများနှင့် ယှဉ်ပြိုင်နိုင်ဖို့အတွက် အစိမ်းရောင်ဧရိယာများသတ်မှတ် ဆောင်ရွက်ခဲ့ရာမှာ မြို့ပြဂုဏ်ဆောင် အစိမ်းရောင်နယ်မြေများအဖြစ် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ ကန်တော်ကြီး၊ အင်းလျားကန်၊ လှော်ကားနယ်မြေတို့ကို သတ်မှတ်ပေးထားပြီး စနစ်တကျထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ သစ်ပင်ပန်းမန်များ တိုးချဲ့စိုက်ပျိုးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတွေလည်း ဆောင်ရွက်နေပါတယ်။

#### အရိပ်ရပင် တတ်နိုင်သမျှ စိုက်ပျိုး

ရန်ကုန်မြို့မှာလည်း ရှုခင်းသာတွေ ဖန်တီးရမှာဖြစ်သလို မြေလွတ်ဧရိယာတွေမှာ အရိပ်ရပင်တွေ တတ်နိုင်သမျှ စိုက်ပျိုးကြရမှာ ဖြစ်ပါတယ်။ သစ်ပင်တွေ တစ်အုပ်တစ်မ စိုက်ပျိုးရမှာဖြစ်သလို နေအိမ်တိုက်ခန်းတွေမှာလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးတတ်တဲ့ အလေ့အကျင့်ကို ပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမြို့ကြီးတွေဖြစ်တဲ့ နယူးယောက်၊ ဆစ်ဒနီ၊ တိုကျို၊ စင်ကာပူ စတဲ့မြို့တွေမှာ ခေတ်မီအဆောက်အဦတွေကို ဥယျာဉ်တွေနဲ့ တွဲဖက်တည်ဆောက်စေပြီး အထပ်မြင့်တွေမှာလည်း အထပ်မြင့်ဥယျာဉ်တွေပါရှိတဲ့ ဒီဇိုင်းရေးဆွဲ ထည့်သွင်းတည်ဆောက်နေတာတွေ ရှိလာနေပြီ ဖြစ်ပါတယ်။

နိုင်ငံတကာ မြို့ကြီးတွေမှာ အထက်တန်းကျောင်းသားတွေကို တစ်နှစ်မှာ အပင် ၁၀ ပင်စီ စိုက်ပျိုးခိုင်းတာတွေ၊ အဲဒီအပင်တွေကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရတာတွေကို ကျောင်းသားဘဝကတည်းက အလေ့အကျင့်ကောင်းတွေကို မျိုးစေ့ချပေးလျက်ရှိပါတယ်။ နှစ်ကုန်တိုင်း ဆုချီးမြှင့်ပေးတာတွေကြောင့် ကျောင်းသားဘဝအရွယ်ကတည်းက သစ်ပင်ပန်းမန်တို့ရဲ့ အကျိုးတရားကို သိရှိစေတာဖြစ်ပါတယ်။

ဒီလိုဘက်ပေါင်းစုံက ဆောင်ရွက်မယ်ဆိုရင်တော့ မျှော်မှန်းထားတဲ့ ဖွံ့ဖြိုးတိုးတက် စိမ်းလန်းစိုပြည်တဲ့ ရန်ကုန်မြို့ကြီးအဖြစ် အနာဂတ်မှာ ပီပီပြင်ပြင်ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ။



ရန်ကုန်မြို့ အစိမ်းရောင်နယ်မြေတစ်ခုဖြစ်သည့် ကန်တော်ကြီးသဘာဝဥယျာဉ်၏ စိမ်းလန်းစိုပြည်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ - တင်စိုး

> **ရန်ကုန်မြို့ရဲ့ အစိမ်းရောင်နယ်မြေတွေမှာ အဆောက်အအုံတွေ ထပ်မံဆောက်လုပ်ခွင့်မပြုဘဲ ပိတ်ပင်ထားလိုက်ပြီမို့ အရေးကြီးတဲ့ ဆောင်ရွက်ချက် တစ်ရပ်အဖြစ် ကြိုဆိုရမှာ ဖြစ်ပါတယ်။ အဲဒီနယ်မြေ ဝန်းကျင်တွေမှာ အဆောက်အဦတွေ ဖြစ်ပေါ်လာပါက လူနေတိုးပွားပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ သဘာဝအရင်းအမြစ် ဆုံးရှုံးမှု၊ အစိမ်းရောင်ဧရိယာ လျော့ပါးမှုတွေ ဖြစ်ပေါ်လာမှာမို့ တားဆီးပိတ်ပင်ထား**

---

### သီလဝါမှာ ဂျပန်ကားတစ်စီးလုံး ထုတ်လုပ်တော့မည် . . . မှ

ဆူဇူကီးကားကုမ္ပဏီဟာ ၁၉၉၈ ခုနှစ်ကတည်းက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ စတင်ခဲ့တာဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်မှာ ဆူဇူကီး ဆိုင်ကယ်နဲ့ ကားတွေကို အစိုးရနဲ့ ဖက်စပ် စတင်ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဆူဇူကီးအနေနဲ့ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် (ဂျပန်ယန်း ၁၂ ဘီလီယံခန့်) ကို ရင်းနှီးမြှုပ်နှံပြီး သီလဝါအထူးစီးပွားရေးဇုန်မှာ CKD (Completely Knocked Down)စနစ်နဲ့ ကားစက်ရုံသစ် တည်ဆောက်မှာ ဖြစ်ပါတယ်။

အရင်က စက်ရုံဟာ ဆူဇူကီး ကားအစိတ်အပိုင်းတွေကို တင်သွင်းပြီး သီလဝါအထူးစီးပွားရေးဇုန်မှာ တည်ဆောက်ထားတဲ့ SKD စနစ်နဲ့ စက်ရုံမှာ တပ်ဆင်ထုတ်လုပ်ခဲ့တာ ဖြစ်ပါတယ်။ အခုရင်းနှီးမြှုပ်နှံတဲ့ ဆူဇူကီးကားစက်ရုံသစ်ကတော့ ကားတစ်စီးလုံးကို ဒီစက်ရုံမှာပဲ ထုတ်လုပ်သွားတော့မှာ ဖြစ်ပါတယ်။

အဲဒီစက်ရုံသစ်ကို တည်ဆောက်နေပြီး မူလမျှော်မှန်းထားတာတော့ လာမယ့် ၂၀၂၁ ခုနှစ် စက်တင်ဘာလမှာ စက်ရုံကနေပြီး ဆူဇူကီးကားတွေ စတင်ထုတ်လုပ်နိုင်ဖို့ ဖြစ်ပါတယ်။ အခုလို ကိုဗစ်-၁၉ ကြောင့် တည်ဆောက်ရေးလုပ်ငန်းတွေ ရိုက်ခတ်မှုရှိပေမယ့် အဓိက ရည်မှန်းချက်ဖြစ်တဲ့ ဆူဇူကီးကား ထုတ်လုပ်ရေးစက်ရုံကို ပြီးစီးအောင် တည်ဆောက်ပြီး ကားတွေထုတ်လုပ်သွားဖို့ ရှိပါတယ်။

#### သက်သာတဲ့ ဈေးနှုန်းနဲ့ကားစီးနိုင်

ဆူဇူကီးကား ထုတ်လုပ်မယ့် စက်ရုံသစ်အနေနဲ့ မူလရည်မှန်းချက်အဖြစ် ၂၀၂၁ ခုနှစ် စက်တင်ဘာလက စတင်ပြီး တစ်နှစ်ကို ဆူဇူကီး ကားသစ်အစီးရေ ၄၀၀၀၀ ခန့် ထုတ်လုပ်သွားဖို့ ရှိတယ်လို့ ဆူဇူကီးကားကုမ္ပဏီရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။ အဲဒီစံနှုန်းအတိုင်းသာ ဆူဇူကီးကားတွေ ထုတ်လုပ်နိုင်ရင်တော့ မြန်မာနိုင်ငံရဲ့ ကားဈေးကွက်မှာ ယှဉ်ပြိုင်မှုတွေ ပိုမိုများပြားလာမှာဖြစ်သလို တစ်ဖက်မှာလည်း ပြည်သူတွေအတွက် သက်သာတဲ့ ဈေးနှုန်းတွေနဲ့ ကားတွေစီးနိုင်မယ့် အခွင့်အရေးရရှိလာမှာ ဖြစ်ပါတယ်။

ဒါ့အပြင် သီလဝါအထူးစီးပွားရေးဇုန်မှာ ဆူဇူကီးကားတစ်စီးလုံးကို တိုက်ရိုက်ထုတ်လုပ်မှာဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ထွက်ပေါ်လာမှာဖြစ်သလို လူငယ်တွေလည်း အလုပ်အကိုင်အသီးသီးရရှိနိုင်မှာ ဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ ဂျပန်ကားကုမ္ပဏီတွေရဲ့ ကားတစ်စီးလုံး ထုတ်လုပ်တဲ့ နည်းပညာကိုလည်း လုပ်ကိုင်ရင်း လေ့လာတတ်ကျွမ်း သိရှိနားလည်နိုင်မှာ ဖြစ်ပါတယ်။

ဒီလို ဆူဇူကီးကားကုမ္ပဏီက ကားတစ်စီးလုံး ထုတ်လုပ်တဲ့စက်ရုံ တည်ဆောက်လုပ်ကိုင်တယ်ဆိုရင် နောက်ပိုင်းမှာ ဂျပန်ကားကုမ္ပဏီတွေကလည်း လိုက်ပါလာဖို့ ရှိနေမှာ ဖြစ်ပါတယ်။ တကယ်တော့ ဆူဇူကီးကားကုမ္ပဏီအနေနဲ့ အရင်ကစက်ရုံမှာ SKD စနစ်နဲ့ တပ်ဆင်ထုတ်လုပ်နေရာက နှစ်ဘယ်လောက်ကြာရင် အခုလို ကားတစ်စီးလုံး ထုတ်လုပ်တဲ့ စက်ရုံထူထောင်ဖို့ဆိုတာ စီမံကိန်းရှိပြီးသား ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီစီမံကိန်းဟာ အခြေအနေအပြောင်းအလဲ၊ အခက်အခဲတွေကြောင့် ရင်းနှီးမြှုပ်နှံမှု အကောင်အထည် မပေါ်လာဘဲ ဖြစ်တတ်တဲ့အခြေအနေတွေလည်း ကြုံရနိုင်ပါတယ်။ အခုအနေအထားကတော့ ရင်းနှီးမြှုပ်နှံမှုလည်း ပြုလုပ်ပြီးဖြစ်လို့ အကောင်အထည်ဖော်နေတဲ့ အဆင့်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။



ဆူဇူကီးကားစက်ရုံဝင်း။

မြန်မာနိုင်ငံမှာ ၁၉၉၉ ခုနှစ်ကစတင်ပြီး ဆိုင်ကယ်နဲ့ မော်တော်ယာဉ်တွေကို အစိုးရနဲ့ ဖက်စပ်ထုတ်လုပ် တပ်ဆင်ရောင်းချခဲ့တဲ့ ဆူဇူကီးဟာ အခုအချိန်မှာတော့ ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၃၅ သန်းခန့်ရှိနေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကားအရောင်းအဝယ်နယ်ပယ်မှာလည်း ဆူဇူကီးဟာ ဈေးကွက်ဝေစုကောင်းကောင်း ရရှိထားပြီး တောင်ဒဂုံစက်ရုံနဲ့ သီလဝါစက်ရုံတွေမှာ Carry၊ Ciaz၊ Ertiga နဲ့ Swift ကားအမျိုးအစားတွေကို တပ်ဆင်ထုတ်လုပ်လျက်ရှိပါတယ်။ ဒါက Suzuki (Myanmar) Motor Co.,ltd နဲ့ Suzuki Thilawa Motor Co.,ltd တို့က ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြတာ ဖြစ်ပါတယ်။

#### ကားအမျိုးအစားနဲ့ ဈေးနှုန်းရွေးချယ်နိုင်

ဂျပန်ကားကုမ္ပဏီတွေ မြန်မာနိုင်ငံကို ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုက ပြည်တွင်းပြည်ပ ဈေးကွက်ချိတ်ဆက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာစေမှာဖြစ်သလို နောက်ဆက်တွဲအကျိုးဆက် စီးပွားရေးနဲ့ ကုန်သွယ်ရေးလုပ်ငန်းတွေပါ ဖွံ့ဖြိုးနိုင်ဖို့ အလားအလာကောင်းတွေ ရှိနိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာလည်း ပြည်သူတွေအတွက် ကားအမျိုးအစား၊ ဈေးနှုန်းတွေကို အရင်ကထက် ရွေးချယ်ခွင့်၊ ဝယ်ယူခွင့်နဲ့ ဝန်ဆောင်မှုတွေ အပြည့်အဝရရှိနိုင်မှာ ဖြစ်ပါတယ်။

ဆူဇူကီးအနေနဲ့ တောင်ဒဂုံစက်ရုံနဲ့ သီလဝါစက်ရုံတို့ကနေပြီး ၂၀၁၉ ခုနှစ် တစ်နှစ်လုံးမှာ ကားအစီးရေ ၁၃၃၀၀ စီး ထုတ်လုပ်ခဲ့ရာမှာ အစီးရေ ၁၃၂၀၆ စီး ရောင်းချခဲ့ရတယ်လို့ ကုမ္ပဏီရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဒါဟာ ယခင်နှစ် ၂၀၁၈ ခုနှစ်ကထက် ကားရောင်းချနိုင်မှု ၁၂၈ ရာခိုင်နှုန်း တိုးတက်ခဲ့တာဖြစ်တယ်လို့လည်း အဲဒီထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်မှာ ဂျပန်ကားကုမ္ပဏီဖြစ်တဲ့ တိုယိုတာကလည်း SKD စနစ်နဲ့ မော်တော်ကား တပ်ဆင်ထုတ်လုပ်တဲ့ စက်ရုံကို ရင်းနှီးမြှုပ်နှံမှု ရှိနေပြီဖြစ်ပါတယ်။ ဒီအချိန်မှာ ဂျပန်ကုမ္ပဏီ ဆူဇူကီးက ကားတစ်စီးလုံး ထုတ်လုပ်မယ့် စက်ရုံသစ် တည်ဆောက်နေတာဖြစ်တာမို့ ဈေးကွက်ယှဉ်ပြိုင်မှုအားက ပိုကောင်းလာမှာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကြောင့် အခက်အခဲမျိုးစုံနဲ့ ကြုံတွေ့နေရတဲ့ အချိန်ကာလဖြစ်ပေမယ့် ဂျပန်ကားကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ရှိနေတာကလည်း ကိုဗစ်-၁၉ အလွန်ကာလအတွက် စီးပွားရေးအတွက်ရော၊ အလုပ်အကိုင်အတွက်ရော အင်အားတစ်ရပ်အဖြစ် ရှိနေတာတော့ အမှန်ပါပဲ။ ။

# လေလွင့်ရာလိုက်ပါနေသော နှာခေါင်းစည်းလေးတစ်ခု

········· တင်ဝင်းလေး(ကြည့်မြင်တိုင်) ·········

**ဦးဇော်ဇော်အောင် မိမိနေအိမ်တိုက်အပေါ်လေးထပ် ဝရန်တာမှနေ၍ လေအဝှေ့တွင် လူသွားလမ်းပေါ်၌ ရှပ်တိုက်လွင့်ပါနေသော အမှိုက်တစ်စကို စူးစိုက်ကြည့်နေမိသည်။**

မြင်စဉ်က သာမန်အမှိုက်တစ်စဟု ထင်မိခဲ့သည်။ မိမိတိုက်ရှေ့သို့ ရောက်မှ သေချာစွာမြင်ရသည်က လူတစ်ဦးတစ်ယောက် ပစ်သွားခဲ့သည့် သုံးပြီးသား နှာခေါင်းစည်း အဟောင်းလေးတစ်ခုဖြစ်နေသည်ကို ထင်ရှားစွာ မြင်ရသည်။ လေနှင့်အတူ ဘယ်အထိများ လွင့်ပါသွားဦးမည်နည်း။

### ကျန်းမာရေးအသိပညာနည်း

ဤလိုအချိန်အခါ၌ ဘယ်သို့သော သူက စည်းကမ်းမဲ့စွာ အလွယ်တကူ ပစ်သွားသည်တော့ မသိနိုင်ပေ။ ကျန်းမာရေး အသိပညာနည်းပေစွ။ အကယ်၍များ ထိုနှာခေါင်းစည်းအဟောင်းတွင် ရောဂါပိုးများရှိနေပါက ဘယ်နှယောက်မျှ ထပ်ဆင့်ကူးသွားမည်ကို မတွေးဝံ့ပေ။

ယနေ့အချိန်အခါသည် ကိုဗစ်-၁၉ တစ်ကမ္ဘာလုံး ရောဂါကပ်ဆိုး ဆိုက်ရောက်နေချိန်ဖြစ်သည်။ ရောဂါကူးစက်မြန်ဆန်မှုနှင့်အတူ သေဆုံးမှု များပြားခြင်းက ကြောက်ဖွယ်လိလိဖြစ်သည်။

ထို့အတွက် မြန်မာပြည်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအပြင် သက်ဆိုင်ရာဌာနအသီးသီး၏ ညွှန်ကြားချက်၊ မေတ္တာရပ်ခံချက် ဒေသန္တရအမိန့်များကို အားလုံးနီးပါးက လိုက်နာနေထိုင်လျက် ရှိနေကြသည်။

> **“မိမိတပ်ဆင်ပြီး အမှတ်တမဲ့ စည်းကမ်းမဲ့စွာ လွှင့်ပစ်ခဲ့သော ရောဂါကာကွယ်ရေး အမှိုက်တစ်စ သို့မဟုတ် နှာခေါင်းစည်းလေး တစ်ခု၊ လက်အိတ်လေး တစ်ခုကြောင့် နောက်ထပ် လူပေါင်းများစွာဆီသို့ ရောဂါပိုး မကူးစက်နိုင်စေရန် ရောဂါကာကွယ်ရေးသုံးပစ္စည်း အဟောင်းများကို စနစ်တကျ စွန့်ပစ်နိုင်ရန် အလွန်ဂရုစိုက်ရမည်”**

မိမိနေအိမ်မှ ပြင်ပသို့ မဖြစ်မနေထွက်ကြရသည့်သူများအားလုံး နှာခေါင်းစည်း တပ်ကြရမည်ဖြစ်သည်။ လိုအပ်ပါက လက်အိတ်များပါ စွပ်ထားကြရမည်ဖြစ်သည်။

အပြင်မှ ပြန်လာပါကလည်း မိမိအိမ်ထဲသို့ မဝင်မီ နှာခေါင်းစည်း၊ လက်အိတ်တို့ကို ချွတ်၍ စနစ်တကျထုပ်စည်းပြီး အမှိုက်ပုံးထဲသို့ ထည့်ရမည်ဖြစ်သည်။ အမှိုက်ပုံးကိုလည်း အပေါ်မှ အဖုံးအအုပ်ဖြင့် ထားရှိရမည်ဖြစ်သည်။ ထို့အပြင် မိမိဝတ်ဆင်သွားခဲ့သော အင်္ကျီ အဝတ်အစားများကိုပါ တစ်ပါတည်းချွတ်၍ လျှော်ရန်အတွက် ပုံးထဲတွင် ဆပ်ပြာရည်ဖြင့် စိမ်ထားရမည်ဖြစ်ပေသည်။

ယခုဖြစ်ပေါ်နေသော ရောဂါပိုးမှာ အဝတ်အထည်များ၏ မျက်နှာပြင်တွင် ကောင်းစွာ တွယ်ကပ်နေတတ်ပြီး အချိန် သုံးနာရီကြာ ရှင်သန်နိုင်ကာ သစ်သားနှင့်ကြေးတွင် လေးနာရီကြာ၊ ကြောင်အိမ်များတွင် ၂၄ နာရီကြာ၊ သံနှင့်သတ္တုတွင် ၄၂ နာရီကြာ၊ ပလတ်စတစ်ပေါ်တွင် ၇၂ နာရီကြာ ရှင်သန်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မေပြီ ၁၈ ရက် နံနက် ၁၀ နာရီထုတ်ပြန်ချက်အရ ရောဂါပိုးကူးစက်ခံရသူပေါင်း ၉၄ ဦးရှိလာခဲ့ပြီး ထိုအထဲတွင် စီးပွားရေးမြို့တော်ကြီးမှ အများဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း၌မူ ဗိုလ်တထောင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အလုံမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ တာမွေမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ လှည်းကူးမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ပုဇွန်တောင် မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ၁၇ မြို့နယ်တွင် ၇၆ ဦးအထိ ကူးစက်ခံထားရပြီး လေးဦးမှာ သေဆုံးခဲ့ရသည်။

### ရောဂါပိုးတွေ့ရှိမှုပိုများပြားလာ

စတွေ့စဉ်ကကဲ့သို့ ပြည်တော်ပြန်များသာ မဟုတ်တော့ပေ။ ပြည်တွင်း၌ ၎င်းတို့နှင့် ထိတွေ့ဆက်ဆံရသူများပါ ဆင့်ပွားဖြစ်ပေါ်လျက်ရှိနေသည်ကို တွေ့ရသည်။ တစ်နေ့ထက်တစ်နေ့ ရောဂါပိုးတွေ့ရှိမှုပိုများပြားလာပြီဟု မှတ်ချက်ပြုရမည် ဖြစ်သည်။

ရန်ကုန်မြို့တွင် စောင့်ကြည့်နေရာဌာနများစွာရှိသည်။ အချို့တစ်မြို့နယ်တည်းတွင်ပင် နှစ်နေရာမျှရှိနေသည်ဟု သိရသည်။ အချို့လူနေရပ်ကွက်၊ လူနေပတ်ဝန်းကျင်နှင့် နီးစပ်နေသည့်အတွက်(အချို့ထားရှိရာ ကျောင်းများသည် သူ့အဝန်းအဝိုင်းနှင့် ဆိုသော်လည်း ထိုအဝန်းအဝိုင်းထဲတွင် ဝန်ထမ်းနေအိမ်များ အချို့ရှိနေတတ်သည်။ ရပ်ကွက်လူနေအိမ်များနှင့် လမ်းတစ်လမ်းသာခြားသည်။)

သို့အတွက် ကန့်သတ်နယ်မြေအဖြစ် စည်းခြားထားသည်။ ကြိုးများတားထားသည်ကို တွေ့ရသည်။

စောင့်ကြည့်ခံရသူများကို ပထမပိုင်း၌ ၁၄ ရက်စောင့်ကြည့်ပြီး ရောဂါပိုးမတွေ့ပါက မိမိနေအိမ်သို့ ပြန်ခွင့်ပေးခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ထို ၁၄ ရက်နှင့် မလုံလောက်တော့သည်ကိုတွေ့ရှိလာရသည့်အတွက် ၂၁ ရက်အထိ တိုးမြှင့်ရပြီဖြစ်သည်။

### အလွန်အရေးပါ

စောင့်ကြည့်ဌာနများမှ ထွက်ရှိလာသော စားကြွင်းစားကျန်၊ အခြားအမှိုက်များကို စနစ်တကျ သိမ်းဆည်းရေးမှာ အလွန်



အရေးပါသော ဆောင်ရွက်မှုတစ်ရပ် ဖြစ်လာခဲ့ပြီဖြစ်သည်။

ရန်ကုန်မြို့ကြီးမှာ စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ လူဦးရေများပြားခြင်း၊ လုပ်ငန်းများ များပြားခြင်းတို့ကြောင့် ထွက်ရှိမှုအမှိုက်မှာလည်း များပြားလှသည်။ နေ့စဉ်အမှိုက်တန်ချိန် ၂၅၀၀ နီးပါးခန့်ကို သိမ်းဆည်းပေးနေရကြောင်း သိရသည်။

ဤကား ပုံမှန်အခြေအနေ အမှိုက်ရှိမှုဖြစ်သည်။ ရောဂါဆိုးအတွက်အန္တရာယ်များစွာ မရှိနိုင်ပေ။ ယခုအခါ ထိုအမှိုက်များထဲတွင် ရောဂါကာကွယ်ရေးသုံး နှာခေါင်းစည်း၊ လက်အိတ်စသည်တို့ ပါဝင်လာပြီ ဖြစ်သည်။ လမ်းသွားလမ်းလာလျက် အချို့က အလျဉ်းသင့်ရာ အမှိုက်ပုံးထဲသို့ ထည့်သွားကြသည်။ အချို့က စနစ်တကျအမှိုက်ပုံးထဲသို့ ရောက်ရှိအောင် ထည့်သွားသကဲ့သို့ အချို့က ခပ်လှမ်းလှမ်းမှနေ၍ ပစ်ထည့်သွားတတ်ကြသည်။ အမှိုက်ပုံးထဲသို့ ရောက်သည်လည်း ရှိသည်။ အမှိုက်ပုံးထဲသို့မရောက်ဘဲ အမှိုက်ပုံးဘေးတွင် ကျနေသည်လည်း ရှိသည်။

အချို့က အမှိုက်ပုံးအဖုံးပေါ်တွင် လွယ်လင့်တကူ တင်သွားတတ်သည်။

ထို့ထက်ဆိုးသည်မှာ အများသူငါ လက်ဆေးကြောရန် ထားပေးသည့် လက်ဆေးကန်တွင် နှာခေါင်းစည်း၊ လက်အိတ်တို့ကို ချွတ်၍တင်ထားပြီး လက်ဆေးကာ ပြန်သွားတတ်ကြခြင်းပင်ဖြစ်သည်။ စေတနာများသည် အရာမထင်နိုင်တော့ပေ။

ဤသို့ဖြင့် အမှိုက်ပုံးထဲသို့ မရောက်ခဲ့သော ရောဂါပိုး အကာအကွယ်ပစ္စည်းတို့ကား အမှိုက်ပုံးနေရာမှသည်၊ လက်ဆေးကန်မှသည် လေအဝှေ့ဝယ် လမ်းမများဆီသို့ ရောက်ရှိလာခဲ့ပြီး လမ်းသွားလမ်းလာများ အကြားတွင် လွင့်ပါးနေမှုက စိုးရိမ်စရာကောင်းလှပေသည်။

ဤနေရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအောက်ရှိ အဓိက သန့်ရှင်းရေးဌာနသည် ရန်ကုန်မြို့ကြီး အတွင်း ရောဂါပိုး မပြန့်ပွားရေးအတွက် ရှေ့တန်းသို့ရောက်ရှိလာသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာသည်ကို တွေ့ရသည်။

### အမှိုက်တစ်စ ကျကျန်၍ မဖြစ်နိုင်ပေ

ယခင်ကကဲ့သို့ လက်တွန်းလှည်းဖြင့် သိမ်းဆည်းပြီး လေသင့်ရာတွင်လွင့်ပါ၍မရပေ။ လမ်းတွင် ၎င်းတို့၏ အမှိုက်တစ်စ ကျကျန်၍ မဖြစ်နိုင်ပေ။ အမှိုက်လေးတစ်စမှအစ စနစ်တကျ ထည့်သွင်းချည်နှောင်၍ လုံခြုံသော ယာဉ်ဖြင့် သတ်မှတ်နေရာအထိ သယ်ယူပို့ဆောင်ပေးရမည်ဖြစ်သည်။

သယ်ယူရာ၌ အခြားသူများဆီသို့ မကူးစက်နိုင်စေရေးအပြင် မိမိကိုယ်ကိုလည်း မကူးစက်နိုင်အောင် အထူးသတိထားကာကွယ်ကြရမည်ဖြစ်ပေသည်။သတ်မှတ်ထားသော (ပေးထားသောဝတ်စုံ၊ လက်အိတ်၊ နှာခေါင်းစည်း စသည်တို့) ပြည့်ပြည့်စုံစုံ လုံလုံခြုံခြုံဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

### စနစ်တကျလေ့ကျင့်ပေးထား

ယင်းသို့ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က “ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး ရန်ကုန် အသွားအလာကန့်သတ်စောင့်ကြည့်နေရာတွေက ထွက်ရှိလာတဲ့ စွန့်ပစ်အမှိုက်တွေကို သိမ်းဆည်းဖို့ အတွက် အထူးအဖွဲ့ ဖွဲ့ထားပါတယ်။ ခရိုင်အလိုက် ပြင်ဆင်မှုတွေနဲ့အတူ သိမ်းဆည်းပေးနေပါတယ်။ အသွားအလာကန့်သတ်စောင့်ကြည့်နေရာတွေက ထွက်ရှိတဲ့ အမှိုက်ကိုသိမ်းဖို့ သန့်ရှင်းရေးဝန်ထမ်းတွေကို စနစ်တကျလေ့ကျင့်ပေးထားပြီးဖြစ်ပါတယ်” ဟု ဆိုထားသည်။

အသွားအလာ ကန့်သတ်စောင့်ကြည့်နေရာမှ ထွက်ရှိလာသော အမှိုက်များကို အိတ်အတွင်းသို့ စနစ်တကျထည့်၍ လုံခြုံစွာ ချည်နှောင်ထားရမည် ဖြစ်သည်။ အကယ်၍ လူတစ်ယောက်တည်း မသယ်နိုင်သည့် အမှိုက်ထုပ်ဖြစ်ပါက လူသွားလူလာမရှိသော အနီးဆုံးနေရာတွင် သီးသန့်ခေတ္တခဏ သော်လည်းကောင်း၊ အမှိုက်ပုံးကြီးများတွင် ထည့်ပြီး ဆေးဖျန်း၍ အဖုံးအကာနှင့် ထားရမည်ဖြစ်သည်။ ထို့နောက်ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများ စနစ်တကျ လာရောက်သိမ်းဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တွင် လက်ရှိအသွားအလာကန့်သတ်စောင့်ကြည့်နေရာ ၂၀ ခန့်ကို လိုက်လံသိမ်းဆည်းပေးလျက် ရှိနေပြီး ယင်းသို့သိမ်းဆည်းပေးခဲ့သည့် သန့်ရှင်းရေးဝန်ထမ်းများကို အသွားအလာကန့်သတ်စောင့်ကြည့်နေရာသို့ ဝင်ရန် ညွှန်ကြားထားမှုများရှိကြောင်း သိရသည်။

### ပျံ့နှံ့ကူးစက်ရန် အလွယ်ကူဆုံး

ယနေ့အချိန်သည် ပြည်သူများအားလုံးအတွက်၊ တစ်နိုင်ငံလုံးအတွက် အရေးကြီးသော ကာလသို့ ရောက်ရှိနေချိန် ဖြစ်သည်။ အထက်ကဆိုသကဲ့သို့ ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ ရန်ကုန်က အများဆုံးဖြစ်နေသည်ကို တွေ့လာရသည်။ ထို့အတူ ရန်ကုန်သည် လူဦးရေအများဆုံးဖြစ်သည်။ နေထိုင်မှုသိပ်သည်းသော ရပ်ဝန်းဖြစ်သည်။ ထို့ကြောင့် ပျံ့နှံ့ကူးစက်ရန် အလွယ်ကူဆုံးလည်း ဖြစ်သည်။

သို့သော် ရောဂါပိုးကူးစက်မှုကို ဟန့်တားနိုင်ရန်အတွက် လူချင်းထိတွေ့မှု ကွာဟနေသော်လည်း စိတ်သဘောချင်းမှာ နီးလျက် တစ်စိတ်တည်း တစ်ဝမ်းတည်း ရှိနေကြသည်သာ ဖြစ်ပါသည်။

သို့အတွက် မိမိတပ်ဆင်ပြီးအမှတ်တမဲ့ စည်းကမ်းမဲ့စွာ လွှင့်ပစ်ခဲ့သော ရောဂါကာကွယ်ရေးအမှိုက်တစ်စ သို့မဟုတ် နှာခေါင်းစည်းလေး တစ်ခု ၊ လက်အိတ်လေး တစ်ခုကြောင့် နောက်ထပ် လူပေါင်းများစွာဆီသို့ ရောဂါပိုး မကူးစက်နိုင်စေရန် ရောဂါကာကွယ်ရေးသုံး ပစ္စည်းအဟောင်းများကို စနစ်တကျ စွန့်ပစ်နိုင်ရန် အလွန်ဂရုစိုက်ရမည် ဖြစ်သည့်အတွက် သတိပေးရေးသားလိုက်ရပါသည်။ ။



စွန့်ပစ်အမှိုက်များကို ကာကွယ်ရေးဝတ်စုံပြည့်ဖြင့် စနစ်တကျသိမ်းဆည်းစဉ်။ ဓာတ်ပုံ - ဒေါက်တာအောင်မြင့်မော်